
www.burmeseclassic.com

သစ္စာမွန်စာပေ

အချစ်နဲ့စွန့်စားခန်း လုံးချင်းဝတ္ထုသန့်သန့်

# ရွှေဘဝင်

ဇွန်မိုးစက်ပွင့်



www.burmeseclassic.com

www.burmeseclassic.com

သစ္စာမွန်စာပေတိုက်

၂၀၁၊ ဒုတိယထပ်၊ (၃၂)လမ်းအထက်

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ - ၅၄၁၄၂၀

# ရွှေတာဝဓီ

ဖွန်မိုးစက်ပွင့်

(အချစ်နှင့် စွန့်စားခန်းဆုံးချင်းဝတ္ထုအသန်သန်)

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၅ခုနှစ်၊ဩဂုတ်လ၊ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၁၀၀) ကျပ် |
| ထုတ်ဝေသူ | - | ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃)<br>အမှတ်(၃၈)၊ မလွှကုန်းလမ်း<br>ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဦးသက်လွင် (၀၀၆၅၁)<br>သစ္စာမွန်ပုံနှိပ်တိုက်၊အမှတ် (၁၀၆)၊<br>တာမွေလမ်း တာမွေကြီး(က+ဂ)ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - | Lလင်း |
| တွန်ရှုတာ | - | ဝန်းအိမ် |
| ဖြန့်ချိရေး | - | တူးတူး (သစ္စာမွန်) |
| အတွင်းသရုပ် | - | ကိုအောင်ကျော် |
| တာအုပ်ချုပ် | - | သစ္စာမွန် |

သစ္စာမွန် (T.S.M) **Publishing Centre** မှ တာဝန်ယူစီစဉ်ပါသည်။

| |
|---|
| ၈၉၅.၈၃ |
| ရွှေဘဝင် |
| ဖွန်မိုးဝက်ပွင့်/ရွှေဘဝင်၊ -ရန်ကုန် |
| သစ္စာမွန်စာပေ၊ ၂၀၁၅။ |
| ၂၀၆ - စာ၊ ၁၂ × ၁၈ စင်တီ၊ |
| (၁) ဖွန်မိုးဝက်ပွင့် |


BURMESE CLASSIC

## အမှာစာ

နွေ့၏ပုပြင်းသော ဒဏ်ရာဒဏ်ချက်များနှင့် ဖြတ်သန်းနေရသော ကာလလေးတစ်ခုအတွက် မိုးစက်ကလေးတွေက လောကမြေပြင်သို့ သက်ဆင်းဖို့အတွက် ပြင်ဆင်နေပြီလို့ ဆိုရမည်၊ ဖွန်လကလေးကိုရောက်ရှိခဲ့ပြီ..ဆိုရမည်။

ပေါင်းနွမ်းမှုတွေကို သစ်လွင်ဖို့အတွက် ကြိုးစားနေသော ပဒေသရာဇ်လက်ကျန် ကောရာဇ်စံအိမ်ကြီးဆီမှာတော့ မျိုးဆက်သစ်မွေ့အနှစ်တွေအတွက် ဆက်လက်ပြီး စိုးမိုးနိုင်ရန် ကြိုးစားနေဆဲ...။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မျက်တန်းအတွင်းကြီးမှုတွေကို ပကာသန နေအရှိန်အဝါတို့နှင့် ရျပ်ကိုင်လျက်– တော်ဝင် လူတန်းစားတို့၏ သခင်နှင့်ကျွန်ဟူသော ဝါဒအောက်တွင် ဖွန်လာ၏မိုးစက် သခင်မလေးတစ်ဦး လူ့လောကကြီးဆီသို့ တောင်ပြီးရောက်ခဲ့ပြီမဟုတ်လား။

"မယ်ညို့… မယ်ညို့…"

"ရှင်… သခင်မကြီး"

မာကျောစက်ထန်လှသော မျက်နှာနှင့် ပဒေသရာဇ်အရှင်သခင်တစ်ယောက်၏ အသံဩဇာနှင့်ပြည့်စုံပြင်းထန်လှသော ခေါ်သံကြောင့် အိမ်စေမယ်ညိုတစ်ယောက် တုန်ယင်၍ကြောက်ရွံ့နေသော အသံ မျက်နှာလေးနှင့်အပြေးကလေးရောက်လာခဲ့သည်၊

သခင်မကြီးဆိုသူကတော့ ကေရာဇ်စံအိမ်ကြီး၏ မဟာကေရာဇ်ရာထူးကြီးကိုယာယီဆက်ခံထားသူ ထိပ်တင်ဒေဝီပင်ဖြစ်၏။

"စောကလျာသျှင်… ဘာလေးမွေးတာလဲ"

"မို့…ဟို…သ…သမီး…လေးပါ… သ… သခင်မကြီး"

"ဘာ…"





သခင်မကြီးထိပ်တင်ဒေဝီ နားထဲသို့ ကြောက်မက်ဖွယ်ကောင်းသော မိုးကြိုးပစ်သံကြီးတစ်ခုကိုကြားလိုက်ရသလို…

"မယ်…ညို့… ငါ့ ကို ပြန်ပြောစမ်း… ပြန်ပြီးပြောစမ်း… နင်ခုပြောနေတာ မဟုတ်ဘူးမဟုတ်လား"

"ကျွန်တော်မျိုးမ… မညာဝံ့ပါဘူး"

"မကြားချင်ဘူး… မပြောနဲ့တော့"

"ဝုန်း…"

ထိပ်တင်ဒေဝီ တစ်ယောက် သူ၏ ဒေါသတွေကို ထိန်းချုပ်နိုင်စွမ်းမရှိတော့ဘဲ မိမိရှေ့မှ စားပွဲကို တွန်းလှပ်လိုက်တော့သည်၊

"စောကလျာသျှင်… မိန်းကလေးမွေးတာ ဘယ်လိုမှ အဖြစ်မခံနိုင်ဘူး… မယ်ညို့… နင် ဘာမှ ကို အသုံးမကျတဲ့ မိန်းမပဲ"

ဓားသွားညှိ[illegible]အာနက်ကျမ်းတော်မြတ်[illegible]ကြိမ်ဖျက်ဆီးရန်ကြိုးစားခဲ့ပေမဲ့အောင်မြင်ခြင်းမရှိဘဲ ခုဆိုထိပ်တင်ဒေဝီ မမြင်ချင်၊ မကြားချင်သော လူသားတစ်ဦး လူ့လောကကြီးထဲကို ရောက်ခဲ့ပြီမဟုတ်လား။

www.burmeseclassic.com



"ဒေါက်တာ မှုခမ်းကို ခုခေါ်စမ်း…အိုက်တူ…ဘယ်မှာလဲ"

"ရှိ…ရှိပါတယ် သခင်မကြီး"

"ဒေါက်တာမှုခမ်းကို ငါ့ဆီ အမြန် လုံးခေါ်ခဲ့၊ ဘာကိစ္စတွေရှိရှိ လိုက်ခဲ့လို့ ပြောလိုက်"

"ဟုတ်…ဟုတ်ကဲ့ပါ"

အိုက်တူ ခပ်ကုပ်ကုပ်လေး ပြန်ပြီးထွက်သွားပြီးနောက်…

"မယ်ညို…ခု ဟိုကောင်မ နားမှာ ဘယ်သူတွေရှိနေလဲ"

"သခင်လေး…စိုင်းစံဖ…တို့ရှိနေပါတယ်"

"တယ်…စိုင်းစံဖ…သူ…သူက…ဘာသွားလုပ်နေတာလဲ၊ သွားပြီးခေါ်စမ်း"

"ဟုတ်ကဲ့"

ထိပ်တင်ဒေဝီ တစ်ယောက် ကေရာဇ်စံအိမ်ကြီး၏ အပေါ်ထပ် ဧည့်ခန်းဆောင်ကြီးတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်းမကျေနပ်မှုတွေနှင့် မောပန်းနေလေတော့သည်။

"နတ်ဘုရားတွေက ဘာလို့ စောကလျာသျှင်ကို ကူညီပေး





ကြရတာလဲ၊ မတရားလိုက်တာ၊ ခုကိစ္စကို ငါလျစ်လျူရှုထားလို့မဖြစ်နိုင်ဘူး၊ ငါ ဘာလုပ်ရမလဲ၊ ကေရာဇ်စံအိမ်ကြီးမှာ ထိပ်တင်ဒေဝီကို အားပြိုင်မယ့်လူ မရှိစေရဘူး၊ ဒီကလေးကို အသက်ရှင်ခွင့်မပေးနိုင်ဘူး"

"သခင်မကြီး၊ သခင်လေး ရောက်ပါပြီ"

"မယ်ညို…နင်သွားတော့"

စိုင်းစံဖ တစ်ယောက် ထိပ်တင်ဒေဝီရှေ့တွင် မတ်တတ်ရပ်လျက် အစ်မဖြစ် သူ ဘာတွေပြောမည်ကို နားစွင့်နေသည်၊ သူ သိနေသည်မှာ အစ်မကြီးထံက ကောင်းသောစကားကို ကြားရမည်မဟုတ်ဘူးဆိုတာကိုပင်

"စိုင်းစံဖ… ထိုင်ဦး"

ထိပ်တင်ဒေဝီနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ပြီးနောက် ထိပ်တင်ဒေဝီ… စိုင်းစံဖ မျက်နှာကို စေ့စေ့ကလေးကြည့်ပြီး စကားမဆိုဘဲ နေလိုက်သည်။

"မမကြီး ကျွန်တော့်ကို ဘာပြောစရာများ ရှိလို့ပါ"



www.burmeseclassic.com

"ငါဘာပြောမယ်ဆိုတာ..မင်းသိနေမှာပါ"

"မမကြီး ဘာတွေလုပ်ဖို့ စိတ်ကူးထားလို့လဲ"

"ငါစိတ်ကူးထားတာ မဟုတ်ဘူး စိုင်းစံဖ၊ ကောရာဇ်စံအိမ်ကြီး အတွက် လုပ်သင့်တာကိုလုပ်ရမှာ၊ ငါတို့ ဘိုးဘွားမျိုးရိုးဂုဏ်တွေကို ဆက်ပြီး တည်တံ့နိုင်အောင်အတွက် ငါမှာ သနားငဲ့ညှာနိုင်မှာမဟုတ်ဘူး"

"မမကြီး..."

"မင်း ငါ့ကိုဘာမှ နားချစကားတွေ မပြောနဲ့တော့ စိုင်းစံဖ... ကောရာဇ်စံအိမ်ကြီးဟာ တော်ဝင်နန်းဂုဏ်တွေရဲ့ထာဝရဝိညာဉ်တွေနဲ့ ရှင်သန်နေတယ်ဆိုတာ နင် သဘောပေါက်ထား"

"မမကြီးမပြောနဲ့ ဆိုပေမဲ့ ကျွန်တော်ကတော့ ပြောနေရဦးမှာပဲ၊ မမကြီး...ယနေ့ခေတ်မှာ စနစ်တွေ ခေတ်တွေ အရှိန်းတိုးတက် ပြောင်းလဲနေပါပြီ၊ ဒါတွေကို မမကြီး မသိကျိုးကျွန်ပြုလို့မရဘူး၊ သူ့ ခေတ် သူ့စနစ်နဲ့ လိုက်လျောညီထွေနေထိုင်သင့်နေပြီ"

"စိုင်းစံဖ... နင်...နင်က ဖောက်ပြန်ရေးသမား၊ ငါတို့ကောရာဇ်





ဂုဏ်ကြီးကို မှေးမှိန်အောင် လုပ်နေတဲ့သူပဲ"

"မမကြီး မှားနေပြီ.. လူသားတွေရဲ့ဘဝဟာ သခင်နဲ့ကျွန်ဆို တဲ့ ခေတ်နောက်ပြန်အယူအဆတွေကို ကျင့်သုံးနေလို့မရတော့ဘူး"

"တော်...တိတ်စမ်း... ငါ့ကို မင်းရဲ့အတွေးအခေါ်တွေကိုပြော မနေနဲ့၊ ဘာမှ မကြားချင်ဘူး၊ ခု မင်းကို ခေါ်တာ မင်းဆီက စကားတွေ ကိုကြားချင်လို့ခေါ်တာမဟုတ်ဘူး၊ ငါပြောမယ့်စကားကိုပဲနားထောင်"

"ဟင်.."

စိုင်းစံဖ တစ်ယောက် အတ္တမျက်ကန်းဖြစ်နေသော အစ်မ ကြီးအတွက် ရင်ထဲမှာ မွန်းကျပ်စွာနင့်ပဲ သက်ပြင်းချလိုက်ရင်း ထိပ်တင်ခေဒီ စကားကို နားထောင်နေလိုက်သည်။

"မင်းကို တခြားကိစ္စတွေကို ငါ ဘာမှမပြောချင်ဘူး၊ အရေး ကြီးဆုံး ကိစ္စကတော့ ငါလုပ်မယ့်အလုပ်ထဲမှာ မင်းဘာမှ ဝင်မပါဘဲ မသိချင်ယောင်ဆောင်နေပါ"

"မ...မကြီး.. မရီးတော်ကို ဘာလုပ်မှာလဲ"

"နင် သိဖို့မလိုဘူး၊ မင်းသိထားရမှာက မင်းဝင်မပါဖို့ဘဲ၊



www.burmeseclassic.com

www.burmeseclassic.com



အရှင်းဆုံးပြောမယ်၊ မင်း စောကလျာသျှင်ဘက်က ဝင်ပြီးမပါနဲ့ပဲ"

"မဖြစ်နိုင်ဘူး မမကြီး"

"မင်းက ဘာကိုမဖြစ်နိုင်တာလဲ"

"မရီးတော် အသက်အန္တရာယ် ကျမယ့်ကိစ္စတွေကိုတော့ ကျွန်တော် မသိကျိုးကျွန်မပြုနိုင်ဘူး...အစ်ကိုတော်ကြီး လူ့လောကမှာ မရှိတော့တာနဲ့ မရီးတော်ဟာ အကာအကွယ်မဲ့သွားတဲ့ လူသားတစ်ဦး ဖြစ်ရမယ်ဆိုတာဟာ..ဘယ်လိုမှ လက်စံလို့မရနိုင်တဲ့ကိစ္စတစ်ခုပါ မမကြီး"

"ကောင်းပြီ... မင်းက စောကလျာသျှင်ကို ဘာအန္တရာယ်မှ မကျရောက်စေချင်ဘူး မဟုတ်လား၊ မဖြစ်စေရဘူး...ဒါပေမဲ့"

ထိပ်တင်ဒေဝီ စကားကို ဆက်ပြီးမပြောသေးဘဲ ပြတင်းပေါက်မှ လှမ်းပြီးမြင်နေရသော တိမ်တိုက်တွေကိုလှမ်းကြည့်ပြီးမှ...

"စောကလျာသျှင်မွေးဖွားခဲ့တဲ့ ကလေးကိုတော့ အသက်ရှင်ခွင့် မပြုနိုင်ဘူး"

"ဟင်..မ...မ...ကြီး..ဒါ...ဒါ...ဥပဒေမဲ့ လုပ်ရပ်တစ်ခုနော်"





"ဟားဟားဟား..... ကောရာဇ်စံအိမ်ကြီးမှာ ဥပဒေဆိုတာ ငါ့ အမိန့်တွေပဲ"

"မမကြီး.."

"တော်..တိတ်တော့၊ ငါထပ်ပြီး စကားတွေပြောစရာမရှိတော့ဘူး။ မင်းသိသင့်တာကို သိပြီးရင် မင်းဘာလုပ်ရမယ်ဆိုတာပဲ ခေါင်းထဲ ကိုထည့်ထားတော့၊ မင်း သွားနိုင်ပြီ"

ဝိုင်းစံဖထိုင်နေရာမှ ထရပ်လိုက်ပြီး စကားပြောဖို့ပြင်ဆင်ပြီးမှ ဘယ်လိုမှ ညှိနှိုင်းတားမြစ်လို့မရနိုင်သော အစ်မကြီးအတွက် စကားလုံးတွေမှာ အရာရောက်မည်မဟုတ်သဖြင့် ကျောခိုင်းပြီးဆင်းလာခဲ့တော့သည်။

ကောရာဇ်စံအိမ်ကြီးတွင် ရက်စက်ကြမ်းကြုတ်မှုကြီးတစ်ခုမှာ မကြာခင် ဖြစ်ပေါ်လာမှာကို တွေးမိပြီး ရင်ထဲမှာ မရီးဖြစ်သူ စောကလျာသျှင် အတွက် ပူပန်မှုတွေ မီးတောက်မီးလျှံပမာ ဖြစ်သွားတော့သည်။

ခြံဝန်းကြီးထဲသို့ ရောက်ပြီး မရီးတော် စောကလျာသျှင် နေ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်သောအဆောင်ဘက်သို့လျှောက်လာခဲ့သည်။ ထိုအချိန်တွင် ခြံဝန်းကြီးထဲသို့ကားတစ်စီးမောင်းဝင်လာသည်ကိုတွေ့လိုက်ရသည်။

"ဗူး...ကျို..."

"စိုင်း..."

စိုင်းစံဖ နားတွင် ကားကလေးရပ်ပြီးခေါ်လိုက်သူကတော့ ဒေါက်တာမှုစမ်းပင်ဖြစ်သည်။

ဒေါက်တာ မှုစမ်းမှာ အသက် (၁၅)နှစ်သားအရွယ်က တည်းကမိဘ နှစ်ပါးလုံးကွယ်လွန်သွားပြီး ကောရာဇ်စံအိမ်ကြီး၏ အကြီးအကဲဖြစ် သူ စိုင်းလျံဘွားမှ ခေါ်ယူမွေးထောင်ပေးခဲ့၍ ခုလို ဆရာဝန် တစ်ယောက် ဘဝသို့ရောက်ခဲ့သူဖြစ်သည်။

ဒေါက်တာမှုစမ်းမှာအစ်ကိုအဖြစ်ရောဖခင်တစ်ယောက်လို ကျေးဇူးတရားရှိခဲ့သော အစ်ကိုကြီးစိုင်းလျံဘွားကတော့ နှလုံးရောဂါ ဖြင့်ကွယ်လွန်ခဲ့သည်မှာ တစ်နှစ်ပင်မပြည့်သေးပါ။ အစ်ကိုကြီးဆုံးပါး တော့ တူမတော်လေးကို မရီးဖြစ်သူ စောကလျာသျှင် စတင်ပြီး ကိုယ်ဝန်လွယ်ထားပြီးဖြစ်သည်။





ဒေါက်တာမှုစမ်းအတွက် ကျေးဇူးတရားကြီးမားသော ကောရာဇ်စံအိမ်ကြီးတွင် အစ်ကိုကြီး စိုင်းလျံဘွားမ ရှိတော့ပေမဲ့ ထိပ်တင်ခေဝီ၏ ဩဇာအမိန့်တွေကိုမလွန်ဆန်ဝံ့ခဲ့ပေ။

"မှုစမ်း...မင်း...မမကြီးဆီလာတာလား"

"ဟုတ်တယ်စိုင်း...ခေါ်နိုင်းလိုက်လို့လာခဲ့ရတာ"

"ဘာကြောင့်ခေါ်နိုင်းတယ်ဆိုတာကိုရော မင်းသိလား မှုစမ်း"

"ဓါသခေဘာပေါက်ပါတယ်စိုင်းရေ၊အစ်မတော်စောကလျာသျှင် ဗိန်းကလေးမွေးတဲ့ပေါ်မှာ ငါ့ကို အပြစ်တစ်ခုခု ပေးချင်လို့ခေါ်တာဖြစ်မှာပါ"

"မှုစမ်း... ဒီကိစ္စမှာ မင်း အပြစ်ဘာမှမရှိဘူး"

"ငါ့မှာ အပြစ်ရှိတယ် စိုင်း..."

"ဟင်...မင်း...မင်း ဘာအမှားကျူးလွန်ခဲ့လို့လဲ"

"ငါ...မမကြီးကိုလိမ်ညာခဲ့တယ်"

"ဘာ..."



www.burmeseclassic.com

www.burmeseclassic.com



"အစ်မတော်သျှင်ကို ခေတ်မှန်ရိုက်ပြီး "မိန်းကလေး၊ ယောက်ျားလေးဆိုတာ ခွဲခြားနိုင်းတုန်းက ငါ့မကြီးကို ခေတ်မှန်အတု နဲ့ ယောက်ျားလေးပါဆိုပြီး ညာခဲ့တယ်"

"မှုခမ်း..."

"မကြီး ဘယ်လိုပဲ အပြစ်တင်တင်ကွာ ငါကျေနပ်ပါတယ်၊ အစ်ကိုကြီး သိပ်ပြီးဖြစ်စေချင်တဲ့ဆန္ဒလေးတစ်ခုကို ဖြစ်သွားလို့ပဲ စိုင်း၊ ထားလိုက်ပါကွာ၊ ငါသွားမယ်"

"မှုခမ်း..."

"မင်းဘာပြောချင်သလဲဆိုတာ ငါသိနေပါတယ်၊ အစ်မတော်ကို ဘေးဒုက္ခရောက်စေမယ့်ကိစ္စမျိုးကို မကြီး ဘယ်လိုပဲနိုင်းနိုင်း ငါ မလုပ်ဘူးဆိုတာ မင်းယုံပါစိုင်း..."

"ဝူး..."

ဒေါက်တာမှုခမ်း ကားကလေးမောင်းထွက်သွားလေတော့သည်။



# အခန်း (၁)

ဒေါက်တာမှုခမ်း ရှိန်းဆိုထားသော ဟိုတယ်သို့ စိုင်းစံဖ ကားကလေးဖြင့် ရောက်လာခြင်းပင်ဖြစ်၏။ ဟိုတယ်ကားပါကင်တွင် ကားတလေးရပ်ပြီး ဟိုတယ်ထဲသို့မဝင်ခင် ပတ်ဝန်းကျင်အခြေအနေကို မျက်လုံးတစ်ချက်ဖော့ကာစားပြီးမှ ဟိုတယ်ထဲသို့ဝင်ခဲ့သည်။

ထိပ်တင်ဒေဝီတစ်ယောက် စိုင်းစံဖ သွားလာလှုပ်ရှားမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို မျက်ခြည်ပြတ် မခံဘဲ စောင့်ကြည့်နေခြင်းကြောင့် သွားလာမှုတွေကို မျက်စိရှင်ရှင် နားရှင်ရှင်နှင့် လှုပ်ရှားနေရသည်။

မမကြီး ထိပ်တင်ခေဝီသည် သူ့အတ္တတစ်ခုကလွဲရင် ဘာမှ အလေးထားသူ၊ စာနာတတ်သူတစ်ယောက်မဟုတ်။ သူ့နှလုံးသားတွင် ဆွေးရင်းသားရင်းဆိုတာ မရှိပေ။

ဟိုတယ်ထဲသို့ရောက်မှ ဒေါက်တာမှုစမ်းထံမှ သူ့ဟန်းဖုန်းကို လှမ်းခေါ်ပြီး တက်လာရမည့်အခန်းဆီသို့ ခေါ်လိုက်သည်။

ဟိုတယ်အပေါ်ဆုံးထပ် သီးသန့်အခန်းပင်ဖြစ်သည်။

"စိုင်း...လာကွာ"

အခန်းထဲသို့ ဝင်လိုက်သည်နှင့်ဒေါက်တာမှုစမ်းမှ ဆီးကြိုလိုက်သည်။

"မင်းရောက်နေတာ ကြာပြီလား"

"သိပ်ပြီး မကြာသေးပါဘူး"

"မှုစမ်း...မင်းပတ်ဝန်းကျင်အနေအထားရော အကဲခတ်ခဲ့ရဲ့လား"





"ဒီအတွက် လစ်လပ်မှုမရှိအောင် ပြင်ဆင်ပြီးမှ မင်းနဲ့တွေ့နိုင်အောင် စီစဉ်ခဲ့ရတာ၊ မမကြီးဘက်က မင်းနဲ့ငါ့ကို လုံးလုံးမျက်ခြည်ပြတ်မခံဘူးဆိုတာ ငါသိတယ်၊ တစ်မြို့လုံးမှာ သူ့ရဲ့ကြေးစားတွေကို နေရာအနှံ့မှာ ထားထားတာလေ...ငါတောင်...တောင်ကြီးဘက်ကိုခရီးထွက်မယ်ဆိုပြီး အထွက်ပြခဲ့ပြီးမှ ဒီနေရာကို လှည့်ပြီးဝင်ခဲ့ရတာ"

"မမကြီး ကောင်တွေ မင်းနောက်ကိုမလိုက်ဘူးလား"

"လိုက်တာပေါ့ကွာ၊ ဒါပေမဲ့ သူတို့လိုက်သွားတဲ့ ဒေါက်တာမှုစမ်း က ငါနဲ့ ရုပ်ခပ်ဆင်ဆင်တူတဲ့ စိုင်းကနက်လေ၊ အဝေးကနေကြည့်ရင်တော့ ဘယ်လိုမှ ခွဲမရဘူး၊ အထူးသဖြင့် ကားထဲမှာ ထိုင်နေတာဆိုရင် ပိုပြီးတော့တောင် ခွဲခြားလို့မရဘူး၊ သူတို့လိုက်လည်း တောင်ကြီးက ငါ့သူငယ်ချင်းခြံထဲထိ ဝင်လိုက်လို့မရပါဘူး။ အပြင်ကပဲ စောင့်ကြမှာ၊ ငါ့ကောင်ကို ငါ့ဘက်က ထွက်လာဖို့ပြောမှ ပြန်လာကြမှာလေ"

"မင်းစီစဉ်တာ သိပ်ပြီးကောင်းတယ်"

"ဒါနဲ့ မင်းကရော"



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ မိုင်းတွင်းဘက်က လုပ်ငန်းတွေကို သွားကြည့်မယ်ဆိုပြီး ထွက်ခဲ့တာလေ"

"မင်းနောက်ကိုလည်း လိုက်မှာပေါ့"

"မင်းနဲ့ငါက အကြံတူသလိုဖြစ်နေတယ်၊ မိုင်းတွင်းမှာ ငါနဲ့တူတဲ့ တစ်ယောက်ကို ဗိုလ်တဲမှာထား ခဲ့ပြီး အနောက်ဘက်ကနေ တခြားကားတစ်စီးနဲ့ထွက်လာခဲ့တာ၊ ကဲ.. ငါတို့ပြောစရာရှိတာတွေ ပြောကြရအောင်"

"မမကြီးကတော့ တူမတော်လေးကို မဖြစ်မနေ ရှင်းတော့မယ် ဗိုင်း.."

"ငါလည်း သိနေတယ် မှုခမ်း၊ သူ့ဘက်က ဘယ်လိုပုံစံမျိုးနဲ့ ရှင်းမလဲဆိုတာတော့ ခုထိတော့ မရိပ်မိသေးဘူး၊ မရီးတော် အဆောင်မှာတော့ ငါ့ကောင်တွေတော့ နေ့ည စောင့်ကြည့်နိုင်းထား တယ်၊ မင်းဘက်ကရော ဘယ်လိုသိထားလဲ"

"ငါသိထားတာကတော့ မမကြီးက သူ့ရဲ့လုပ်ရပ်ကို သဲလွန်စ မကျန်ရအောင် လုပ်မှာတော့ သေချာတယ်၊ ပိပိရိရိ အကွက်ချပြီးမှ





လုပ်မယ့်ပုံပဲကွ၊ ဘာကြောင့်လဲဆိုတော့ အစ်မတော် မိန်းကလေးမွေးတာကို နိုင်ငံခြားမှာရှိနေကြတဲ့ ဆွေတော်မျိုးတော်တွေအားလုံး သိထားကြပြီလေ၊ မမကြီးဘက်က မကောင်းကြံတာကို သိသွားတာနဲ့ အကြီးမားဆုံး ပြဿနာကို ကြုံရမှာ ဆိုတော့ ပေါ်ပေါ်တင်တင်တော့ လုပ်မှာမဟုတ်ဘူး၊ ဝါ့အထင်ကတော့ နိုင်ငံခြားမှာရှိနေကြတဲ့ ဆွေတော် မျိုးတော်တွေ ရောက်မလာခင် သူ ရှင်းမှာတော့သေချာတယ် ဗိုင်း.."

"ဦးရီးတော် ခွန်လျံတို့တွေက ရှေ့လထဲမှာ လာကြပြီး တူမတော်လေးကို ကေရာဇ်စံအိမ်ကြီးရဲ့သခင်မလေးအဖြစ် အသိအမှတ်ပြုကြမှာ၊ ဒီအထိ မမကြီးက စောင့်မှာတော့မဟုတ်ဘူး"

"ဟုး...ရှေ့လဆိုတော့ ကြားမှာ တစ်လနီးပါးပဲလိုတော့တယ် ဗိုင်း၊ မင်းနဲ့ငါ ဒီကြားထဲမှာ တူမတော်လေးကို ကာကွယ်ပေးနိုင်ဖို့ အရေးကြီးနေပြီ"

"မမကြီးဘက်က လှုပ်ရှားမှုတွေက သိပ်ပြီးခြေသံလုံနေတော့ ခက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မယ်ညိုတို့အခြေအနေဘယ်လိုရှိလဲ"

"ဒေါ်မယ်ညိုက သူ့ဇာတိမတော် နေမကောင်းဖြစ်လို့ဆိုပြီး သူ့ရွာကိုပြန်တော့မယ်"

"ဟာ... သူ့နေရာမှာ ဘယ်သူ့ကို အစားထိုးမှာလဲ"

"ခင်စောလေ... သူက မရီးတော်ကို တာဝန်ယူမှာ၊ ခင်စောနဲ့မရီးတော်နဲ့က သွေးရင်းလိုနေကြတော့ သိပ်ပြီး စိုးရိမ်စရာမရှိဘူးလို့တော့ ထင်တယ် မှုစမ်း"

"စိုင်း...ငါစဉ်းစားမိတာတစ်ခု ခေါင်းထဲကိုဝင်လာတယ်"

"ဘာလဲ မှုစမ်း"

"ခင်စောဟာ မမကြီးရဲ့အစီကူလူပဲလို့ထင်တယ်"

"ဟင်.. ဖြစ်နိုင်ပါ့မလား"

"သိပ်ပြီးဖြစ်နိုင်တယ် စိုင်း၊ အစ်မတော် စောကလျာသျှင်ရဲ့ယုံကြည်ရဆုံးသူကို မမကြီးကောင်းကောင်းအသုံးချသွားမှာသေချာတယ်"

"ခင်စောဟာ ငွေကြောင့် သစ္စာဖောက်မယ်လို့တော့ ငါမယုံဘူး၊ ဒါကိုမင်းလည်းသိပါတယ်"

"ခင်စောဟာ ငွေကြောင့်တော့ မဟုတ်နိုင်ပါဘူး၊ ဒါပေမဲ့ မမကြီး ချုပ်ကိုင်နိုင်တဲ့ အကြောင်းအရာတစ်ခုတော့ ရှိနိုင်လိမ့်မယ်ထင်တယ်"

"ခင်စော..ခင်စော.. အင်းလေ.. ခုချိန်မှာ မရီးတော်အတွက် စိတ်ချရတဲ့ လူဆိုတာ မင်းနဲ့ငါကလွဲပြီး ဘယ်သူ့ကိုမှ မျက်လုံးမှိတ်ပြီး ယုံလို့မရနိုင်ဘူး"

"စိုင်း.."

"ပြောလေ မှုစမ်း"

"မင်းနဲ့ငါ ခင်စောနဲ့ပတ်သက်ပြီး သတိမလစ်ဖို့တော့ အရေးကြီးတယ်၊ မင်းက ခင်စောကို စံအိမ်မှာ အနီးကပ်စောင့်ကြည့်ထား၊ ငါက ခင်စောရဲ့အပြင်အခြေအနေကို စုံစမ်းမယ်"

"ကောင်းတယ် မှုစမ်း"

စိုင်းစံဖနှင့် ဒေါက်တာမှုစမ်းတို့ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်လိုက်ကြပြီး....




သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"စိုင်းရေ..မင်းနဲ့ငါတော့ အန္တရာယ်တစ်ခုကို ကစားကြဖို့ဖြစ်လာကြပြီနော်"

"ငါကတော့ အန္တရာယ်ကို ရင်ဆိုင်ရတာထက် စနစ်ဟောင်းကြီးတစ်ခုရဲ့ အယူအဆ၊ အတွေးအခေါ်၊ အတ္တတွေ ကို တွန်းလှန်တဲ့ပွဲကလေးတစ်ပွဲပဲလို့ သတ်မှတ်ထားတယ်"

"ဒါနဲ့စိုင်း.. မင်းရဲ့တူတော်မောင် စွန်နောင်လျှံနဲ့ မင်းယောက်ဖတော် စွန်ကျော့နိုင်တို့ဘက်က အခြေအနေကရော ဘယ်လိုရှိနေလဲ"

"ယောက်ဖတော်နဲ့ တူတော်မောင်တို့က မမကြီးရဲ့ပုံသွင်းခြင်းကို ခံထားရတဲ့သူတွေပဲကွာ"

"မင်းယောက်ဖက ခေတ်ပညာတတ်တစ်ယောက်ဖြစ်ပြီး အတွေးအခေါ်မဲ့တဲ့ လူတစ်ယောက်ဖြစ်နေတာက စိတ် မကောင်းစရာပဲ"

"ဘာတတ်နိုင်မလဲကွာ၊ ပညာတတ်တစ်ယောက်ဟာ အမှန်တရားကို မျက်ကွယ်ပြုနေတာဟာ အများတွေရဲ့ကျေးကျွန် ဖြစ်ချင်





လို့ပဲ၊ ဒါပေမဲ့ တစ်နေ့နေ့တော့ သူ့မျက်လုံးတွေ ပြန်ပြီး ပွင့်လာမယ်လို့တော့ ယုံကြည်ထားပါတယ်"

"ပဒေသရာဇ်စနစ်ရဲ့ကျင့်စဉ်တွေကို မျိုးရိုး၊ ဘိုးဘွားအမွေတစ်ခုအဖြစ်နဲ့ ဆုပ်ကိုင်ထားတဲ့ မမကြီးရဲ့အတ္တအစွဲကြီးကို ထုတ်ပစ်ရမယ့်အချိန်ကို ရောက်နေပြီ၊ ငါတစ်ခုတော့ ယုံကြည်နေတာရှိတယ်"

"ဘာကိုလဲ မှုခမ်း"

"မမကြီးကို မင်းရောငါပါ ငယ်ငယ်လေးကတည်းက သူ့ရဲ့ပဒေသရာဇ်ဝါဒကြီးကို ဆန့်ကျင်ခဲ့ကြတာ ဘာမှ မပြောင်းလဲခဲ့ဘူး မဟုတ်လား"

"ဟုတ်တယ်လေ"

"မင်းတူမတော်လေးကို အစ်မတော် ကိုယ်ဝန်စပြီး တည်ကတည်းက မမကြီးဟာ နည်းမျိုးစုံသုံးပြီး ဖျက်ဆီးဖို့ကြံခဲ့တယ်၊ ဒါပေမဲ့ တစ်ကြိမ်မှ မအောင်မြင်ခဲ့ဘူး၊ ဒါဟာ မမကြီးကို ယှဉ်ပြိုင်မယ့် သူရဲကောင်းတစ်ဦး လူ့လောကကြီးထဲကို ရောက်လာတာပဲလို့ ထင်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖျောက်..."

စိုင်းစံဖ လက်ဖျောက်ကလေးတီးလိုက်ပြီးနောက်...

"မင်းပြောတာ သိပ်ကိုမှန်တယ်၊ ငါ့တူမလေးဟာ ဖွန်မိုးစက်ပွင့်မတွေ့ရဲ့သူရဲကောင်းတစ်ဦးပဲ"

စိုင်းစံဖ ကျေနပ်ခြင်းများစွာနှင့် ပြုံးမိလိုက်တော့သည်၊ သူ့ရင်ထဲတွင် ဖွန်မိုးစက်ပွင့်တွေက အင်အားကြီးတစ်ခုအဖြစ် ဝင်ရောက်လာသလိုခံစားလိုက်ရသည်။



# အခန်း (၂)

စိုင်းစံဖ သစ်သားပုခက်တလေးပေါ်တွင် အိပ်ပျော်နေသော တူမတော်လေး၏ ပါးပြင်လေးကို နမ်းလိုက်ပြီး စုတင်ပေါ်တွင် ဆေးသောက်ပြီး မှေးနေသော မရီးဖြစ်သူ စောကလျာသျှင် ဘေးတွင် ဝင်ထိုင်လိုက်သည်။

မရီးဖြစ်သူ စောကလျာသျှင် တူမတော်လေးကို မွေးပြီးကတည်းက ကျန်းမာရေးသိပ်ပြီးမကောင်းဖြစ်နေခဲ့တာကြာပြီဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



"မရီး..ဘယ်လိုနေသေးလဲ"

"ဒီလိုပါပဲကွယ်"

"ဆရာဝန်က ဘာပြောလဲမရီး"

"ဦးနှောက်အာရုံကြော အားနည်းပြီး ဖြစ်နေတာတဲ့၊ မမကြီးကတော့ နောက်ထပ် ဒေါက်တာတစ်ဦးနဲ့ပြောင်းပြီးတော့ ကုသရမယ်လို့တော့ ပြောသွားတယ်"

"ဟင်.."

မမကြီးတစ်ယောက် မရီးဖြစ်သူထံကို တူမတော်လေး မွေးပြီးကတည်းက လာရောက်ကြည့်ရှုတာမျိုး တစ်ခါမှ မရှိဘူးခဲ့ပေ။

ဒါပေမဲ့မနေ့ကတော့ ဘာတွေစိတ်ကူးပေါက်သလဲ၊ ဘာတွေကြံစည်ပြီး မရီးတော်ဆီကို လာခဲ့သလဲဆိုတာတော့ မတွေးတတ်ပါ။ ကောင်းသောလာခြင်းထက် မကောင်းသောလာခြင်းက ပိုပြီးများမှာတော့ သေချာသည်၊ ခုမရီးဆီက စကားကိုကြားရပြန်တော့ စဉ်းစားရ အရမ်းကိုကျပ်သွားတော့သည်၊

"မရီး..."





"ဘာများလဲ..စိုင်း"

"မမကြီးအပေါ်မှာ မရီးဘယ်လိုမြင်ထားသလဲ"

"ဘာကို မြင်ရမှာလဲ ကွယ်၊ မလေးပေါ်မှာ ကောင်းခြင်း မကောင်းခြင်းဟာ မမကြီးရဲ့ကိစ္စပဲလေ၊ မလေးကတော့ မမကြီးပေါ်မှာ အစ်မရင်းလို ချစ်ခင်လေးစားမှုတွေနဲ့ပဲ ကောင်းမွန်သော စိတ်ကိုမွေးထားပါတယ်"

"ကျွန်တော်ပြောတာ မရီးထက် တူမတော်ပေါ်မှာ မမကြီး ဘယ်လိုသဘောထားလဲဆိုတာရော မရီး သိထားလား"

"စိုင်းရယ်.. မလေး သဘောပေါက်ပါတယ်၊ သမီးလေးဟာ ကောရာဇ်စံအိမ်ကြီးရဲ့ သခင်မလေးဖြစ်မှာကို မမကြီး လုံးလုံးမနှစ်သက်ဘူးလေ၊ မလေးတို့မိသားစုတွေမှာက ကောရာဇ်စံအိမ်ကြီးကို သခင်မဖြစ်သူကပဲ အုပ်စိုးပိုင်ခွင့်ရှိတာဆိုတော့ သမီးလေးမွေးခြင်းဟာ ကံကောင်းခြင်းနဲ့ ကံဆိုးခြင်း ပြိုင်တူဖြစ်လာရတာ မဟုတ်လား၊ ပြီးတော့ တူတော်မောင် စွန်နောင်လျံကလည်း မမကြီးတို့ရဲ့ မွေးစားသားဆိုတော့ ကောရာဇ်စံအိမ်ကြီးပေါ်မှာ ပတ်သက်လို့မရဘူး၊ မလေး

www.burmeseclassic.com



နောက်ဆုံးမြင်ထားတွာကတော့ မမကြီးဟာ သူ့ဘဝနောက်ဆုံးချိန်ထိ ကောရာဇ်စံအိမ် သခင်မကြီးဂုဏ်ပုဒ်ကို ယူသွားချင်တဲ့သဘောမျိုး ရှိနေတယ်"

"မရီးပြောတဲ့အမြင်က မမှားပါဘူး၊ မမကြီးရဲ့ဘဝတစ်လျှောက်မှာ သခင်မကြီးဆိုတဲ့ ဂုဏ်ပုဒ်ဟာ သူ့ဘဝရဲ့အဓိကကျဆုံး မက်မောမှုကြီးဖြစ်နေတယ်၊ သမီးလေးအသက် (၁၈)နှစ်ပြည့်တာနဲ့ ကောရာဇ် စံအိမ်ကြီးရဲ့သခင်မနေရာကို ဖယ်ပေးရမှာကို ဘယ်လိုမှ မမကြီး လက်မခံနိုင်အောင်ဖြစ်နေတယ်၊ ဒါကြောင့် တူမတော်လေးကို အသက်အန္တရာယ်ပြုမှာတော့ သေချာတယ် မရီး"

"စိုင်း...မောင်လေး.. မလေးတို့သားအမိနှစ်ယောက်ဘဝမှာ အစ်ကိုကြီး လူ့ဘောဂလောကထဲကနေ ပျောက်ကွယ်သွားကတည်းက မမကြီးရဲ့ဩဇာအောက်မှာ ရှိနေခဲ့တဲ့သူတွေပဲကွယ်၊ သူ့ရက်စက်မှုတွေပေါ်မှာ ဘယ်လိုလုပ်ပြီး ကာကွယ်နိုင်မှာလဲ"

"မရီး...မရီးက မမကြီးလုပ်သမျှကို ခေါင်းငုံ့ပြီး ခံမယ်ဆိုတဲ့ သဘောကိုပြောနေတာလား"





"ဒီလိုတော့ မဟုတ်ပါဘူး၊ မလေး နောက်ဆုံး ဆုံးဖြတ်ချက် တစ်ခုချပြီး စဉ်းစားထားပါတယ်၊ ဒါက ဘာလဲဆိုတော့ သမီးလေး အတွက် မလေးဘဝနဲ့အသက်နွှာကို ရင်းပြီး ကာကွယ်သွားမယ်"

"မရီးရဲ့ဘေးမှာ ကျွန်တော်နဲ့ မူစမ်းတို့ ရှိနေပါတယ်"

"မလေး ယုံကြည်ပါတယ်"

"ဩော်... မရီး.. စင်စောပေါ်မှာရော၊ မရီးဘယ်လိုမြင်ထားလဲ"

"စင်စောဟာ မလေးနဲ့ တစ်ရွာတည်းနေခဲ့ကြတဲ့သူတွေဖြစ်သလို မလေးပေါ်မှာ အရမ်းကိုကောင်းပါတယ်"

"မရီး..စင်စောပေါ်မှာတော့ သိပ်ပြီး ယုံကြည်မှုမလွန်ကဲစေချင်ဘူး"

"စိတ်ချပါ စိုင်းရယ်၊ မလေး..သမီးလေးနဲ့ပတ်သက်ပြီး ရေလး ဘယ်တော့မှ သတိလစ်သွားမှာမဟုတ်ပါဘူး၊ မလေးဘဝမှာ ဒိုက်ပ်နားနိုစရာဆိုတာ မရှိလို့ပါ၊ ဖြစ်နိုင်ရင် ကောရာဇ်စံအိမ်ကြီးကနေ အပြီးထွက်သွားဖို့တောင် စဉ်းစားထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မရီး…"

"မလေး…ဘာကိုမှ မမက်မောပါဘူး၊ သမီးလေးကိုပေးမယ့် သခင်မနေရာအတွက်လည်း မရုံမင်ပါဘူး၊ လူသားတွေအတွက် ဘုရားသခင်ကနေ နေရာကိုယ်စီပေးထားပြီးပြီမဟုတ်လား၊ သူ့နေရာနဲ့သူ ထိုက်တန်တာကိုရကြမှာပဲလေ"

မရီးဖြစ်သူ စောကလျာသျှင်ဟာ တောင်ပေါ်သူကလေးပီပီ ရိုးသားသူတစ်ဦးလည်းဖြစ်သည်၊ အစ်ကိုကြီးနှင့်မထင်မှတ်ဘဲ ရွာကလေးတစ်ရွာတွင် ဆုံစည်းခဲ့ပြီး ကေရာဇ်စံအိမ်တော်ကြီးကို ရောက်တည်းက ဘာဂုဏ်ထူး ဂုဏ်ဆောင်တွေကို မမက်မောဘဲ ရိုးစင်းစွာ နေထိုင်ခဲ့သူဖြစ်တာကြောင့် ဆွေတော်မျိုးတော်တွေက စောကလျာသျှင်ကို ချစ်ခင်ကြသည်။

အစ်ကိုကြီးနှင့် (၃)နှစ်လောက် ပေါင်းသင်းပြီး တူမတော်လေးကို သန္ဓေရခဲ့ပြီး အစ်ကိုကြီးဆုံးပါးသွားခဲ့ရခြင်းဖြစ်သည်။

မမကြီး ထိပ်တင်ဒေဝီဟာ စောကလျာသျှင်နှင့်အစ်ကိုကြီး တို့ကိုသဘောတူခဲ့ခြင်းမရှိပေမဲ့ ဘာမှကန့်ကွက်ပိုင်ခွင့်မရှိတာကြောင့်





ရှေ့ပြီးနေခဲ့ရသူဖြစ်သည်၊

မမကြီးမှ အစ်ကိုကြီးကို သဘောတူခဲ့သူက နန်းနေဒီပင်ဖြစ်၏၊ နန်းနေဒီဟာ မမကြီး ကြိုးဆွဲရာကို ကမည့်သူတစ်ဦးဖြစ်သလို ခင်ပွန်း ဖြစ်သူ ခွန်ကျော့နိုင်နှင့် နန်းနေဒီ မိဘတွေက ကျောက်တွင်း အတူတူ လုပ်ကိုင်ကြသူတွေဖြစ်တယ်၊ ဒီအတွက် အစ်ကိုကြီးကို နန်းနေဒီနှင့် နီးစပ်အောင် ကြိုးစားပေမဲ့ မအောင်မြင်ခဲ့ခြင်းဟာ မမကြီး အတွက် ကေရာဇ်စံအိမ်ကြီးတွင် သခင်မကြီးဘဝကို ဆက်ပြီးနေထိုင်ဖို့အတွက် ပထမဦးဆုံး ကျဆုံးမှုကြီးတစ်ရပ်ဖြစ်ခဲ့ရတော့သည်၊

မမကြီးရဲ့ သခင်မကြီးနေရာအတွက် ဒုတိယကိစ္စတစ်ရပ်ကတော့ ကေရာဇ်စံအိမ်ကြီးရဲ့ ဘဏ္ဍာရေးကိစ္စတစ်ရပ်ပင်ဖြစ်သည်၊ ကေရာဇ်စံအိမ်မှာ ငွေကြေးဆိုင်ရာကို အစ်ကိုကြီးကသာကိုင်တွယ်ရပြီး မမကြီးက အသုံးစရိတ်လောက်သာ သုံးခွင့်ရတော့သည်၊ ဒါပေမဲ့ မမကြီးကံကောင်းသွားတာကတော့ အစ်ကိုကြီးရုတ်တရက် ဆုံးပါးသွားပြီးနောက် ဘဏ္ဍာရေးကိစ္စနှင့် စံအိမ်ကြီး၏ စီးပွားရေးလုပ်ငန်း အားလုံးကိုကိုင်တွယ်ခွင့်ရရှိခဲ့ပြီး… စောကလျာသျှင် သုံးစွဲခွင့်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ချုပ်တိုင်ထားခဲ့တော့သည်။

စောတလျာသျှင် အစ်ကိုကြီးရှိစဉ်ကတည်းက ပေးထားခဲ့သော ရွှေရတနာဆိုင်ကြီးကိုလည်း မမကြီးကပဲ စီမံကွပ်ကဲခဲ့သည်။ နိုင်းစံအတွက် မိုင်းတွင်းလုပ်ငန်းကြီးကို ကိုယ်ပိုင်လုပ်ကိုင်စေခဲ့သည်။

"သခင်လေး"

စောလျာသျှင်နှင့်စကားပြောနေစဉ်စင်စောခေါ်သံကြောင့် လှည့်ကြည့်ကာ...

"ဘာလဲ စင်စော"

"သခင်မကြီးက သခင်လေးကိုခေါ်နိုင်းလိုက်လို့ပါ"

"အေး...ခုလာခဲ့မယ်...စင်စော"

"ရှင်..."

"မင်းလက်ထဲက ဆေးတွေက ဘယ်သူ့အတွက်လဲ"

"ဟို...ဟို...သမီးတော်လေးအတွက် အားဆေးတွေ ပါ။ သခင်မကြီးပေးခိုင်းလိုက်တာ"





"ဘာ..."

"စိုင်း...မောင်လေး...သွားစရာရှိတာ သွားလိုက်ပါ"

မရီး စောကလျာသျှင်သည် စင်စောလက်ထဲမှ ဆေးတွေကို လှမ်းယူပြီး စားပွဲပေါ်တင်ထားလိုက်သည်။ စိုင်းစံ၏ စိတ်ထဲတွင် မမကြီးတူမတော်အတွက် တိုက်သော အားဆေးတွေပေါ် သံသယဝင်နေမိသည်။ မရီး စောကလျာသျှင်ကတော့ ဘာသံသယမှ မရှိသလိုပင်တွေ့နေရသည်။ ဒါပေမဲ့ မရီး စောကလျာသျှင် မျက်လုံးအိမ်ထဲတွင် လှမ်းပြီး တွေ့လိုက်ရတာတစ်ခုကတော့ သူ့ကို ဘာမှ မစိုးရိမ်ဖို့ အကြည့်တစ်ခု ဝင်ခြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

စံအိမ်ကြီးထဲသို့ မဝင်ခင် အိမ်ရှေ့တွင် ( × × × × × × × ) တားတစ်စီး ရပ်ထားတာကိုတွေ့လိုက်ရသည်။ စိုင်းစံဖ ထိုကားမျိုးကို တစ်ကြိမ်တစ်ခါမှ ကောရာဇ်စံအိမ်ကြီးတွင် တွေ့မြင်ခဲ့ဘူးခြင်းတော့ မရှိခဲ့၊ ခုတွေ့လိုက်ရခြင်းသည် ပထမဦးဆုံးပင်ဖြစ်သည်။

အိမ်ကြီးထဲကိုလှမ်းပြီးဝင်လိုက်သည်နှင့် ဧည့်ခန်း ခန်းမတွင် စိုင်းစံဖနှင့် အသက်ရွယ်းသိပ်ပြီးမကွာလှသော စပ်သန့်သန့် အမျိုးသား တစ်ယောက်ကိုတွေ့လိုက်ရသည်။

"စိုင်း...ထိုင်ဦး"

မမကြီး လှမ်းခေါ်သဖြင့် ထိုလူနှင့်မျက်နှာချင်းဆိုင်တွင် ဝင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်ပြီး ထိုလူ့မျက်နှာကို အကဲခတ်လိုက်မိသည်။

"စိုင်း...သူက...ဒေါက်တာ စိုင်းမြတ်သာကျော်လို့ခေါ်တယ်"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

လူငယ်ကျေးမှုအတိုင်း တစ်ယောက်လက်ကိုတစ်ယောက် ဆွဲပြီး နှုတ်ဆက်လိုက်သည်။

"စိုင်းမြတ်သာက နိုင်ငံခြားကနေ ပြန်ရောက်လာတာ မကြာသေးဘူးကွဲ့"

မမကြီးနှင့်ဒေါက်တာ စိုင်းမြတ်သာကျော်တို့၏ ရင်းနှီးပတ်သက်မှုကို သူ့ရှုမှ သိခဲ့ရတာဖြစ်၏။ မမကြီး ဘယ်လိုရည်ရွယ်ချက်ဖြင့် သူ့ကိုမိတ်ဆက်ပေးသလဲဆိုတာတော့ သူ နားမလည်။

"စိုင်းမြတ်သာကျော်က တောကလျာသျှင် အတွက် သီးသန့် ဆေးကုသရေးတာဝန်ကိုလုပ်ပေးမှာ"

"ဟာင်..."

မရိုးဖြစ်သူကို ဆေးကုသမှာဆိုသောစကားကြောင့် စိတ်ထဲတွင် သံသယဖြစ်သွားသည်။ ဒေါက်တာ တစ်ဦး၏ပညာနှင့်စိတ်ထား





ပေါ်မှာ သူ့အနေနှင့် ဘာကိုမှ မဝေဖန်လိုပေမဲ့ မမကြီးနှင့်ပတ်သက်ပြီးတော့ သူ့အနေနှင့် သံသယများစွာရှိနေခဲ့ရတာတော့ အမှန်...။

"စိုင်းမြတ်သာကျော်က နိုင်ငံခြားမှာ ဒုနလုံးရောဂါအထူးကုဘွဲ့ကိုယူထားသူလေ"

မမကြီး လုပ်ဆောင်နေမှုတွေကို သူ့အနေနှင့် စကာလမှာ ဘာတစ်ခွန်းမှ မပြောချင်ပေမဲ့ မမကြီးလုပ်ဆောင်နေမှုပေါ်မှာတော့ သူ့အနေဖြင့် မျက်ခြည်ပြတ်ခံမှာတော့မဟုတ်။

"ကြော်...မမကြီး...ဒေါက်တာက ဘယ်နေ့ကစပြီး မရိုးတော်တို့စပြီးတာဝန်ယူမှာလဲ"

"ဒီနေ့ကစမှာလေ၊ စုတောင် တောကလျာသျှင်ကို သွားပြီးကြည့်မလို့၊ စိုင်းအဖော်လိုက်သွားလိုက်ပါဦး"

"ဟုတ်...သွားကြရအောင် ဒေါက်တာ"

"ကျွန်တော့်ကို ရင်းရင်းနှီးနှီး စိုင်းမြတ်သာလို့ပဲ ခေါ်ပါ ကိုစိုင်းစံဖ၊ ကရောစိစံအိမ်ကြီးနဲ့ ကျွန်တော်က သိပ်ပြီး မစိမ်းပါဘူး"

ဒေါက်တာ စိုင်းမြတ်သာကျော်ရဲ့စကားလုံးချိုချိုတွေကို သူ



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရပေမဲ့ မရီးတော်အတွက်တော့ စိုးရိမ်မှုက ပိုပြီးအားကောင်းနေဆဲ...

အမှန်တကယ်ဆိုရင် ကေရာဇ်စံအိမ်တော်ကြီးနှင့်သွေးရင်းပမာရှိသော ဒေါက်တာမှူးစမ်းတစ်ယောက်လုံးရှိနေပေမဲ့ မမကြီး ဒေါက်တာ စိုင်းမြတ်သာကျော်ကို အတွင်းထဲသို့ဝင်နိုင်ခြင်းမှာ ရိုးသားသော ကိစ္စတစ်ခုတော့မဖြစ်နိုင်။

မရီးတော် စောကလျာသျှင် အဆောင်သို့လိုက်ပို့ပေးပြီး စမ်းသပ်စစ်ဆေးမှုတွေကို သူမျက်တောင်မခတ်ဘဲကြည့်နေမိသည်။ ဒေါက်တာ စိုင်းမြတ်သာကျော်ကတော့ တကယ်စေတနာကောင်းသူပမာ မရီးတော်ကို ဆေးစစ်မှုတွေကို ပြုလုပ်ပေးနေသည်။

"အဲ...အူ...ဝါး..."

တူမတော်လေး ငိုသံကြောင့် မရီးတော်၊ တူမတော်လေးကို ပွေ့ချီပြီး နို့တိုက်မည်အပြု...

"မစောကလျာသျှင်..."

"ရှင်..."





"ဖြစ်နိုင်ရင် ကလေးကို နို့မတိုက်ရင်ပိုပြီးကောင်းမယ်"

"ဟင်..."

ဒေါက်တာ စိုင်းမြတ်သာကျော်စကားကြောင့် သူရော၊ မရီးတော်ပါ အံ့အားသင့်[illegible]ဖြစ်သွားခဲ့ရသည်။

"ဘာ...ဘာဖြစ်လို့လဲ ဒေါက်တာ"

"တခြားတော့မဟုတ်ပါဘူး။ ကျွန်တော်ပေးမယ့် ဆေးတွေက ကလေးအတွက် သိပ်ပြီး မဆင်မပြေလို့ပါ၊ အန္တရာယ်ကြီးကြီးမားမားတော့မဖြစ်ပါဘူး"

မိခင်နို့ရည်ကို အားပြုနေရသော တူမတော်လေးအတွက် သူ့ရင်ထဲမှာ မကောင်းဖြစ်သွားမိ၏။

"ဒေါက်တာ...မသိလို့မေးပါရစေ၊ ကလေးကို နို့မတိုက်ရဘူးဆိုတာ အကန့်အသတ်မရှိဘူးလား"

"ဒါကတော့ မစောကလျာသျှင်ရဲ့ ကျန်းမာရေးတိုးတက်မှုပေါ်မှာ မူတည်ပါတယ်"

ဆေးပညာနှင့်ပတ်သက်ပြီး သူက မကျွမ်းကျင်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စကားကိုမဆက်တော့ပဲနေလိုက်တော့သည်။

"ဒီနေ့ကစပြီး သောက်ရမယ့်ဆေးတွေကိုပေးခဲ့ပါမယ်၊ ကျွန်တော်ကတော့ (၃)ရက်လောက်မှတစ်ခါလာကြည့်ပေးပါမယ်"

"ဟုတ်ကဲ့…ကျေးဇူးတင်ပါတယ်"

"သွားခွင့်ပြုပါဦး"

ဒေါက်တာ စိုင်းမြတ်သာကျော်၏ ဆေးအိတ်ကလေးကို သူဆွဲပြီးအဆောင်အပြင်သို့ထွက်လာခဲ့သည်။ စံအိမ်တော်ကြီး အပြင်တွင် မမကြီးရပ်စောင့်နေသဖြင့် ဒေါက်တာ စိုင်းမြတ်သာကျော်… မမကြီးဆီကိုသွားပြီး၊ စကားပြောနေသောကြောင့် ဒေါက်တာ စိုင်းမြတ်သာကျော် ကားပေါ်သို့ဆေးအိတ်တင်ပြီး သူမိုင်းတွင်းကိုသွားရန် ကားဆီသို့ထွက်လာခဲ့တော့သည်။

"ဟင်း…"

တစ်နေ့ထက်တစ်နေ့ မရီးတော်အတွက် ပူပန်မှုတွေမှာ များပြားလာတော့သည်။



## အခန်း [၃]

တောင်ကြားလမ်းကလေးအတိုင်း ကားလေးကို ဒေါက်တာ မှုမ်းမောင်းလာပြီးဘေးတွင် စိုင်းစံဖလိုက်ပါလာခဲ့သည်။

"မင်းစုံစမ်းတာ သေချာလား မှုမ်း"

"ငါရထားတဲ့ သတင်းအရကတော့ နိုင်နိုင်လုံလုံပဲကွ၊ အဲ ကြောင့်ဒီနေရာကိုမင်းနဲ့လာခဲ့တာပဲ၊ ခင်စောရဲ့ရုပ်လုံးကို တိကျကျ



www.burmeseclassic.com

www.burmeseclassic.com



ကိုသိရမှာပဲ"

သူတို့ကားလေးမှာတောင်ကြားလမ်းကလေးကိုကျော်ဖြတ်ပြီး သဲနီလမ်းကလေးအတိုင်းဆက်ပြီးမောင်းလာရင်း....

"ခု.. ဝါတို့သွားမယ့်နေရာမှာ ခင်စော အဖေတစ်ယောက်ရှိတယ်၊ ဦးပလိုင်တူးလို့ခေါ်တယ်၊ ခင်စောနဲ့ ပြန်ပြီးဆုံကြတာ မကြာသေးဘူး၊ ဦးပလိုင်တူးဟာ ခင်စော (၉)နှစ်သမီးအရွယ်တုန်းက လူသတ်မှုနဲ့ တောထဲကို တိမ်းရှောင်နေခဲ့တာ ခုကျန်းမာရေး အခြေအနေကြောင့်ဒီရွာကလေးမှာ နေအောင်ပြီးပြန်နေတာ"

"မင်းပြောပုံအရဆိုရင် မမကြီးက ဦးပလိုင်တူးကို ရှာတွေ့သွားပြီး ခင်စောနဲ့ပေးတွေ့ပေးခဲ့တာပေါ့"

"သိပ်ပြီးဟုတ်တာပေါ့၊ဒီအကွက်ကိုအကျပ်ကိုင်ပြီး ခင်စောကို မမလေးအတွက် အသုံးချတာဖြစ်မယ်၊ ခင်စောအနေနဲ့ သူ့ဖခင်ကြီးကိုစုအသက်အရွယ်ရောက်မှ တောင်ထဲကိုမသွားစေချင်တဲ့စိတ်နဲ့ မမလေးပေါ်မှာ ပြစ်မှုတစ်ခုကို ကျူးလွန်ရတော့မှာပေါ့"

"ဟုတ်.."





စိုင်းစံဖ...ခေါက်တာမှုခမ်းစကားကို နားထောင်ရင်း လူတစ်ယောက်ရဲ့ အတ္တကြီးမားမှုကြောင့် အပြစ်မဲ့တဲ့သူတွေ အများတွေကို ကျူးလွန်ခဲ့ရပြီမဟုတ်လား၊ ကားကလေးမောင်းလာရင်း အဝေးဆီမှ ရွာကလေးကိုလှမ်းပြီးတွေ့မြင်နေရတော့သည်။

တောင်တန်းတွေ ကာရံပြီး စိမ်းစိုနေသော တောတန်းကြီးတွေကြောင့် ရွာကလေးမှာ အေးချမ်းဖွယ်ကောင်းနေတာမှန်ပေမဲ့ ကြောက်စရာကောင်းလှသော လူတစ်ယောက်ရဲ့အကျဉ်းချခြင်းကိုခံနေရသော ဦးပလိုင်တူးအတွက် စိတ်မကောင်းဖြစ်မိခဲ့သည်။

ရွာလေးထဲကို ကားလေးမောင်းဝင်သည်နှင့် တွေ့လိုက်ရသော အိမ်ကလေးတွေမှာ သပ်သပ်ရပ်ရပ်နှင့်ခြေတံရှည်အိမ်ကလေးများဖြစ်ကြသည်။

"မင်း ဦးပလိုင်တူးဆီကို အရင်သွားတွေ့မှာလား"

"စိုင်းရယ်..ဘယ်လိုလုပ်ပြီးသွားတွေ့လို့ရမှာလဲ၊ဦးပလိုင်တူးဘေးမှာ မမကြီးရဲ့လူတွေက စောင့်ကြည့်နေကြတာ"

"ဒါဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုကောင်လေးတစ်ယောက်ရှိတယ်၊ သူ့ဆီက ဦးပလိုင်စွေး ဘို့ဆက်သွယ်နိုင်အောင်ကြိုးစားရမှာ"

"ခင်းတဒီရွာကိုရောက်ဖူးထားတယ်ပေါ့"

"အင်း...ဒါနဲ့ဆို (၃)ခေါက်ပြောက်ဆိုရမှာပေါ့၊ ပထမဆုံး ခေါက်ကတော့ လူနာတစ်ယောက်ကိုဆေးကုသရင်း ရောက်ခဲ့တာ၊ ဒုတိယခေါက်ကတော့ စစ်စာနဲ့ပတ်သက်ပြီး ရထားတဲ့သတင်းကို စုံစမ်းရောက်ခဲ့တာ"

"ဪ...ဝှို့..."

မြွတ်ရှည်အိမ်ကလေးတစ်လုံးရှေ့တွင် ကားထိုးရပ်လိုက် သည်နှင့်...

"ဆရာ..."

အိမ်ကလေးထဲမှ အသက် (၂၀)ဝန်းကျင် လူငယ်တစ်ဦး ထွက်လာပြီး ဆီးကြိုလေသည်။

"အိုက်ကော...အဘခွန်ရော..."

"မရှိဘူးဆရာ၊ တောထဲဝင်သွားတယ်၊ အိမ်ပေါ်ကိုတက်ကြ





ပါဦး၊ ဆရာလာမယ်ဆိုလို့အဘက တောစားသွားပြီးရှာတယ်"

"အိုက်ကောရယ်...အလုပ်ရှာလို့ကွာ"

"ဒီလိုတော့ မဟုတ်ပါဘူးဆရာရယ်၊ ဆရာတို့မြို့မှာက တော စားကိုစားရတာ မဟုတ်ဘူးလေ"

"အိမ်ပေါ်ကိုမတက်တော့ဘူးကွာ၊ အောက်မှာပဲထိုင်ကြတာ ပေါ့..."

အိမ်၏အောက်ထပ်မြေပြင်ပေါ်တွင် စားပွဲရှည်ကြီးတစ်လုံး နှင့် ခုံတန်းရှည်ကလေးတွေ လုပ်ထားသဖြင့် သူနှင့် မှုစမ်းဝင်ပြီးထိုင် လိုက်သည်။

အိုက်ကောဆိုသော လူငယ်ကလေးကတော့ အိမ်နောက် ဖေးဘက်ရှိ သီးသန့်ပြုလုပ်ထားသော မီးဖိုဆောင်လေးထဲကိုဝင်သွား ပြီး ရေနွေးဝန်းလေးနှင့်ဆတ်သားခြောက်ပန်းကန်လေးကိုယူလာပြီး ချပေးသည်။

"ဆရာတို့ ရေနွေးကြမ်းလေးနဲ့ မြည်းကြည့်ဦးနော်၊ အဘ ရောက်မှ ဟင်းချက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...အိုက်ကော...ထိုင်ဦး၊ ငါတို့ဒီကိုလာတဲ့ကိစ္စကို မင်းသိတယ်နော်"

"သိပါတယ်ဆရာရဲ့၊ ဒီအတွက် ကျွန်တော့်ဘက်ကနေ အားလုံးလုပ်စရာရှိတာတွေကိုလုပ်ထားပါတယ်၊ ခဏနေရင် ကျွန်တော့်ကောင်တစ်ကောင်ရောက်လာမှာပါ"

"ပလိုင်တူး ကျန်းမာရေးကရော ဘယ်လိုအခြေအနေရှိသလဲအိုက်ကော..."

"ကျွန်တော်ကြားရတဲ့သတင်းအရတော့ သိပ်ပြီးမကောင်းဘူးဆရာ၊ စက်ဖနေတာက ပလိုင်တူးဆီကို ဝင်ရထွက်ရတာ မလွယ်ဘူး"

"ဘာဖြစ်လို့လဲ"

"ရွာလူကြီးတပည့်တွေက အိမ်ပေါ်မှာတက်နေပြီးလူနာလာမေးတာကိုတောင် အော်ငေါက်လွှတ်တယ်"

"ဆေးကုသရင်ရော"

"သူတို့ပင့်ထားတဲ့ဆေးဆရာတစ်ယောက်တော့ရှိတယ်၊





တစ်ခါတစ်ခါမြို့ကနေ ဆရာဝန်တစ်ယောက်လည်းပါလာတယ်"

"ဒါနဲ့ မင်း ငါတို့နဲ့တွေ့ပေးမယ့် မင်းသူငယ်ချင်းက ဘယ်လိုပတ်သက်လဲ"

"သူက ပလိုင်တူးနေတဲ့အိမ်မှာ လက်တိုလမ်းတောင်းဖိုင်းနဲ့သူကြီးဗွားထားတာ၊ အိမ်တွင်းအကြောင်း တော်တော်များများကို ဒီကောင်သိတယ်"

"မှုစမ်း...မမကြီးဟာ ဒီရွာက လူကြီးနဲ့ပါပတ်သက်မှုတွေရှိနေတာတော့ သေချာပြီ"

"အိုက်ကောစကားအရဆိုရင်တော့ မမကြီးရဲ့ပါဝင်ပတ်သက်မှု တွေက အရမ်းကို ကျယ်ပြန့်နေပြီ၊ သတိထားပြီး ကိုယ့်ဘက်တနေ မလစ်ဟာင်းဖို့တော့ လိုအပ်နေပြီ"

ကြောက်မက်ဖွယ်ကောင်းလှသော မမကြီး၏ခြေလှမ်းတွေကိုတွေ့မြင်နေရသဖြင့် မမကြီး အတ္တမီးလျှံလောင်ကျွမ်းမှုမှာ လွန်စွာအားပြင်းနေပြီဖြစ်သည်။

"ကူ-ကူ-ကူး..."



www.burmeseclassic.com

www.burmeseclassic.com



အိမ်၏အနောက်ဘက်ဆီက ချုံကူသံတစ်သံကိုကြားလိုက်ရပြီး..

"ဆရာ..ကျွန်တော်တို့သွားကြရအောင်၊ ကျွန်တော့်သူငယ်ချင်း ရောက်နေပြီ"

"အေး.."

သူနှင့်မှုစမ်း၊ အိုက်ကော ပေါ်ထောင်သည့်နောက်ကိုလိုက်ခဲ့ကြသည်။

မြို၏အနောက်ဘက် ဝင်ပေါက်၊ ထွက်ပေါက်လေးအတိုင်း ထွက်လာခဲ့ကြပြီးနောက် စိမ့်ညို့ညို့အပင်ကြီးတစ်ပင်ဆီသို့ရောက်ခဲ့ကြသည်။

သူတို့အပင်ကြီးအောက်ကိုရောက်သည်နှင့် သစ်ပင်ကြီးနောက်ကွယ်မှ အိုက်ကောနှင့်သက်တူရွယ်တူ လူငယ်တစ်ယောက်ထွက်လာခဲ့သည်။

"ခနောင်... ဒါ ငါပြောတဲ့ ဆရာမှုစမ်းနဲ့ ကိုစိုင်းစံဇ"

"ဟုတ်ကဲ့.. ကျွန်တော် စိုင်းခနောင်ပါ"





သူတို့ (၄) ယောက် သစ်ပင်ကြီးအောက်တွင်ထိုင်လိုက်ကြသည်။

"ကိုယ်တို့အရင်ဆုံးသိချင်တာ ဦးပလိုင်တူးရဲ့ကျန်းမာရေး နောက်ဆုံးအခြေအနေပဲ စိုင်းခနောင်"

"ဦးပလိုင်တူး.. ကျန်းမာရေးအခြေအနေကတော့ လုံးဝမကောင်းတော့ဘူးဆရာ"

"ဟေ....မင်းဘယ်လိုသိထားလို့လဲ"

"လွန်ခဲ့တဲ့(၃)ရက်လောက်က မြို့ကဆရာဝန်တစ်ဦးဆေးလာကုတော့ အပြန်မှာ ကျွန်တော့်ကိုလိုက်ပို့ခိုင်းတယ်၊ လမ်းရောက်တော့ ကျွန်တော်လည်းသိချင်တာနဲ့ မေးကြည့်တော့ ဦးပလိုင်တူးဟာ လည်ချောင်းကင်ဆာဖြစ်နေတယ်တဲ့၊ သူထက်ပြီးနေရရင် အလွန်ဆုံး တစ်လလောက်ပဲ ခံတော့မှာတဲ့ဆရာ"

စိုင်းခနောင် ပြောလိုက်သောစကားကို နှစ်ယောက်လုံးနားထောင်ပြီးခေါင်းထဲတွင် အတွေးများစွာရှုပ်ထွေးသွားမိသည်။

"စိုင်း..မင်းဘယ်လိုစဉ်းစားထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး စင်စောကိုချုပ်ကိုင်နိုင်ရင် တစ်လလောက်ပဲရှိတော့တာဆိုတော့ စင်စောအနေနဲ့ သူ့ဇာတ်ကြီးအတွက် ဘယ်လောက်ပဲ မေးဆင်မေးဆင် ဒီတစ်လကို ကျော်နိုင်မှာတော့ မဟုတ်ဘူး"

"အင်း... ခုသူ့ဇာတ်ရဲ့နောက်ဆုံးအခြေအနေကို မမကြီးကဖွင့်ပြောမယ်လို့တော့ မထင်ဘူး၊ သေချာပေါက်ထိန်ချန်ထားမှာပဲ စိုင်း။ ဒါတို့မဖြစ်မနေ စဉ်းစားရမှာက မမကြီးနောက်ဆုံးအချိန်ဟာ နိုင်ငံခြားမှာရှိနေကြတဲ့ ဦးရီးတော်တို့ရောက်မလာခင်မှာ သူ့ရဲ့ကြံစည်မှုကို အပြီးသတ်လုပ်မှာပဲ၊ ဒီတစ်လအတွင်းမှာ စင်စောကို မမကြီး တစ်ခုခုလုပ်နိုင်းတော့မှာ သေချာတယ်"

"မှစမ်း ဒါတို့ ဦးပလိုင်တူးနဲ့ တွေ့ရင်ကောင်းမလား"

"တွေ့ဖို့ကတော့ အရမ်းကိုခက်ခဲမယ်ကွ"

"ဆရာတို့တွေ့ချင်ရင် အဆင်ပြေမယ့်အချိန်တော့ရှိတယ်"

"ဘယ်လိုအဆင်ပြေမှာလဲ၊ လုပ်စမ်းပါဦး စိုင်းစနောင်"

"ဒီလိုဆရာ၊ ဒီနေ့ တောင်ပိုင်းရွာမှာ ရိုးရာပွဲရှိတယ်လေ၊ ဒီပွဲကို ဗထူးစောတို့တစ်တွေအားလုံး သွားကြမှာ၊ ကျွန်တော့်ကိုတောင်ခေသေချာချာစောင့်ဖို့တောင် ပြောထားသေးတယ်"

"ဒါဆို အဆင်ပြေတာပေါ့"

"သူတို့ဘယ်အချိန်လောက်သွားနိုင်မလဲ စိုင်းစနောင်"

"ညနေစောင်းတာနဲ့ သွားကြမှာပါဆရာ"

"အင်း...ညနေစောင်းတဲ့အထိ စောင့်ကြရုံပဲရှိတော့တာပေါ့ကွာ.."







www.burmeseclassic.com

www.burmeseclassic.com

စိုင်းစံဖတို့ အိုက်စေတာအိမ်မှထွက်တော့ မှောင်စပြုနေလေ ပြီ၊ တစ်ရွာလုံး တိတ်ဆိတ်နေတာကိုလည်း သတိပြုမိလိုက်သည်။

"အိုက်စေတာ..."

"ဗျာ...ဆရာ"

"မင်းတို့တစ်ရွာလုံးကလူတွေ ဘယ်ရောက်ကုန်ပြီလဲကွ"

"တောင်ပိုင်းပွဲကိုသွားကြတယ်လေ၊ ဒီဒေသမှာ ရှလိုပွဲ တလေးတွေရှိမှ သွားကြလာကြရတာဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ခြော်.."

ရွာရဲ့အနောက်ဘက် တောလမ်းကလေးအတိုင်းဆက်ပြီး လျှောက်လာကြရင်း သိပ်မကြာ၊ စိုင်းခနောင်စောင့်နေသော နေရာဆီကိုရောက်ခဲ့ကြတော့သည်။

"ဆရာတို့လာကြဗျာ"

"ဟိုကောင်တွေ သွားကြပြီလား စိုင်းခနောင်"

"သွားကြပြီဆရာ၊ ဦးပလိုင်တူးတောင် အမောဖောက်ချင်သလိုဖြစ်နေတယ်"

"ဟင်.."

"ဟာ.."

"ဆရာဝန်ခေါ်ဖို့ရော မမှာသွားဘူးလား"

"ဘာမှ မပြောသွားဘူးဆရာ၊ ပေးထားတဲ့ဆေးကိုပဲ တိုက်နိုင်းထားတယ်"

စိုင်းစံဇတို့ အိမ်လေးပေါ်သို့တက်ခဲ့ကြပြီး အပေါ်ကိုရောက်တော့ ညည်းညူနေသော ဦးပလိုင်တူးကို မီးအိမ်ကလေးအောက်တွင်





တွေ့လိုက်ရသည်။

ဦးပလိုင်တူးဘေးတွင် ဝင်ထိုင်လိုက်ပြီး အခြေအနေကို အကဲခတ်နေလိုက်သည်။ သူတို့စကားပြောဆိုဖို့ အခြေအနေနှင့် အခွင့်အရေးရမရတော့ မသိနိုင်သေးချေ။

"ဆရာ...နိုးလိုက်ရမလား"

"စိုင်းခနောင်..မနိုးနဲ့ဦး။ သူအိပ်ပျော်အောင်အိပ်ပါစေကွာ"

ရောဂါဝေဒနာကိုခံစားနေရတဲ့ သူ့ပေါ်မှာ ဒေါက်တာမှုစမ်းတနာစွာဖြင့် မနိုးဘဲထားလိုက်သည်။

"ဒီကောင်တွေ ဘယ်အချိန်လောက်မှ ပြန်လာမှာလဲ"

"မနက်မိုးလင်းမယ်ဆရာ"

"ဒါဆို အချိန်ရပါတယ်ကွာ၊ အိပ်ရေးဝအောင်အိပ်ပါစေ"

"ဆရာတို့ ရေချေးကြမ်းနဲ့ မြည်းဖို့တစ်ခုခုသွားစီစဉ်ကွာ စိုင်းခနောင်"

"အေး..အေး.."

စိုင်းခနောင် အောက်ဘက်ကို ပြန်လည်ဆင်းသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



အခေါ်တွင် စိုင်းစံဖတို့ အတွေးကိုယ်စီဖြင့် စကားမပြောဖြစ်ခဲ့ကြ၊ အကြီးမားဆုံးအန္တရာယ်ကြီးကမကြာခင်ရောက်လာတော့မှာဖြစ်ခြင်း ကြောင်းစိတ်တွေ မောပန်းနေကြရတာ အမှန်ပင်၊

"စိုင်း..."

"မင်းဘာပြောချင်လဲ ပြောလေ"

"မင်းနဲ့ငါ ရင်ဆိုင်နေရတဲ့ကိစ္စက အပြစ်မဲ့တဲ့ ကလေးငယ် တစ်ယောက်ကိုကယ်နေတာလား။ ဒါမှမဟုတ် ကျောက်စံအိမ်သခင်မ တစ်ပါးကိုကယ်တင်နေတာလား"

"မင်းပြောတာ (၂)ခုလုံးမှန်တယ် မှုစမ်း။ ဒီ့ထက်ပြည့်စုံအောင် ပြောရရင် အတ္တကြီးလှတဲ့ မကြီးရဲ့ရက်စက်မှုကြီးကို စိန်ခေါ်လိုက်တာပဲ"

"ဘာ...စိုင်း...မကြီးကို စိန်ခေါ်လိုက်တာ ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ မှုစမ်း၊ အမြင်ကျဉ်းမြောင်းတဲ့ ပဒေသရာဇ်ဝါဒတစ်ခုကို ခေတ်နဲ့မညီလျော်မှန်းသိရက်နဲ့ အတင်းဖွတ်ပုံသွင်းနေတာကို ဘယ်လိုမှ လက်သင့်ခံလို့မရတာတော့ အမှန်ပဲကွာ"





"ငါတစ်ခုတော့ မေးချင်တယ်"

"မှုစမ်း... မင်းက ငါတို့ ကျောက်စံအိမ်ကြီးနဲ့ စိမ်းတဲ့သူမှ မဟုတ်ဘဲကွာ၊ ဘာကိုမေးနေရဦးမှာလဲ"

"စိုင်း... ငါက ကျောက်စံအိမ်ကြီးနဲ့ဝေးတဲ့သူမဟုတ်ဘူးဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျောက်စံအိမ်ကြီးရဲ့ မျိုးနွယ်စုဥပဒေကိုတော့ ငါမသိတာ အမှန်ပါ"

"မှုစမ်းရေ... မျိုးနွယ်စုဥပဒေဆိုတာ အရှိန်ကာလတစ်ခုကရှိခဲ့တာပါ၊ အေး...ပြောရရင်တော့ ဒီဥပဒေကြီးကို ကိုင်စွဲနေတာ ဒီအရှိန်မှာမကြီးပဲရှိတော့တာပါကွာ"

"မကြီးဟာ ဘွဲ့ရပညာတတ်တစ်ယောက်ပါ၊ ဘာကြောင့် ဒီရှေးရိုးစွဲကြီးကို လက်ကိုင်ထားရသလဲမသိဘူး"

"မကြီးရဲ့အတ္တရှုပ်ဟာ ပညာဉာဏ်ကင်းမဲ့စေခဲ့ပြီ မှုစမ်း"

"တကယ့်ကိုကြောက်စရာကောင်းလိုက်တာ...ဟင်း..."

ဒေါက်တာမှုစမ်း သက်ပြင်းတစ်ခုကို မွန်းကျပ်စွာချလိုက်ပါတော့သည်၊ မိမိဘဝ၏ အနာဂတ်ကို အကောင်းဆုံးပုံဆောင်ပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့် ကေရာဇ်စံအိမ်တော်ကြီးမှာ ဒေါက်တာမှုစမ်း အတွက် ထာဝရ ကျေးဇူးကောင်းကင်ကြီးတစ်ရပါ...

"ဆရာ...ဦးပလိုင်တူး နီးနေပြီ"

"အေး...အေး..."

ဦးပလိုင်တူးကိုထားသောနေရာဆီသို့ထလာကြပြီး....

"ဦးပလိုင်တူး....နေကောင်းတယ်နော်"

"မောင်ရင်တို့က ဘယ်သူတွေလဲကွယ်"

"သူက ကေရာဇ်စံအိမ်ကြီးရဲ့ဆွေမျိုးဝင်တစ်ဦးပါ"

"ဪ...သိပြီ၊ ကေရာဇ်စံအိမ်တော်ကြီးရဲ့ သခင်လေး စိုင်းစံဗ ပေါ့နော်"

"ဟုတ်ပါတယ် ဦးပလိုင်တူး"

"သခင်လေး ရလိုက်တာတာကိုအရမ်းကျေးဇူးတင်တယ် ဆုံစည်းဖို့အခွင့်အရေးပေးတဲ့ ဘုရားသခင်ကိုလည်းကျေးဇူး တင်ပါ တယ်"

ဦးပလိုင်တူး လှဲနေရာမှအားယူထသောကြောင့်စိုင်းစနောင်





တွဲထူပေးလိုက်ရသည်။

"ဦးပလိုင်တူး...ကျွန်တော့်ကိုတွေ့ချင်နေတာပေါ့"

"ဟုတ်ပါတယ်ကွယ်"

"ဘာကိစ္စများရှိလို့လဲ ဦးပလိုင်တူး"

"သ...သမီးလေး စင်စောကိုကယ်ပေးပါကွယ်"

"ဗျာ..."

"ဟာ..."

ဦးပလိုင်တူးစကားကြောင့် နစ်ယောက်လုံးအံ့အားသင့်သွား ကြသည်။

"ဘာကြောင့် ကယ်ခိုင်းရတာလဲ"

"သမီးလေးကို ကေရာဇ်စံအိမ်ရှင် သခင်မကြီးက ဦးလေးကို အားစာခံလုပ်ပြီး သမီးလေးကို မဟုတ်တာတွေ ခိုင်းတော့မယ်၊ ကယ်... ကယ်ပေးပါ...သခင်လေးရယ်၊ ကျုပ်ဘဝက ဘာမှ မထူးတော့ပါဘူး သေမယ့်နေ့ရက်ကို ကျုပ်သိထားပြီးပါပြီ၊ ကျုပ်ကြောင့် သမီးလေး ဘေးဒုက္ခတွေ မရောက်စေချင်တော့ဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးပလိုင်တူး ဘာကြောင့်ရလိုပြောနိုင်တာလဲ"

"တစ်နေ့တာ ကျူပ်သတိလစ်နေပြီထင်ပြီး မြို့က သခင်မကြီး လူသုံ့တစ်ဦးပြောနေတာကို ကြားလိုက်ရတာပါ"

"ဦးလေး...စင်စောကို ပြောမပြဘူးလား"

"သမီးလေးနဲ့ စကားအကြာကြီးပြောဖို့ အခွင့်အရေးမပေးပါဘူးကွယ်၊ ပြီးတော့ သမီးလေးက တစ်လမှာ တစ်ခါလောက်ပဲ လာတွေ့နိုင်တာပါ"

"ဦးပလိုင်တူး စိတ်အေးအေးထားပြီး ကိုယ့်ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ၊ စင်စောကို ကျွန်တော်တို့ ကယ်ပေးပါ့မယ်၊ တစ်ခုတော့ ဦးလေး ကူညီပါ၊ စင်စောကို ဦးအသံနဲ့ အဖြစ်မှန်ကိုပြောပြပေးပါ၊ ကျွန်တော်တို့မှာ ဗီဒီယိုကင်မရာ ပါ,ပါတယ်"

"အေး...အေး...ဦးလေးပြောမယ်"

ဦးပလိုင်တူးပြောသော စကားကို ဒေါက်တာမှုစမ်း ဗီဒီယိုရိုက်ယူထားလိုက်တော့သည်။

ဦးပလိုင်တူးအိပ်ပျော်သွားတော့မှ အပြင်သို့ပြန်ထွက်ခဲ့ပြီး





စိုင်းစံဖလက်ကနာရီကိုကြည့်လိုက်တော့ နံနက်(၃း၀၀)နာရီထိုးလုလု ဖြစ်နေလေပြီ။

"အိုက်ကော နဲ့ စိုင်းခနောင်"

"ရှာ..."

"ဆရာ..."

"ငါတို့ပြန်ကြတော့မယ်၊ မနက်အရုဏ်တက်တာနဲ့ ရွာက နေ ထွက်မယ်၊ မင်းတို့ရလိုကူညီပေးတာကို အရမ်းကျေးဇူးတင်ပါတယ်"

"စိုင်းခနောင်..."

"ပြောပါဆရာ"

"ဦးပလိုင်တူးကို ဂရုစိုက်ပေးပါကွာ"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် ဖခင်တစ်ယောက်လို ဂရုစိုက်ပါ့ မယ်"

စိုင်းစံဖ ကျေနပ်စွာခေါင်းညိတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"ခင်စောပျောက်နေတယ်ဟုတ်လား"

ဒေါက်တာမှုစမ်း၊ သောက်လက်စ အအေးခွက်ကို စားပွဲပေါ် ချပြန်ပြီးတင်ကာ အံ့ဩစွာနှင့်မေးလိုက်သည်။

"ဟုတ်တယ်မှုစမ်း... ခင်စောပျောက်နေတာ ဒီနေ့နဲ့ဆို (၆) ရက် မြောက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့နဲ့တွေ့ပြီးနောက်ရက်ကစပြီး ပျောက်သွားတာပေ့ါ ဟုတ်လား"

"ဟုတ်တယ်"

"စိုင်း...ခင်စောနဲ့ငါတို့တွေ့တာကို မမကြီးသွားလို့ ရှင်းပစ်လိုက်ပြီလား မသိဘူး"

"ငါလည်း..မင်းလိုပဲ တွေးမိတယ် မူစမ်း"

"မမကြီးရဲ့လုပ်ရပ်တွေက အရမ်းကိုဥပဒေမဲ့လွန်းနေပြီကွာ၊ သူ့အတွက်ကြောင့်ကြားက အပြစ်မဲ့သူတွေ ဆုံးရှုံးနစ်နာနေတာကတော့ လုံးလုံးမဖြစ်သင့်ဘူး"

"မဖြစ်သင့်ဘူးဆိုပေမယ့် ငါတို့ဘက်က မမကြီးကိုတားနိုင်တဲ့အခြေအနေမျိုး မရှိတော့ သူလုပ်သမျှတွေကို လက်ပိုက်ကြည့်နေရဦးမှာပေ့ါကွာ"

စိုင်းစံဖနှင့်ဒေါက်တာမူစမ်း နှစ်ယောက်လုံး မမကြီး၏ ရက်စက်မှုတွေကို ဟန့်တားနိုင်စွမ်းမရှိတာကြောင့် စိတ်ပျက်နေမိတော့သည်။





"ဟာ..ဒေါက်တာ.."

စိုင်းစံဖတို့ထိုင်နေသော စားပွဲဘေးဘက် စားပွဲကိုကင်မရာကြီး လည်ပင်းဆွဲလျက် ဝင်လာသူက ဒေါက်တာမူစမ်းကို နှုတ်ဆက်ခြင်းဖြစ်သည်။

"ကိုဝင်းမောင်ကြီးဘယ်က သတင်းယူပြီးပြန်လာတာလဲဗျ"

ကိုဝင်းမောင်မှာ မူစင်းသတင်းထောက်တစ်ဦးဆိုတာကို သိထားပေမဲ့ လူချင်းကတော့ သိပ်ပြီးမရင်းနှီးခဲ့ပါ။

"ဘယ်ကရှိမလဲဗျာ၊ ကျောက်ဆူးတောင်ကြောကြားမှာ မိန်းကလေးအလောင်းတစ်လောင်းကိုတွေ့လို့ သတင်းသွားယူတာ၊ အလောင်းက ပုံပျက်နေပါပြီ"

"ဟင်.."

မိန်းကလေးအလောင်းဟူသော အသံကိုကြားသဖြင့် နှစ်ယောက်လုံးစိတ်ဝင်စားသွားကြသည်။

"ဘယ်သူဘယ်ဝါဆိုတာရော သိပြီးပြီလား"

"မသိရသေးဘူးဗျ၊ ကျွန်တော့်စိတ်ထင်တော့ ဒီမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးတာဟာ မရှိသေးဘူး"

"မရှိသေးဘူးဆိုတာ အသေတ်ခံရတယ်လို့ဆိုတာပေါ့"

"ဟုတ်တယ် ဒေါက်တာ၊ ကျွန်တော့်အတွေ့အကြုံအရပြော ရရင် ဒီမိန်းကလေးကို သတ်ပြီးမှ လာပြီးပစ်သွားတာ"

"ဒဏ်ရာဒဏ်ချက်ရာတွေလား"

"ဒဏ်ရာဒဏ်ချက်ကတော့ မရှိဘူး၊ ဒါပေမယ့် ဒဏ်ရာမပေါ် ဘဲ သတ်လိုက်တဲ့ပုံစံမျိုးဗျ၊ ခါတ်ခွဲစမ်းကနေ အဖြေထွက်လာတော့မှ သေသေချာချာ ပြောနိုင်မှာ"

"အလောင်းသယ်သွားပြီလား"

"ရင်ခွဲရုံကို ပို့လိုက်ကြပြီလေ"

စိုင်းစံဇ မျက်လုံးထဲတွင် ခင်ဇော ပုံရိပ်ကိုမြင်ယောင်နေမိ တော့သည်။

"မှုခမ်း"

"မင်းဘာပြောချင်လဲ"

"မင်းနဲ့ငါ ရင်ခွဲရုံကို လိုက်သွားမလား"





"အေး... လိုက်သွားကြမယ်၊ ခင်ဇောအတွက် အဖြေတစ်ခု ရတာပေါ့၊ သွားကြမယ်"

စိုင်းစံဇနှင့် ဒေါက်တာမှုခမ်း ကားတစ်စီးစီဖြင့် ရင်ခွဲရုံသို့ ထွက်လာခဲ့ကြသည်။

ဆေးရုံ ရင်ခွဲရုံသို့ရောက်၍ နှစ်ယောက်သား ဝင်မည်အပြု နယ်မြေခံ စခန်းမှူး ကိုဇော်လတ်နှင့် မျက်နှာချင်းဆိုင် ဆုံတွေ့လိုက် ကြသည်။

"စိုင်းနဲ့ မှုခမ်းတို့ပါလား၊ ဘယ်ကိုလာကြတာလဲ"

"ဒီလိုပဲ ဇော်လတ်၊ ရင်ခွဲရုံကိုရောက်နေတဲ့မိန်းကလေးနဲ့ ပတ်သက်ပြီး ကြည့်ချင်လို့"

"ကြည့်ချင်တယ်ဆိုတော့ အကြောင်းများရှိနေလို့လား"

"ဒီလို ဇော်လတ်ရ၊ စိုင်းအိမ်မှာ နေတဲ့မိန်းကလေးတစ်ဦး ပျောက်နေတာ လေးငါးရက်လောက်ရှိပြီ၊ ဒါကြောင့် ဟုတ်မဟုတ်လာ ပြီးကြည့်တာ"

"မိန်းကလေးမျက်နှာက ပျက်နေပြီစိုင်း... မင်းမှတ်မိနိုင်ပါ့



www.burmeseclassic.com

မလား"

"ကြည့်ပြီးတော့မှ အဖြေပေးနိုင်မယ်"

"ဒါဆိုငါလည်းတစ်ခေါက်မင်းတို့နဲ့အတူဝင်ကြည့်မယ်၊ မိန်းကလေးဘယ်သူဘယ်ဝါဆိုတာ သဲလွန်စပျောက်နေတယ်"

(၃)ယောက်သား ရင်ခွဲရုံသို့ဝင်လာခဲ့ကြပြီး အလောင်းထားသော စင်နားမရောက်ခင်ကတည်းက အနံ့အသက်ကို မခံနိုင်ခြင်းကြောင့် နှာခေါင်းပိတ်ပြီး အနားသို့ကပ်ခဲ့ရလေသည်။

အလောင်းမျက်နှာမှာ အဝတ်လေးကို ပျက်နေပြီဖြစ်သော်လည်း၊ စိုင်းစံဖသည် အလောင်းအနေအထားကို သေသေချာချာ ကြည့်ပြီး ခင်စောဆိုတာကို ခိုင်မာစွာ ဆုံးဖြတ်လိုက်တော့သည်။

"စိုင်း...ဘယ်လိုလဲ"

"သူ ခင်စောပဲ"

"ဟာ..."

"သေချာရဲ့လား စိုင်း"

"လုံးလုံးမလွဲနိုင်ဘူး ဖော်လတ်၊ အဓိကကျဆုံးအချက်က





တော့ ခင်စော ဘယ်ဘက်ခြေထောက်က အမာရွတ်ကြီးပဲ၊ ငါတို့အိမ်ကို ရောက်ပြီး တစ်လလောက်မှာ ရေနွေးပူလောင်ပြီး ရခဲ့တဲ့ဒဏ်ရာပဲ"

"ဖော်လတ်..."

"ဘာလဲ မှူးစမ်း"

"ဒီမိန်းကလေး သေဆုံးမှုပေါ်မှာ မင်းဘယ်လိုကောက်ချက် ချမလဲ"

"လက်ရှိအခြေအနေအရတော့ သေချာခိုင်လုံတဲ့အထောက်အထားမရသေးတော့ ဘာဆိုတာကိုပြောလို့တော့ မရသေးဘူး၊ ဒါပေမယ့် အခြေအနေတစ်ရပ်ကို အနီးစပ်ဆုံးသုံးသပ်ကြည့်မယ်ဆိုရင် လုပ်ကြံခံရတာပဲ၊ ဆေးရုံက ဆေးစစ်ချက် အဖြေထွက်လာရင်တော့ ပိုပြီး သေချာပြောနိုင်မှာပေါ့။ စိုင်း... မင်း စခန်းကို ခဏလိုက်ခဲ့ဦးကွာ၊ သေဆုံးသွားတဲ့ ခင်စောနဲ့ပတ်သက်ပြီး သိချင်တဲ့အချက်အလက်လေး တွေ ကို ကူညီပေးပါဦး"

"ရပါတယ်ကွာ၊ လုပ်ပေးရမှာပေါ့"

"ငါတော့ မလိုက်တော့ဘူး၊ ဂျူတီဝင်စရာရှိသေးတယ်"

www.burmeseclassic.com



"မင်းနေခဲ့တော့လေ၊ ငါပဲ လိုက်သွားတော့မယ်"

"စိုင်း..."

"ဆို..."

"မင်းနဲ့ငါ ဒီကြားထဲမှာ အဆက်အသွယ်ပြတ်လို့တော့ မရဘူးနော်"

"စိတ်ချ..."

ဒေါက်တာမူစမ်းကိုနှုတ်ဆက်ပြီး ရဲစခန်းကိုလိုက်ခဲ့တော့သည်။

* * * * * * *



## အခန်း (၅)

"ဦးရိုးတော် ဦးခွန်နောင်ရှို ... ကေရာဇ်စံအိမ်တော်ကြီးကို ရောက်နေတယ်.. ရုတ်ရုတ်ရှင်းလာခဲ့ပါ"

"ဟင်..."

စိုင်းစံ့ဖဆီကို မမကြီးဆီက ဖုန်းခေါ်သံကြောင့် သူများစွာ အံ့အားသင့်သွားခဲ့ရသည်။ ဦးရိုးတော် ဦးခွန်နောင်ရှို..အင်္ဂလန်ကနေ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ကိုဘယ်လိုအရေးတကြီးကိစ္စကြောင့်ရောက်ခဲ့ရသလဲဆို တာကို နားမလည်နိုင်အောင်ဖြစ်သွားခဲ့ရသည်။

ဦးရိုးတော် ဦးခွန်နောင်ရှိုဖဲရောက်ရှိခြင်းသည် ကောင်းသော လာခြင်းတစ်ရပ်ဟုပင်ဆိုရမလားမသိ၊ မရိုးတော်အတွက် ကာကွယ်နိုင် ဖို့အခွင့်အရေးတစ်ရပ်ကို ရလိုက်ပြီလို့ ထင်မိလိုက်သည်။

စိုင်းစံဖ သူ့ကားလေးကို မောင်းထွက်လာရင်း မြို့အဝင် လမ်းမ ဆီသို့အရောက် ဒေါက်တာမူစမ်းကားနှင့်မျက်နှာချင်းဆိုင်တွေ့ သဖြင့် ကားကို ရပ်လိုက်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။

"စိုင်း...ဦးရိုးတော် ရောက်နေတယ်ဆို"

"ဟုတ်တယ်မူစမ်း... ငါ့ကို မမကြီး ဖုန်းဆက်ပြီးခေါ်တာနဲ့ ရ သွားမလို့"

"ကိစ္စတစ်ခုခု ထူးခြားလို့လား"

"ဘာမှန်းတော့ မသိသေးဘူး၊ အိမ်ကိုရောက်မှပဲ သိရမှာ မင်း လိုက်ခဲ့လေ"

"ငါလိုက်လို့မရသေးဘူး၊ အရေးပေါ်လူနာတစ်ယောက် ခွဲ





စိတ်ခန်းဝင်ရဦးမယ်၊ နောက်မှ မင်းနဲ့ငါ ပြန်ပြီးဆုံကြတာပေါ့၊ သြော်.. စိုင်း.."

"မင်း ဘာပြောချင်လဲ ပြောလေ"

"ဦးရိုးတော်ဟာ ငါတို့အတွက် အခွင့်ကောင်းတစ်ရပ်ပဲ၊ ဒီပေါ် မှာ မင်းအနေနဲ့ရော ငါ့အနေနဲ့ရော လက်လွှတ်ခံလို့တော့ မဖြစ်ဘူး နော်"

"အေး..ငါလည်း ဒီအခွင့်အရေးကိုပဲ တွေးနေတာပါ၊ သွား မယ်ကွာ"

တစ်ယောက်ပခုံးကို တစ်ယောက်ပုတ်လိုက်ပြီး ကားပေါ်သို့ တက်ခဲ့ကြလေသည်။

စိုင်းစံဖ ကားမောင်းရင်း သူတို့ ရင်ဆိုင်နေရသော အခြေ အနေတွေကို စဉ်းစားနေမိသည်။

အမိတစ်ဝမ်းတည်းက အတူတူ ဆင်းသက်ခဲ့ကြသော မောင် နှစ်ယောက်ကြားတွင် ရန်သူသဖွယ် မုန်းတီးမှုတွေနှင့် မျက်နှာချင်း ဆိုင်ရမည့်အခြေအနေကို မကြုံချင်ပေမဲ့ ကြုံရတော့မည်ဖြစ်သည်။



www.burmeseclassic.com

"တုန်း..."

စိုင်းစံဖ ... ကျောင်းအိမ်ကြီးသို့ရောက်ပြီး အိမ်တော်ထဲသို့ လှမ်းပြီး ဝင်လိုက်ရာ ဧည့်ခန်းမကြီးတွင် ဦးရိုးတော် နှင့်မမကြီး ထိုင်နေသည်ကိုတွေ့လိုက်ရသည်။

ဦးရိုးတော်မျက်နှာနှင့် မမကြီးတို့မျက်နှာတွေကို အမှတ်မထင် သတိထားပြီးကြည့်လိုက်မိ၏။ ဦးရိုးတော်မျက်နှာမှာ ခက်ထန်နေသလိုရှိနေပေမဲ့ သိပ်ပြီးတင်းမာမှုကိုတော့မပြ။ ဦးရိုးတော်နှင့်နောင်ရိုးဟာ စိုင်းစံဖတို့ငယ်ငယ်လေးကတည်းက ကြောက်ရွံ့ရသူတစ်ဦးဖြစ်သည်။

မမကြီးကတော့ ဦးရိုးတော်ရှေ့တွင် ဘယ်လောက်ပဲ ကျောင်းအိမ်ကြီးရဲ့သခင်မကြီးဖြစ်နေပေမဲ့ သိုးငယ်တစ်ကောင်လို ပင်နေရသည်။

"စိုင်း...ဒီမှာထိုင်"

"ဟုတ်ကဲ့"

ဦးရိုးတော်ဆီမှ ထိုင်ခွင့်ပြုမှသာ ထိုင်ခွင့်ရသဖြင့် မမကြီး





ဘေးဘက်ဆိုဖာတွင် ဝင်ပြီးထိုင်လိုက်သည်။

"ခင်စော ဘာကြောင့်သေရတာလဲ"

"ဗျာ.."

မထင်မှတ်ဘဲ မေးလိုက်သောအမေးစကားကြောင့် စိုင်းစံဖ ဘာပြောရမှန်းပင် မသိဖြစ်သွားပြီးမှ....

"ကျွန်တော် သေတဲ့အထိပဲ သိပါတယ် ဦးရိုးတော်"

သူ့စကားကြောင့် ဦးရိုးတော်မျက်နှာပေါ်တွင် တင်းမာမှုဖြစ်သွားကာ မျက်ထောင့်နီကြီးဖြင့်ကြည့်နေသည်။

"ဝါထပ်ပြီးမေးမယ်၊ ခင်စောအသတ်ခံရတယ်ဆိုတာ ဟုတ်လား"

"သက်ဆိုင်ရာဘက်ကတော့ အသတ်ခံရတယ်ဆိုတာ ကိုတော့ သံသယရှိနေပါတယ်၊ နိုင်လုံတဲ့အချက်အလက်ကတော့မရသေးပါဘူး ဦးရိုးတော်"

"ငါကြားသလောက်ကတော့ ခင်စောဟာ သူ့ကိုယ်သူ အဆုံးစီရင်လိုက်တယ်တဲ့"

www.burmeseclassic.com



"ရဲဘက်ကလည်း လက်ရှိအခြေအနေကို ဒီအတိုင်းပဲအမှု ဖွင့်ထားပါသေးတယ်"

"ထားလိုက်ပါလေ၊ အမှန်တစ်ရကတော့ တစ်နေ့ပေါ်လာမှာပေါ့ကွာ၊ စောကလျှာသျှင်က မိန်းကလေးမွေးထားတာဆိုတော့ ခေတ်မင်းဘယ်လိုစဉ်းစားထားလဲ"

"တူမတော်လေး အသက် (၁၆) နှစ်ပြည့်တဲ့နေ့မှ ကျောက်စံအိမ်တော်ကြီးရဲ့အရာအားလုံးကို လွှဲပြောင်းပေးမှာပါ ဦးရီးတော်"

"ဒီပေါ်မှာ မင်းတို့(၂)ယောက်လုံး ဘာပြောချင်တာရှိလဲ၊ ငါတို့ ဘိုးဘွားအစဉ်ဆက်က ကျင့်သုံးခဲ့တဲ့ ရိုးရာစည်းမျဉ်းကြီးကို ပြောင်းလဲဖို့ဆန္ဒရှိရင် ပွင့်ပွင့်လင်းလင်းပြော"

"ပြောစရာမရှိပါဘူး ဦးရီးတော်၊ ကျွန်မကတော့ သက်ဆုံးထိ ကျင့်သုံးသွားမှာပါ"

မမကြီး၏ ပဒေသရာဇ်အတွေးမာန်တွေကြောင့်ထွက်ပေါ်လာသောစကားလုံးတွေဟာ မာကျောနေသည်။

"ဦးရီးတော် အပြစ်တင်မယ်ဆိုလည်း တင်ပါ၊ ကျွန်တော်က





ခေတ်စနစ်နဲ့မကိုက်ညီတော့တဲ့ပြဋ္ဌာန်းချက်တွေကိုပယ်ဖျက်ပေးစေချင်ပါတယ်၊ ဘိုးဘွားအစဉ်ဆက်ရိုးရာဓလေ့တွေကို ဖျက်ဆီးတာမျိုး မဟုတ်ပါဘူး။ လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းကြားမှာ ဝင်မဆန့်တဲ့ ကိစ္စတွေကို ပြုပြင်စေချင်ပါတယ်"

"စိုင်း...မင်းဘက်က ဘာကို အရင်ဆုံးပြောင်းလဲသင့်တယ်ဆိုတဲ့အချက်ကိုပြောပြလေ"

"ခု...ကျွန်တော်တို့အိမ်တော်ထဲမှာ အလုပ်သမားတွေပေါ်မှာ ကျေးကျွန်တွေလို နိုင်းစေမှုတွေကို ကြည့်ရင် ဒါဟာ လူသားအချင်းချင်း အနိုင်ကျင့်မှုတစ်ရပ်ပါ ဦးရီးတော်"

"ဒါအနိုင်ကျင့်တာ မဟုတ်ဘူး၊ ကျေးကျွန်ကို ကျေးကျွန်လို မဆက်ဆံရင် တန်းတူရည်တူထားရမှာလား၊ ပြောစမ်းပါဦး စိုင်း"

မမကြီးနှင့် စိုင်းစံဖတို့ဦးရီးတော်ရှေ့တွင် ထိပ်တိုက်စတင်ပြီး တွေ့တဲ့ပွဲလေးတစ်ခု...

"မမကြီးအခု ခေတ်ဟာ အရမ်းကို ဘောင်ကျဉ်းနေပြီ၊ ယနေ့ အလုပ်ရှင် အလုပ်သမားဆိုတဲ့ကာလမှာတောင် အမြဲအနိုင်ကျင့်တာ



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ မတရားနိုင်းစေမှုတွေကို ကာကွယ်ပေးတဲ့ ဥပဒေတွေဟာ နိုင်ငံတိုင်းမှာရှိနေပြီ မမကြီး"

"ဌါ့စံအိမ်မှာ ငါ့ဥပဒေပဲရှိတယ်"

"မမကြီးစံအိမ်ဟာ ကမ္ဘာကြီးရဲ့အပြင်ဘက်မှာသီးခြားရှိနေတာ မဟုတ်ဘူး မမကြီး...လူသားတွေနေထိုင်တဲ့ကမ္ဘာကြီးထဲမှာ ရှိနေတာလေ၊ ဒီတော့ ကမ္ဘာ့လူသားတွေ လိုက်နာရမယ့် ဥပဒေကို မမကြီး ဆန့်ကျင်လို့မရဘူး"

"ငါဘယ်တော့မှ မလိုက်နာဘူး"

"ကဲ...တော်ကြတော့၊ မင်းတို့ (၂) ယောက်လုံးရဲ့သဘောထားကို ငါစဉ်းစားမယ်၊ စကားကိုရပ်လိုက်တော့၊ ခင်စောအတွက် နစ်နာမှုတွေရော၊ ဒေဝီ..မင်းလုပ်ပြီးပြီလား"

"ပြီးပါပြီ"

"ခင်စောနေရာကို နောက်တစ်ယောက်ထားဖို့ရော စဉ်းစားထားလား"

"ဟုတ်ကဲ့ စဉ်းစားထားပါတယ် ဦးရီးတော်"





"ဒေဝီ..မင်းစဉ်းစားထားတာကို ရပ်လိုက်တော့"

"ရှင်..."

"ခင်စော နေရာကို အစားထိုးဖို့ မိန်းကလေးတစ်ဦး ကို ငါ ရှာပေးမယ်"

"ဟင်.."

မမကြီးနှုတ်ဖျားမှာ စကားတွေ ကျန်နေပေမဲ့ ဦးရီးတော်ရေ့ ဖွင့် ဆက်ပြီးမထွက်ရဲခဲ့ပါ။

"စိုင်း...မနက်ဖြန် မင်းနဲ့ငါ တစ်နေရာကိုသွားစရာရှိတယ်"

"ဟုတ်ကဲ့"

"ခင်စောစောသွားမယ်၊ နဂါအနားယူတော့မယ်၊ သျှင်နဲ့ တူမတော်လေးကို မင်းတို့နှစ်ယောက်လုံး ဂရုစိုက်ပါ"

မမကြီးနှင့် စိုင်းစံဖ ပြိုင်တူခေါင်းလေးပဲညိတ်လိုက်ကြသည်၊ ဦးရီးတော် အပေါ်ထပ်သို့တက်သွားပြီးနောက် စိုင်းစံဖ အပြင်သို့ပြန်ပြီး ထွက်မည်အပြု..

"စိုင်း..."



www.burmeseclassic.com

www.burmeseclassic.com



မမကြီးဖေါ်သံကြောင့် ခြေစုံရပ်ပြီးလှည့်ကြည့်လိုက်သည်။ မမကြီးသူ့နားကိုလျှောက်လာပြီး....

"မင်းခေါင်းထဲမှာ ကောရာဇ်စံအိမ်ကြီးကိုပြောင်းလဲဖို့ အစီအစဉ်ကို ထုတ်ပစ်လိုက်ပါ"

"ကျွန်တော့်ဘက်က နောက်မဆုတ်ခဲ့ရင်ရော မမကြီး"

"မင်းဟာ ငါ့ရဲ့ရန်သူတစ်ယောက်ဖြစ်သွားမှာပေါ့စိုင်း"

စိုင်းစံဗ ဘာစကားမှ မဆက်တော့ဘဲ မမကြီးမျက်နှာကို နာကျင်စွာကြည့်ပြီး အိမ်ပြင်သို့ထွက်ခဲ့တော့သည်။



# အခန်း ( ၆ )

တောတန်းလမ်းသွယ်တွေ၊ တောင်ကြီးတွေကို ကွေ့ပတ်ပြီး ဖောက်ထားသော လမ်းကလေးတွေအတိုင်း တစ်နာရီကျော်လောက် မောင်းခဲ့ပေမဲ့ ဦးရီးတော် သွားမည့် ရွာကလေးကို အရိပ်အယောင်ပင် မတွေ့ရသေးပေ။

"စိုင်း....ရှေ့နားက တို့ဟူးဆိုင်မှာ ကားရပ်ပြီး တို့ဟူးစားကြရအောင်"

ဤဒေသမှာ ရှာစ်ရှိန်တုန်းက ခရီးသွားလာလို့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သော ဒေသကလေးတစ်ခုဖြစ်နေပေမဲ့ ခုတော့ တောင်တန်းဒေသ အတွက် စစ်မဲ့ဒေသလေးတစ်ခုဖြစ်ခဲ့တာကြောင့် ငြိမ်းချမ်းနေလေပြီ။

တို့ဟူးဆိုင်ကလေးရှေ့တွင် ကားရပ်ပြီး ခင်းကျင်းထားသော စားပွဲပုကလေးတွင် ဦးရီးတော်နှင့် ဝင်ပြီးထိုင်ကာ တို့ဟူးမှာလိုက်သည်။

"စိုင်း..."

"ဟုတ်ကဲ့...နားထောင်နေပါတယ် ဦးရီးတော်"

"ငါ မြန်မာပြည်ကို ဘာကြောင့်အရေးတကြီး ရောက်ခဲ့ရသလဲ ဆိုတာ မင်းသိလား"

"မသိပါဘူး ဦးရီးတော်"

"အင်း...အရှင်းဆုံးပြောရရင် ဒေဝီကြောင့်ပဲ"

"ဗျာ..."

"မင်းအစ်မ ဒေဝီဟာ သျှင် မွေးခဲ့တဲ့ သမီးလေးပေါ်မှာ မကောင်းကြံမယ်ဆိုတာ ငါသိနေတယ်"

"ဟင်..."





"ဒါပေမဲ့ သူ့ဘက်ကနေ ပေါ်ပေါ်ထင်ထင် လုပ်မှာမဟုတ်ဘူး ဆိုတာလည်း ငါသိတယ်၊ မင်း မိဘတွေဆုံးပါးသွားပြီးကတည်းက မင်းတို့ (၃)ယောက်ကို ငါထိန်းကျောင်းလာခဲ့တာပဲကွာ၊ ဘယ်သူ့စိတ် ဓာတ် ဘယ်လိုဆိုတာ ငါအသိဆုံးပေါ့၊ ဒေဝီဟာ ကောက်ကျစ်မှုတွေ၊ အတ္တကြီးမှုတွေ၊ အလိုရမ္မက်ကြီးမှုတွေက သိပ်ကိုတစ်ဖက်စွန်းကျနေ တယ်"

"ဦးရီးတော် သိထားသလို မမကြီးဟာ တူမတော်လေးကို အန္တရာယ်ပြုဖို့ကြံစားနေပါတယ်၊ ကျွန်တော်နဲ့ မှုခမ်းတို့ အတတ်နိုင် ဆုံးတော့ ကာကွယ်နေပါတယ်"

"မင်းတို့နှစ်ယောက် ကာကွယ်မှုဟာ ဒေဝီရဲ့ကောက်ကျစ်မှု ကို မတားဆီးနိုင်ပါဘူး။ ဒေဝီဟာ မကောင်းတဲ့ဘက်မှာ သိပ်ကိုတော် တဲ့သူပါ"

"ဦးရီးတော် တူမလေးရဲ့အသက်အန္တရာယ်ကိုကာကွယ်ပေး ပါဦး"

"ငါ့မြေးမလေးအတွက် ငါမြန်မာပြည်ကို ရောက်လာခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ”

“ဝမ်းသာလိုက်တာ ဦးရိုးတော်ရယ်”

“ဂျဲဘက်က ကာကွယ်ပေးမယ်ဆိုပေမဲ့ မြေမလေးနားမှာ အရိုန်ပြည့်နေနိုင်မှာမဟုတ်ဘူးလေ၊ မြန်မာပြည်မှာ ငါနေခွင့်ရတာက (၅)ရက်ထဲ”

“ဟာ…ဒါ…ဒါဆို..”

“ဒီအတွက် ငါစီစဉ်ပေးခဲ့မှာပါ”

ဦးရိုးတော်တစ်ယောက် ဘာတွေ စီစဉ်ပေးမလဲဆိုတာကို စိုင်းစံဖ စိတ်ဝင်စားခဲ့သည်။

“စိုင်း..ခု ငါသွားနေတဲ့ရွာကလေးမှာ မိန်းကလေးတစ်ယောက်ကို သွားပြီးခေါ်ရမှာ”

“ဟင်..”

“ဒီမိန်းကလေးဟာ မြေမလေးနဲ့ သျှင်ကို ကာကွယ်ပေးနိုင်မယ့်သူပဲ”

စိုင်းစံဖ မယုံနိုင်သောမျက်လုံးတို့ဖြင့် ဦးရိုးတော်ကိုစိုက်ကြည့်





နေမိသည်။

“မိန်းကလေးအမည်က ဖွန်မိုးစက်တဲ့၊ သူဟာ ကေရာဇ်စံ အိမ်ကြီးရဲ့သွေးသားတော်စပ်သူမဟုတ်ပေမဲ့ မင်းတို့အဘိုးရဲ့အသက်သခင်ကျေးဇူးရှင် ဦးထောလပိုင်ရဲ့ မြေးကလေးပဲကွယ်၊ မင်းအဘိုးမသေခင်က ဦးထောလပိုင်ကို ရှာနိုင်းခဲ့ပေမဲ့ လုံးလုံးမတွေ့ခဲ့ဘူး”

“အဘိုးရဲ့အသက်သခင်ကျေးဇူးရှင်ဖြစ်ရတာ ဘယ်လိုအကြောင်းကြောင့်လဲ ဦးရိုးတော်”

“ဒီလိုစိုင်းရေ…မင်းအဘိုးဟာ တောပစ်ထွက်တာကို အရမ်းဝါသနာထုံတဲ့သူလေ၊ ဦးထောလပိုင်က မင်းအဘိုးရဲ့လှူယံတော်တစ်ဦးပေါ့၊ ဒီလိုနဲ့ တစ်နေ့ တောပစ်ထွက်ရင်း တောထဲမှာ ကျားသစ်တစ်ကောင်ရဲ့ရန်ပြုခြင်းကိုခံရချိန်မှာ ဦးထောလပိုင်ဟာ မင်းအဘိုးကို ဝင်ကယ်ရင်း ဒဏ်ရာအပြင်းအထန်ရသွားခဲ့တယ်၊ ဒီဒဏ်ရာကြောင့်ပဲ ဦးထောလပိုင်ရဲ့ညာဘက်ခြေထောက်ဖြတ်ပစ်ခဲ့ရပြီး ဒုက္ခိတဘဝကို ရောက်ခဲ့ရတယ်”

“အဘိုးကရော…ဦးထောလပိုင်အတွက် ဘာမှ ကူပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား"

"အင်း...ဒီစကားပြောရရင် မင်းရဲ့အဘိုး မကောင်းမှုကြောင့်လို့ဆိုရမှာပဲ၊ မင်းရဲ့အဘိုးလည်း ကျားသစ်ကုတ်တဲ့ဒဏ်ရာနဲ့ဆေးကုသခဲ့ပေမဲ့ ဒဏ်ရာဟာ တစ်နေ့ထက်တစ်နေ့ မသက်သာတာကြောင့်နိုင်ငံခြားမှာ သွားပြီးကုသရတဲ့အခြေအနေမျိုးထိကို ရောက်ခဲ့ရတယ်၊ မင်းအဘိုး ဆေးကုသဖို့မသွားခင် သူ့ရဲ့ညီဖြစ်တဲ့ ခွန်သာလှိုင်ကို တာဝန်တွေပေးခဲ့ပေမဲ့ ဘာတစ်ခုမှ လုပ်ပေးတာမျိုးမရှိခဲ့ဘူး။ ဦးထောလှိုင်ဟာ ဆေးရုံကဆင်းတော့ ကျောက်စံအိမ်တော်ကြီးကို မပြန်တော့ဘဲ သူ့ဇွေးရပ်ဇာတိကိုပြန်သွားတယ်"

"သူပြန်သွားတာကို အဘိုးကရော မရှာခဲ့ဘူးလား"

"ရှာဖို့တော့ ကြိုးစားခဲ့ပါတယ်၊ ခက်နေတာက ဒီတုန်းက တိုင်းပြည်မှာ အခြေအနေတွေက မကောင်းသေးတော့ ဦးထောလှိုင်နေထိုင်တဲ့ဒေသကို ဘယ်လိုမှ မသွားနိုင်တာနဲ့ အဆက်အသွယ်လုံးလုံးပြတ်သွားတဲ့အဆင့်ကို ရောက်ခဲ့ရတယ်လေ၊ နောက်ဆုံး မင်းအဘိုး ဝိမ်းပါးသွားတဲ့အထိ ဦးထောလှိုင်ကိုတွေ့ခွင့်မရခဲ့ပါဘူး"





"ဦးရိုးတော်...ရဲ့ ဘယ်လိုအဆက်အသွယ်ရခဲ့တာလဲ"

"ဦးထောလှိုင် သတင်းနဲ့ပတ်သက်ပြီး မြန်မာပြည်မှာ ငါလူတစ်ယောက်ကို စုံစမ်းခိုင်းထားခဲ့တာ၊ ရဲ့ သူ့ဆီက သတင်းရတာနဲ့ မြန်မာပြည်ကို ချက်ချင်းထွင်းလာပြီး လာရှာတာပဲ စိုင်း...ငါတို့မျိုးနွယ်စုတွေဟာ ကျေးရွာတရားပေါ်မှာ အရမ်းကိုသိတတ်ကြတဲ့သူတွေပဲ၊ ဒါကြောင့် ဦးထောလှိုင်ကို မတွေ့တွေ့အောင်ရှာခဲ့တာပဲ"

ဦးရိုးတော်စကားဆုံးသွားသည်နှင့် တို့ဟူးဖိုးကိုပေးပြီး ခရီးဆက်ထွက်ခဲ့ကြတော့သည်။ နောက်ထပ် နာရီဝက်နီးပါး မောင်းလိုက်သည်နှင့် ရှမ်းပြည်မြောက်ပိုင်း ရွာကလေးတစ်ရွာဆီသို့ရောက်ခဲ့ကြသည်။

"ဦးရိုးတော်"

"ဘာလဲ စိုင်း.."

"ဦးထောလှိုင်အိမ်က ဘယ်နားမှာလဲ"

"ငါလည်း မသိသေးဘူး၊ ရွာက လူတစ်ဦးဦးကိုမေးကြည့်ရမှာပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးထောလပိုင်က ခုထိ အသက်ရှင်လျက်ရှိနေတုန်းပဲလား ဦးရီးတော်"

"ဦးထောလပိုင် ဆုံးသွားတာ (၁)နှစ်လောက်ရှိနေပြီ"

"ဟင်..ဒါဆို သူ့မှာ သားသမီးတွေတော့ ကျန်ရစ်ခဲ့မှာပေါ့"

"ဦးထောလပိုင်မှာ သမီးလေးတစ်ယောက်ပဲကျန်ခဲ့တာလေ၊ စောအဲမူတဲ့.. သူလည်း သေသွားပါပြီ"

"ဟင်...ဒါဆို"

"ဦးထောလပိုင်ရဲ့မြေးကလေး ဖွန်မိုးစက်ပဲ ကျန်ခဲ့တာကို လာပြီးခေါ်တာ"

"ဖွန်မိုးစက်မှာ တခြားဆွေမျိုးတွေ မရှိကြဘူးလား ဦးရီးတော်"

"မရှိတော့ဘူး တူတော်မောင်၊ သူဦးလေးတစ်ဦးရဲ့ ထိန်းကျောင်းမှုအောက်မှာကြီးပြင်းခဲ့ရတာ"

ရွာထဲမှာ လူငယ်တစ်ယောက်ကိုတွေ့သဖြင့် ဖွန်မိုးစက်၏ ဦးလေးဖြစ်သူ ပအိုင်ထူးကိုမေးလိုက်သည်။





"ဆရာတို့ ပအိုင်ထူးကိုတွေ့ချင်တယ်ဆိုရင် ရွာလူကြီးအိမ်ကိုသာ တစ်ခါတည်းလိုက်သွား"

"ဟော..."

"ဟာ...ဦးပအိုင်ထူးဘာဖြစ်လို့လဲ"

"ဦးပအိုင်ထူး ဖြစ်တာမဟုတ်ဘူး၊ဗျို့ သူ့တူမ မိဖွန်ဖြစ်တာ"

"မိဖွန်ဖြစ်တာ"

စိုင်းစံဇနှင့် ဦးရီးတော် အံ့အားသင့်စွာဖြင့် ရွာလူကြီးအိမ်ဘက်ဆီသို့ ထွက်လာခဲ့ကြပေမဲ့ ရွာလူကြီးအိမ်ကို ဝါးတံတားမှ ဖြတ်သွားရမှာမို့ ကားကို ထားရစ်ခဲ့ပြီး ခြေလျင်လျှောက်လာခဲ့ကြရသည်။

ရွာလူကြီးအိမ်နားသို့ရောက်လာသောအခါ လူအုပ်စုကြီးကို ထပ်ပြီးတွေ့ရသဖြင့် လူအုပ်ကြားထဲသို့တိုးဝင်ပြီးကြည့်လိုက်မိသည်။

"မိဖွန်... ခုကိစ္စကို နင်ဘယ်လိုရှင်းမလဲ"

"ဘာမှ ရှင်းစရာမလိုဘူး၊ မတရားတာလုပ်တာကို ဝင်ပြီးဖြေရှင်းတာ၊ သူကြီးကြိုက်သလို ဆုံးဖြတ်"

"မိဖွန်...သမီးရယ်.. ကိုယ့်သူကြီးကို ဒီလိုမပြောရဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဘကလည်း ဒီလိုမပြောလို့ ဖွန်က ဘယ်လိုစကားလုံးတွေကို သုံးရမှာလဲ"

"မဟုတ်သေးပါဘူးကွယ်၊ သူကြီးရယ် ကျုပ်တူမလေးအတွက် တောင်းပန်ပါတယ်"

"ပအိုင်...ရက်စွက ပါးစပ်နဲ့တောင်းပန်လို့ရတဲ့ကိစ္စမဟုတ်ဘူး၊ တန်ရာတန်ကြေးပေးပြီး လျော်ရမှာကွ"

"ဘယ်လောက်တောင်လျော်ရမှာလဲ"

"(၁၀) သိန်း"

"ဗျာ..."

"အဘ...ဘာမှ မလျော်နဲ့၊ လျော်စရာလည်းမရှိဘူး၊ ကြိုက်သလိုလုပ်ပါစေ"

"သူကြီးရယ်...ဒီလောက်ကြီးတော့ ကျုပ်တို့မတတ်နိုင်ပါဘူးဗျာ"

"မတတ်နိုင်ရင်တော့ ကျုပ်က လုပ်စရာရှိတာဆက်ပြီးလုပ်ရမှာပဲ၊ ပေါ့ကောင် ဖွန်ပါနဲ့ ကျင်လုံ၊ မီဖွန်ကို ကြိုးချည်လိုက်"





"ဟုတ်..."

"ဟုတ်...ဟုတ်ကဲ့"

ဖွန်ပါနှင့်ကျင်လုံ ... သူကြီးအမိန့်ကြောင့် ဖွန်မိုးစက်နားကို ကြိုးများကိုင်ပြီး ခပ်ရွံ့ရွံ့ကပ်လာစဉ်...

"ငါ့နားကပ်တဲ့ကောင်ကတော့ ကံဆိုးသူပဲ၊ ဘာမှ ကြိုးချည်ရောမလိုဘူး၊ မီဖွန်ဆိုတဲ့ကောင်မက သွေးကြောင်တဲ့မိန်းမမျိုးမဟုတ်ဘူး၊ ကြိုက်တဲ့နေရာကို ခေါ်လိုက်မယ်၊ ဘိုးတော်ဘုရားလက်ထက်က ပုံစံမျိုးနဲ့ အာဏာပါဝါတွေ လာပြီးမပြနဲ့၊ နောက်ထပ်အမှုတစ်ခု ထပ်တိုးလိုက်မယ်"

ဖွန်မိုးစက် စကားကြောင့် ရွာလူကြီးဦးမောင်ထောခါး တစ်ယောက်တွန့်သွားသည်၊ ဖွန်မိုးစက်ဟာ မိန်းကလေးတစ်ဦးဖြစ်ပေမဲ့ လွယ်လွယ်သူတော့မဟုတ်၊ ယောကျ်ားလေးတစ်ယောက်နှစ်ယောက်လောက်တော့ တမဖွဲ့သဂေ့ လက်ရဲဇက်ရဲရှိလှသူ၊

သူ့စိတ်ထဲမှ ...တရားဘူးထင်ရင် ဘာကိုမှ ဂရုစိုက်တတ်သူမဟုတ်၊ တကယ့်အကြောက်တရားကင်းလှသော ဖွန်မိုးစက်ပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သူကြီးက မျက်နှာလိုက်လွန်းတယ်"

"ဟုတ်ပါ့တော်... သူနဲ့ဆွေမျိုးတော်တယ်ဆိုပြီး သက်သက်ဘက်လိုက်တာ"

"သူတူ့ မျက်စီးသွားတဲ့ ဆိုင်ကယ်က (၁၀)သိန်းတန်လို့လား။ ဒါ သက်သက် မတရားလုပ်တာ"

စိုင်းစံဖတို့နားတွင် ရွာသူရွာသားတွေ ပြောနေကြသည့် စကားကြောင့်....

"အဒေါ်...ဘာကြောင့် ရွာလူကြီးက (၁၀)သိန်းတောင်လျော်ခိုင်းရတာလဲ"

"ဘာဖြစ်ရမလဲ... ရွာလူကြီးတူတော်မောင် စိုင်းနေမျိုးဆိုတဲ့ကောင်လေ၊ ရွာထဲက ကလေးတစ်ယောက်ကို ဆိုင်ကယ်နဲ့ ပွတ်သွားတာကို သူက ဆေးခန်းတွေဘာတွေ မပို့တဲ့အပြင် ကလေးကိုတောင် ဆဲဆိုသွားတယ်၊ ပြီးတော့ ကလေးမိဘတွေကိုတောင် ကြိမ်းမောင်းသွားလို့ မိဖွန်က ဒေါသဖြစ်ပြီး စိုင်းနေမျိုး ဆိုင်ကယ်ကို ဝါးဆစ်ပိတ်နဲ့





ရိုက်ချိုးပစ်လိုက်တာကို လျော်ကြေးတောင်းနေတာ၊ သူ့တူ မိုက်ရိုင်းတာကျတော့ ဘာမှမပြောဘူး"

ဖွန်မိုးစက် သတင်းကို ကြားလိုက်ရခြင်းကြောင့် စိုင်းစံဖလေးစားမိသွားသည်။

"တကယ့် အာဂမိန်းကလေးပါလား"

ဖွန်မိုးစက်ကို ရွာလူကြီး ရှေ့ကနေ ဦးဆောင်ပြီးထွက်လာသည်နှင့် ဦးရိုးတော်မှ...

"ခဏနေပါဦး"

"ဟင်...ခင်ဗျားဘယ်သူလဲ"

ရွာလူကြီး ဦးမောင်ထော ဦးရိုးတော်မျက်နှာကိုသေသေချာချာကြည့်ပြီးမေးလိုက်သဖြင့်

"ကျုပ်နာမည်က ခွန်နောင်ချိုလို့ခေါ်တယ်၊ မြောက်ပိုင်းငြိမ်းချမ်းရေးတပ်ဖွဲ့ခေါင်းဆောင် တပ်မှူးကြီးခွန်ပလောရဲ့ဆရာပဲ"

"ခင်...ဗျာ..."

တစ်ချိန်က မြောက်ပိုင်းဘက်တွင် ခွန်ပလောဆိုရင် ဓားပြင်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရဲလောက်အောင် ပြဲအကြီးမားသူဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးယူသွားပြီး မြောက်ပိုင်းဒေသလုံခြုံရေးဆိုင်ရာကို ဆက်ပြီးတာဝန်ယူထားသော သူဖြစ်သောကြောင့် ရွာလူကြီးဦးမောင်ထော သွေးပျက်သလိုဖြစ်သွားသည်။

"ဆ...ဆရာကြီး...တောင်းပန်ပါတယ်၊ ဘာကူညီရမလဲ ခင်ဗျာ..ပြောပါ"

"မင်းနောက်က မိန်းကလေးကို စလွှတ်ပေးပါ"

"ဗျာ...သူ..သူက ဆိုင်ကယ်ကို ဖျက်ဆီးထားတဲ့သူ၊ ပြီးတော့ မိန်းကလေးသာဆိုတယ်၊ သူ့လက်ချက်ကြောင့် ကွဲပြဲတဲ့သူတွေက မနည်းတော့ဘူး။ စုလည်း အသားလွတ်ကြီး သူနဲ့ဘာမှ မဆိုင်ဘဲ ဆိုင်ကယ်ကို ဖျက်ဆီးလိုက်တာ"

"ဦးမောင်ထော..ကျုပ်အားလုံးသိပြီးပါပြီ၊ ခင်ဗျားတို့ မတရားလုပ်တာကျတော့ ခင်ဗျားဘာမှအရေးမယူလို့ စုလိုဖြစ်ရတာ မဟုတ်လား"

"မ...မဟုတ်ပါဘူးဗျာ"





"ဟုတ်တာတွေ မဟုတ်တာတွေ ပြောမနေနဲ့တော့၊ ခင်ဗျားအဲ့ဆိုင်ကယ်တန်ဖိုးအတွက် ကျုပ် (၃) သိန်းပေးမယ်"

"ဦးရိုးတော်... (၃) သိန်းတောင် မတန်ဘူး၊ သူတို့ဆိုင်ကယ်တွေက မှောင်ခိုဆိုင်ကယ်တွေ၊ တရားမဝင်ဘူး၊ ဥပဒေလမ်းကြောင်းအတိုင်းသာ လုပ်နိုင်းလိုက်ပါ"

"ဒီ...ဒီလိုတော့ မလုပ်ပါနဲ့ဗျာ"

ရွာလူကြီးဦးမောင်ထော လေသံပျော့သွားပြီး...

"ဟဲဟဲ..ဒီကဆရာတို့အနေနဲ့ မိဖွန်ကိုတာဝန်ယူမယ်ဆိုရင် ကျုပ်တို့ဘက်က ဘာလျော်ကြေးမှ မယူတော့ပါဘူး"

"မိဖွန်ကို ကျုပ်တာဝန်ယူတယ်"

"အယ်.."

စိုင်းစံဖနှင့် ဦးရိုးတော်တို့ကို ဖွန်မိုးစက် မျက်တောင်မခတ်ဘဲ စိုက်ကြည့်ကာ အံ့အားသင့်နေလေသည်။

"ကျေး...ကျေးဇူးတင်ပါတယ်၊ ဆရာတို့ရယ်"

ဦးပအိုင်ထုး... ဦးရိုးတော်ကိုကျေးဇူးတင်စကားတွေ ပြော



www.burmeseclassic.com

www.burmeseclassic.com



နေတော့သည်။

"ကျေးဇူးတင်စရာမလိုဘူးဦးပအိုင်ထူး၊ ဖွန်မိုးဇက်အတွက် ကျုပ်ဟာ ကျေးဇူးတင်ရမယ့်သူမဟုတ်ပါဘူး"

"ဗျာ.."

"ကဲပါ.. ခင်ဗျားအိမ်ရောက်မှ စကားပြောကြတာပေါ့၊ သွားကြရအောင်"

"ဟုတ်...ကဲ့.. သမီးလေး.. သွားကြမယ်"

ဖွန်မိုးဇက် စကားတစ်ခွန်းမှပင် မပြောဘဲ စိုင်းစံဖနှင့် ဦးရိုးတော်ကိုအကဲခတ်လေ့လာရင်းနောက်ကနေ လိုက်လာတော့သည်။

"မိဖွန်.."

"ဟင်..."

အသံနက်တစ်ခုကို နောက်မှကြားလိုက်ရပြီးလှည့်ကြည့်လိုက်တော့ စိုင်းနေမျိုးနှင့်လူ(၃)ယောက် လက်ထဲတွင် တုတ်၊ ဓား၊ ကိုယ်စီနှင့်တွေ့လိုက်ရသည်။

"ဘာလဲ နေမျိုး"





"နင့်ဆီက လျှော်ကြေးတောင်းမလို့"

"တစ်ပြားမှ ပေးစရာမရှိဘူး"

"ဟားဟားဟား.. တခြားကောင်တွေကိုပဲ နင် ဒီစကားလုံးသုံးလို့ရမယ်၊ စိုင်းနေမျိုးဆိုတဲ့ကောင်ကို ဒါမျိုးစကားလုံးတွေနဲ့မရဘူး"

"မရဘူးထင်ရင် နင်ကြိုက်သလိုရှင်း"

"ငါသိပ်ပြီး ရှင်းတာပေါ့"

စိုင်းနေမျိုးတို့ ရှေ့ကိုတိုးလာစဉ်....

"ဟေ့ကောင်တွေ.. မင်းကိစ္စကို ရွာလူကြီးနဲ့ရှင်းပြီးပြီလေ၊ မင်း ဘာကြောင့်မကျေမနပ်ဖြစ်ရတာလဲ"

"ကျုပ် ဦးလေး ရှင်းပေးတာကို လက်မခံနိုင်ဘူး"

"ဒါဆိုလဲ မင်းဦးလေးနဲ့ပဲ သွားပြီးရှင်းပေါ့"

"ကျုပ် ဒီဟာမနဲ့ပဲ ရှင်းချင်တာ"

"တော်တော်သတ္တိကောင်းတဲ့ကောင်ပါလားကွ၊ မိန်းကလေးတစ်ယောက်ကို ယောက်ျားရင့်မကြီး (၄)ယောက်က တုတ်၊ ဓားတွေ



www.burmeseclassic.com

www.burmeseclassic.com



သုံးတာ သိပ်ပြီးတော့ သဘာဝ မကျဘူးနော်"

"ခင်ဗျား ပါးစပ် ပိတ်နေစမ်း"

တစ်ဖက်က တိုက်ခိုက်ဖို့ပြင်လာပြီဖြစ်သောကြောင့် စိုင်းစံဝေ ရင်ဆိုင်ဖို့ပြင်သလို ဖွန်မိုးစက် ရှေ့ကိုထွက်လိုက်သည်။ ဦးရိုးတော်က တော့ တည်တည်ငြိမ်ငြိမ်ပင် ရပ်နေသည်။

"သိပ်ပြီး သတ္တိကောင်းတဲ့ကောင်တွေ လာခဲ့ကြစမ်း"

"ရှကွာ.."

စိုင်းနေမျိုးကလွဲပြီး နောက်လိုက်(၃)ယောက်လုံး လက်နက် ကိုယ်စီဖြင့် ဝိုင်းဝင်တိုက်ခိုက်ကြလေသည်။

"ဗို..."

"ဖြောင်း..ခွပ်..ဒုတ်...အင့်..."

စိုင်းစံဝေမှာ တုတ်သမားတစ်ယောက်ကိုသာ တိုက်ခိုက်နိုင်ပြီး ဖွန်မိုးစက်ကတော့ (၂)ကောင်ကို တစ်ပြိုင်တည်းတိုက်ခိုက်မှုမှာ အရမ်းကိုမြန်ဆန်လှသည်။

"ဟင်.."





"ဟာ.."

စိုင်းနေမျိုးလက်ထဲတွင် ခြောက်လုံးပြူးကိုတွေ့လိုက်ရ သည်။

"မင်းတို့ ဘယ်လောက်စွမ်းသလဲဆိုတာကို ကြည့်ကြသေး တာပေါ့..ကဲ.."

"ဒိုင်း.."

"အ..."

"ဟာ..."

သေနတ်သံနှင့်အတူ စိုင်းနေမျိုးလက်ထဲမှ သေနတ် အောက် သို့လွင့်စဉ်သွားသည်ကိုတွေ့မြင်လိုက်ရသည်။

"ခွေးမသား..ရှုထွဲခေါ်ခဲ့စမ်း"

ကျေးရွာလုံခြုံရေး တာဝန်ယူထားသော သူများကိုတွေ့လိုက် ရလေသည်။

"ကိုစစ်မောင်ရယ်..ကျုပ်..ကျုပ်တောင်းပန်ပါတယ်"

"ဦးမောင်တော..ခင်ဗျားတို့ကိုဆက်ပြီးတော့ ကာကွယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရင်ခင်ဗျား ခုနေရာကနေ ကျောခိုင်းဖို့သာပြင်ထားလိုက်တော့၊ တရား ဥပဒေစိုးမိုးတဲ့နယ်မြေမှာ လက်နက်ကိုကိုယ့်သဘောနဲ့ကိုယ် ကိုင်ပိုင်ခွင့်မရှိဘူး"

"ကျွန်တော်... တောင်းပန်ပါတယ် ဆရာစစ်..."

"နောက်ကျသွားပြီ... စိုင်းစေမျိုး၊ မင်းဦးလေး ဩဇာအာဏာကို အသုံးချပြီး လုပ်ပါးဝနေတာ ကြာပြီ၊ ခုတော့ ဇာတ်သိမ်းသွားပြီပေါ့ကွာ၊ ခေါ်သွားကြတော့၊ ဒီက ညှို့သည်တွေကိုတောင်းပန်ပါတယ်"

"ရပါတယ်...တာဝန်အတိုင်းလုပ်သင့်တာကို ဆက်ပြီးလုပ်ပါ"

စိုင်းစံဖ၊ ဦးရိုးတော်၊ ဦးပအိုင်ထူးနှင့် ဖွန်မိုးစက်တို့ အိမ်သို့ ဆက်ပြီးလျှောက်ခဲ့ကြတော့သည်။

စိုင်းစံဖ သိလိုက်ရတာ တစ်ခုကတော့ ဖွန်မိုးစက်သည် သာမန်မိန်းကလေးတစ်ဦးမဟုတ်ဟုပင်...။



# အခန်း [၇]

ကေရာဇ်စံအိမ်ကြီး၏ ညှို့ခန်းမတစ်ခုလုံး တိတ်ဆိတ်စွာဖြင့် ဦးရိုးတော်၏ စကားသံကို နားစွင့်နေကြသည်။

မပကြီး၊ စိုင်းစံဖ၊ ဒေါက်တာမှုစမ်းနှင့် ကေရာဇ်စံအိမ်ကြီး၏ ဥပဒေအကျိုးဆောင်ရှေ့နေကြီး ဦးမြသာတို့ရှိနေကြသည်။

ဦးရိုးတော်သေားတွင် ထိုင်နေသူက ဖွန်မိုးစက်...။

www.burmeseclassic.com



"စု..ငါပြောမယ့်စကားကိုသေသေချာချာနားထောင်ကြ၊ အထူးသဖြင့် ဒေဝီ...မင်းက အရေးကြီးတယ်၊ စု ငါခေါ်လာတဲ့မိန်းက လေးဟာ ငါ့သဘော ငါ့ဆန္ဒနဲ့ရွေးချယ်ပေးတာ မဟုတ်ဘူး၊ မင်းတို့ အဘိုးရဲ့ဆန္ဒကို ငါဖြည့်ဆည်းပေးခဲ့တာပဲဖြစ်တယ်၊ ဖွန်မိုးစက်ဟာ ကောရာဇ်စံအိမ်ကြီးနဲ့ တရားဝင် အကျိုးဝင်သူတစ်ဦးဖြစ်တယ်၊ ဖွန်မိုးစက်ဟာကောရာဇ်စံအိမ်တော်ကြီးမှာအစေအပါးလုပ်ဖို့ရောက် လာတာမဟုတ်ဘူးဆိုတာတော့ အားလုံးသိထားရမယ်၊ ပြီးတော့ စောကလျာသျှင်နဲ့ မြေးလေးကို ဖွန်မိုးစက်က ကာကွယ်စောင့် ရှောက်ရှုပးတဲ့တာဝန်ကိုအထူးဆောင်ရွက်လိမ့်မယ်"

"ဟင်..."

"ဟာ.."

ဦးရိုးတော်ဆီက နောက်ဆုံးစကားကြောင့် စိုင်းစံဗတ် အားလုံးအံ့အားသင့်သွားကြသည်၊ အထူးသဖြင့်မမကြီးထိပ်တင်ဒေဝီ မှာမယုံနိုင်အောင်ဖြစ်သွားတော့သည်၊

"ဦးရိုးတော်"





"မင်းဘာပြောချင်လဲဒေဝီ"

"စောကလျာသျှင်အတွက် အစေအပါးတစ်ယောက်ကို ကျွန်မရှာဖွေထားပါတယ်"

"မင်းရှာဖွေထားတဲ့သူကိုမင်းတခြားနေရာမှာပဲသုံးလိုက်ပါ"

မမကြီး ထိပ်တင်ဒေဝီ.. ဦးရိုးတော် ဆုံးဖြတ်ချက်ပေါ်မှာ မကျေနပ်ပေမဲ့မလိုက်နာလို့မရပေ..

"ဦးမြသာ.."

"ဟုတ်ကဲ့ပြော.."

"ဖွန်မိုးစက်ပွင့်..ဒီနေ့ဒီရက်ကစပြီးကောရာဇ်စံအိမ်ရဲ့မိသားစု ဝင်စာရင်းထဲကိုတစ်ခါတည်း ပြောင်းနိုင်အောင် စီစဉ်ပေးပါ"

"စိတ်ချပါ ဦးရိုးတော်"

"သမီးဖွန်..ဒီနေ့ ဒီရက်ကစပြီး ကောရာဇ်စံအိမ်ကြီးဟာ သမီးရဲ့တရားဝင်အိမ်အဖြစ် နေခွင့်ရှိသွားပြီဆိုတာတော့ သိထား စေ့ယ်"

"ဟုတ်ကဲ့ပါဦးရိုးတော်"



www.burmeseclassic.com

www.burmeseclassic.com



"အိုက်တူ"

"ဗျာ.. ဦးရိုးတော်"

"သမီးဖွန်ကိုနေရာလိုက်ပြီးချပေးလိုက်"

"ဟုတ်ကဲ့.."

"ဦးရိုးတော်.. သူက စံအိမ်ကြီးမှာ မနေဘူးလား"

"ဖွန်ကို စောကလျာသျှင် အဆောင်မှာ အတူတူနေနိုင်းမှာ ဒေဝီ၊ ငါ သန်ဘက်ခါပြန်မယ်၊ မင်းတို့နဲ့ စကားပြောဆိုဖို့ ဒီနေ့ပဲအချိန်ရတယ်၊ ရေနံကြီးဦးပြောသာရေမှာ မင်းဘက်က ဘာများပြောစရာရှိလဲ.. ပြော"

"ဦးရိုးတော် တစ်ခုတော့ပြောချင်ပါတယ်၊ ဖွန်မိုးဝက်ဟာ စောရာဇ်စံအိမ်ကြီးမှာ နေမယ်ဆိုရင် စောရာဇ်စံအိမ်ကြီးရဲ့စည်းကမ်းတွေကိုတော့ သူလိုက်နာရပါမယ်"

ဦးရိုးတော်... မမကြီး ထိပ်တင်ဒေဝီမျက်နှာကိုစေ့စေ့လေး ကြည့်ပြီး...

"ဒေဝီ.. ဖွန်မိုးဝက်ဟာ စောရာဇ်စံအိမ်ကြီးရဲ့စည်းကမ်း တွေကို အလုံးစုံတော့ တင်းကျပ်ခွင့်မရှိဘူး"

"ဦးရိုးတော်"

"ငါ ယုံကြည်ထားတာ တစ်ခုရှိတယ်၊ ဖွန်မိုးဝက်ဆိုတဲ့ ကလေးမဟာ စည်းကမ်းမဲ့တဲ့ ကလေးမ မဟုတ်ဘူး၊ လူ့စည်းလူ့ကမ်း ကို သူနားလည်ပါတယ်ဒေဝီ၊ မင်းသူ့ကို ကြိုးကိုင်ဖို့ မကြိုးစားနဲ့နော်၊ မင်းအတွက် မကောင်းဘူးဖြစ်လိမ့်မယ်"

"ဟင်.."

ဦးရိုးတော်၏ စကားအဓိပ္ပာယ်ကို မမကြီး ထိပ်ပြီးနားမရှင်း သလိုဖြစ်သွားသည်။

"ငါ့ဘက်က ပြောစရာစကားကုန်သွားပြီ၊ အပြင်မှာ လုပ်စရာ ကိုင်စရာလေးတွေရှိလို့သွားဦးမယ်"

ဦးရိုးတော် ထွက်သွားပြီးနောက် စိုင်းစံဖနှင့်ဒေါက်တာမူစမ်း ငြိမ်သက်သို ဆင်းခဲ့ကြသည်။

"စိုင်း.."

"မင်းဘာမေးချင်နေသလဲဆိုတာ ငါသိတယ်၊ ဖွန်မိုးဝက်

www.burmeseclassic.com



အကြောင်းမဟုတ်လား"

"အော..ဦးရိုးတော် ရွေးချယ်ပေးခဲ့တဲ့ အနေအထားကို ကြည့်ရတာ သျှင့်အတွက် စိတ်ချရဆုံးလူတစ်ယောက်ကို ရှာဖွေပေးခဲ့တာနဲ့တူနေတယ်..ဟုတ်လား"

"ဦးရိုးတော်ရဲ့ဆုံးဖြတ်ချက်နဲ့ အကောင်အထည်ဖော်တာကို ငါလည်း ခုမှသိရတာ"

"မင်းကိုကြိုတင်ပြီးပြောထားတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး မှုစမ်း... ငါ့ဘက်က သိထားတာက ရွှန်မိုးစက်ကို ကျောက်ရာဇ်စံအိမ်ကြီးမှာ ခေါ်ထားမယ် ဆိုတာတစ်ခုပဲသိခဲ့ရတာ ဦးရိုးတော် တခြားလုပ်ကိုင်ခဲ့တာကို တကယ်မသိခဲ့ဘူး"

"မမလေး သျှင်အတွက် ရွှန်မိုးစက်ကို တာဝန်တစ်ခုလို့ ပေးခဲ့တာဟာ မမကြီးခြေလှမ်းတွေကို ဦးရိုးတော်ကြိုတင်ပြီး သိနေလို့ဖြစ်မယ်"

"ခုလုပ်ရပ်ကိုကြည့်မယ်ဆိုရင်တော့ ဖြစ်နိုင်ခြေများတယ် ဒါပေမဲ့ ငါ့ကို မရိုးနဲ့ပတ်သက်ပြီးတော့ မပြောတာတော့ အမှန်ပဲ မှုစမ်း"





"အင်း...ငါတို့အတွက်တော့ ရွှန်မိုးစက်ဟာ အင်အားတစ်ခုလိုပဲ သဘောထားရတော့မှာပေါ့၊ ဒါနဲ့ မင်း ရွှန်မိုးစက်ရဲ့စိတ်ဓာတ်ပိုင်းကိုရော အကဲခတ်မိလား"

"သူနဲ့ငါက ဆုံခဲ့ကြတာ ရက်ပိုင်းပဲရှိနေပေမဲ့ သူ့စိတ်ဓာတ်ဟာ ဖြောင့်မတ်ခြင်း၊ ရိုးသားခြင်း၊ သစ္စာရှိခြင်းတွေ ရှိနေတယ်ဆိုတာတော့ ငါသိနေသလိုပဲ ..မှုစမ်း"

"ငါကတော့ မမလေးသျှင်အတွက် ဆုတောင်းပေးမိပါတယ်၊ ရွှန်မိုးစက်ဟာ မမလေးကို ကာကွယ်ပေးနိုင်တဲ့ မိန်းကလေးတစ်ဦးဖြစ်ပါစေလို့ပေါ့ကွာ"

"မင်း... ဆုတောင်းပြည့်နိုင်ပါတယ်"

"စိုင်း...ခုပွဲမှာ မမကြီးဘက်က သိပ်ကိုအစာမကြေတဲ့ သဏ္ဌာန်တော့ဖြစ်နေပြီနော်"

"ဦးရိုးတော်ကို ဘယ်လိုမှ မလွန်ဆန်နိုင်လို့သာ လက်ခံပေးနေရတာ၊ စိတ်ထဲမှာ ဘယ်လောက်ထိ ပေါက်ကွဲနေမလဲဆိုတာ ငါ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိုင်း…ငါတို့အတွက် အရမ်းကို သတိထားရမယ့်အကြောင်း တစ်ခုကတော့ ရင်ဆိုင်ရနိုင်တယ်"

"ဘာကိုလဲ…မှုစမ်း"

"မမကြီး ရက်စက်ယုတ်မာမှုဟာ တစ်ဖက်စွန်းထိ ဖြစ်လာနိုင်တယ်…စိုင်း"

ဒေါက်တာမှုစမ်းစကားသည် ဖြစ်နိုင်ခြေအရှိဆုံးစကားပင် ဖြစ်သည်။



## အခန်း (၈)

ဦးရှီးတော်ကို စိုင်းစံဖနှင့် မှုစမ်း လေဆိပ်ထိလိုက်ပို့ပေးခဲ့ကြသည်။ ဦးရှီးတော် လေယာဉ်ပေါ်သို့တက်ခါနီးမှ…

"စိုင်းနဲ့ မှုစမ်း"

"ဗျာ…ဦးရှီးတော်"

"မင်းတို့(၂)ယောက်လုံး ဖွန်မိုးစက်ကို စောင့်ရှောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပေးပါ"

"ဟုတ်...ဟုတ်ကဲ့"

"ငါစကားတွေကို အကုန်မပြောခဲ့တာကလွဲပြီး ကေရာဇ်စံအိမ်ကြီးရဲ့ဖြစ်ပေါ်လာမယ့်ကံကြမ္မာကို သိနေတယ်"

"ဦးရှိးတော်...ကျွန်တော်"

"စိုင်း...မင်းဘာပြောချင်သလဲဆိုတာ ငါသိတယ်၊ ငါ့ကို ပြောပြဖို့မလိုဘူး၊ ငါ...ရုမြန်မာပြည်ကိုရောက်လာတာကေရာဇ်စံအိမ်ကြီးရဲ့ကံကြမ္မာကို အဆိုးဆုံးမဖြစ်အောင် အရိုန်မီတားဆီးဖို့ကြိုးစားခြင်းတစ်ခုပဲ၊ ဒါပေမဲ့ ဒီကံကြမ္မာကို မတားနိုင်ရင်တော့ မတတ်နိုင်ဘူးပေါ့ကွာ"

ဦးရှိးတော် သူ့စကားကို အဆုံးသတ်ပြီး လေယာဉ်ဆီသို့ ထွက်ခွာသွားသည်။

စိုင်းစံဖနှင့် မှုခမ်းတို့ ဦးရှိးတော် လေယာဉ်ကြီးထွက်တော့မှ လေဆိပ်ထဲမှ ထွက်ခဲ့ကြလေသည်။

"ဦးရှိးတော်ပြောခဲ့တဲ့ကေရာဇ်စံအိမ်ကြီးရဲ့ကံကြမ္မာဆိုတာ





မမကြီးနဲ့ တိုက်ရိုက်ပတ်သက်နေပြီနော် စိုင်း..."

"ဦးရှိးတော်နှုတ်ဖျားက မမကြီးအမည်ကို ထုတ်မပြောတာကလွဲပြီး ဒီအဓိပ္ပာယ်ကိုပဲ ပြောသွားတာပေါ့ကွာ၊ ငါစိုးရိမ်တာ ဖွန်မိုးစက်အတွက်ပဲ"

"ဘာလို့လဲ"

"မမကြီးဟာ မရှိးနဲ့ပတ်သက်ပြီး ဖွန်မိုးစက်ကို အလွတ်ပေးမှာတော့မဟုတ်ဘူး"

"သိပ်ပြီးသေချာတဲ့စကားပဲပေါ့ကွာ၊ အရှင်းဆုံးပြောရရင် ဦးရှိးတော်...ဖွန်မိုးစက်ကိုမမကြီးနဲ့ထိပ်တိုက်စိန်ခေါ်မှုတစ်ခုကို ပေးခဲ့တာပဲ"

"ဟာ...ဒါ...ဆို...ဦးရှိးတော် မတရားဘူး"

"ဘာကိုမင်းက မတရားဘူးလို့ပြောရတာလဲ"

"ဖွန်မိုးစက်လိုမိန်းကလေးတစ်ယောက်အနေနဲ့ မမကြီးလို လူတစ်ယောက်ကိုဘယ်လိုလုပ်ပြီး ယှဉ်ပြိုင်နိုင်မှာလဲ"

"ဟား...ဟား...ဟား... မှုခမ်း... မင်းက ဦးရှိးတော်ကို လျှော့



www.burmeseclassic.com

www.burmeseclassic.com



တွက်တာလား၊ ဖွန်မိုးစက်ကို လျှော့တွက်တာလားတော့မသိဘူး။ သိပ်ပြီး မစိုးရိမ်ပါနဲ့ကွာ၊ ဦးရိုးတော်ဟာ မမကြီးနဲ့ယှဉ်ပြိုင်ရဲတဲ့ ပြိုင်ဘက်ကိုသေသေချာချာရွေးချယ်ခဲ့တာပါ"

"စုပွဲမှာမင်းနဲ့ငါက ပရိသတ်လိုနေပေးရမှာလား"

"မင်းနဲ့ငါအခန်းကဏ္ဍတစ်ခုတော့ ပါဝင်ရမှာပေါ့"

"ဘယ်နေရာက ပါဝင်ရမှာလဲ"

"ဖွန်မိုးစက်ကို အန္တရာယ်ပြုနိုင်မယ့်ကိစ္စတွေကို မင်းနဲ့ငါက ကူညီရှင်းပေးရမှာပေါ့"

နှစ်ဦးသား စကားပြောရင်း တောင်ကြွေပတ်လမ်းကလေးဆီသို့ရောက်ချိန်တွင်....

"ဝူ...ဝူး..."

"ဟင်.."

"ဟာ.."

သူတို့နောက်တွင် ဆိုင်ကယ်(၃)စီး၊ လူ (၆)ယောက် လိုက်လာသည်ကိုတွေ့လိုက်ရသည်။





"စိုင်း...သူတို့လက်ထဲမှာ သေနတ်တွေပါလား"

"စောင့်နေဦး"

စိုင်းစံဇ ဆိုင်ကယ်သမားတွေကိုသေသေချာချာကြည့်လိုက်မိသည်။

"မှစမ်း.. လက်ထဲမှာတော့ ဘာမှ ကိုင်ထားတာ မတွေ့ဘူး"

"ဒီကောင်တွေ လက်နက်မပါဘဲနဲ့တော့ လိုက်မလာနိုင်ဘူး"

ဆိုင်ကယ်(၃)စီးမှာ တဖြည်းဖြည်းနှင့် နီးကပ်လာနေပြီ..

"ဖောက်...ခွမ်း.."

"ဟာ..."

အသံတိတ်တပ်ထားသော သေနတ်ကိုဆိုင်ကယ်နောက်မှလိုက်လာသူက ခါးကြားကနေထုတ်ပြီး ပစ်သဖြင့် ကားနောက်မှန်ကိုထိမှန်သွားသည်။

"မှစမ်း စက်ရှိန်တင်ပြီးမောင်းတော့"

"ဝူး..."

ဒေါက်တာမှစမ်း ကားစက်ကိုမြှင့်ပြီးမောင်းထွက်ခဲ့ပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်တွေက သိပ်ပြီးမဝေးကွာတဲ့နောက်မှ လိုက်ပါလာနေကြသည်။

"ငါတို့မြို့အဝင်ကို မရောက်မချင်း အန္တရာယ်ကြီးတယ်"

"ဒီအတိုင်းဆက်မောင်းရင်ကော လွတ်နိုင်ပါ့မလား"

"လွယ်တော့မလွယ်ဘူး။ အသက်နဲ့လောင်းကြေးထပ်ပြီး ကြိုးစားရမှာလဲ"

"မှုခမ်း..."

"ဘာလဲ စိုင်း..."

"ရှေ့မှာ တောင်လျှိုလမ်းထဲကွေ့ဝင်လိုက်ကွာ၊ ပြီးမှ တောထဲကနေ ပြေးမယ်၊ ကားနဲ့ဆက်ပြီး ပြေးရင် မလွယ်လောက်ဘူး"

စိုးစံဖ ပြောသော တောကလေးမှာ သစ်ပင်ထူထပ်ပြီး ကားဆိုင်ကယ် ဝင်လို့မလွယ်သော တောအုပ်ကလေးဖြစ်သည်။

"ဒီတောအုပ်ကလေးကနေထွက်ရင် မြိမ်းချမ်းရေးကင်းစခန်းရှိတယ်၊ ဒီအထိ ဒီကောင်တွေ ဆက်ပြီး တော့လိုက်ရဲမှာတော့ မဟုတ်ဘူး"





စိုင်းစံဖပြောသောအစီအစဉ်ကို ဒေါက်တာမှုခမ်းသဘောတူလိုက်ပြီး တောင်ကြားလျှိုလမ်းကလေးအတိုင်းကွေ့ဝင်မောင်းလာပြီး တောစပ်တွင်ကားရပ်ပြီးမှ တောအုပ်ကလေးထဲသို့ပြေးဝင်ခဲ့ကြတော့သည်။

ဒီတောအုပ်ကလေးမှာ စိုင်းစံဖနှင့် ဒေါက်တာမှုခမ်းတို့ ကျောင်းသားဘဝကတည်းက ကျင်လည်ကျက်စားခဲ့သော တောအုပ်ကလေးဖြစ်ခြင်းကြောင့် နယ်မြေကျွမ်းကျင်နေပြီးသားဖြစ်သည်။

"ဒုတ်...ဒုတ်...ဒုတ်..."

သူတို့နောက်မှ လိုက်ခဲ့ကြသူတွေက အသံတိတ်တပ်ထားသော သေနတ်ဖြင့် အဆက်မပြတ် ပစ်နေပေမဲ့ ထိရောက်မှုမရှိခဲ့ကြပေ။

"မှုခမ်းရေ... ငါတို့ လမ်းစပျောက်မှုရတော့မယ်"

"ဟုတ်တယ်၊ ဒီအတိုင်းဆက်ပြီးပြေးနေရင် တစ်ချက်မဟုတ် တစ်ချက်တော့ ထိလိမ့်မယ်"

"ရှေ့နားဆိုရင် လျှိုလမ်းတစ်ခုရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း.."

နစ်ဦးသား ခြေကုန်သုတ်ပြီး လျှိုလမ်းကလေးဆီကို ပြေးဝင်ခဲ့ကြတော့သည်။

"ဒီကျောက်တုံးကြားကနေ သွားမယ်"

စိုင်းစံဖတို့ တော်တော်လေး ရောက်နေတဲ့ထိ အနောက်မှ လိုက်လာသူတွေအသံကို လုံးလုံးမကြားရသဖြင့်...

"စိတ်ချရပြီ၊ ဒီကောင်တွေ ငါတို့ ခုသွားနေတဲ့ လျှိုလမ်းကလေးကို မသိကြဘူး"

"ဟုး.."

မှုခမ်း..သက်ပြင်းရှည်ကြီးကိုချပြီး မျက်နှာက ချွေးစတွေကို သုတ်လိုက်လေသည်။ စိုင်းစံဖကတော့ ကျောက်တုံးကြီးကိုမှီချပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။

"စိုင်းရေ.. ပွဲကစပြီး ကြမ်းနေပြီဟေ့"

"မှုခမ်း..ငါ.. ဖွန်မိုးစက်အတွက် စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်၊ ငါတို့လိုပဲ သူ့ကိုရန်မူနေပြီလားမသိဘူး"





"ငါတော့ မထင်ဘူး။ ဘာကြောင့်လဲဆိုတော့ မမကြီးက ဖွန်မိုးစက်ကို ရက်ရက်စက်စက် မကောင်းကြံဖို့တော့ သူလုပ်ရဲမှာ မဟုတ်ဘူး၊ ဦးရိုးတော်ဘက်က ဖွန်မိုးစက်ကို မမလေးသျှင် နားကို ပို့ထားတဲ့ အဓိပ္ပာယ်ကိုတော့ သူသဘောပေါက်တယ်၊ သူ့ အဓိကလုပ်မှာက မင်းနဲ့ငါကို ရှင်းပစ်ဖို့ပဲ"

"မမကြီးရဲ့အတွက်ကတော့ တဖြည်းဖြည်းနဲ့ ရောက်နက်နက်ကိုရောက်နေပြီကွာ၊ ကိုယ့်ရဲ့သွေးချင်းပေါ်မှာတောင် သံယောဇဉ်ကင်းမဲ့နေပြီ...ဟင်း..."

စိုင်းစံဖ သက်ပြင်းပူတွေ မှုတ်ထုတ်ရင်း မမကြီးရဲ့မျက်နှာကို မြင်ယောင်မိတော့သည်။

"မှုခမ်း..ငါတို့ပြန်ကြရအောင်ကွာ"

"အင်း.."

စိုင်းစံဖတို့(၂)ယောက် လျှိုလမ်းကြောင်းအတိုင်းလျှောက်လာကြပြီး တောစပ်အတွက် လမ်းပေါ်သို့အရောက်...

"စိုင်းနဲ့ မှုခမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဇော်လတ်"

စန်းမူဇော်လတ်နှင့်ရဲတပ်ဖွဲ့ဝင်တွေကိုတွေ့လိုက်ရသည်။

"မင်းတို့နောက်ကို ဆိုင်ကယ်သမားတွေလိုက်ခဲ့ကြတာလား"

"အေး...ဟုတ်တယ်"

"ဘယ်သူတွေဆိုတာရော...သိလိုက်လား"

"မသိလိုက်ဘူးဇော်လတ်"

"ဘာကြောင့်လဲဆိုတာရောတွက်ဆမိလား"

"အင်း...ပြောရခက်နေတယ်ကွာ"

"စိုင်း...မင်းသိနေတယ်လို့ငါယုံတယ်၊ ထားလိုက်ပါလေ၊ မင်းအတွက် အခက်အခဲဖြစ်စေမယ့် ပုစ္ဆာကို ငါမမေးတော့ပါဘူးကွာ။ မင်းကားကိုတော့ ငါတို့ပြန်ယူလာတယ်၊ ဆိုင်ကယ်သမားတွေကတော့ လူတွေတော့ မမိလိုက်ဘူး၊ ဆိုင်ကယ်(၃)စီးတော့ ရလိုက်တယ်"

စန်းမူး ဇော်လတ်နှင့် တောတန်းကလေးအပြင်သို့ထွက်





လာခဲ့ကြရင်း...စိုင်းစံဖ နားသို့ စန်းမူးဇော်လတ်ကပ်လာပြီး...

"စိုင်း..."

"မင်းပြောချင်တာကို ပွင့်ပွင့်လင်းလင်းပြောနိုင်တယ် ဇော်လတ်၊ ဝါ့ဘက်က မင်းပြောသလို မပြောနိုင်သေးတာဟာ ငါထိန်ချန်ထားတာတော့မဟုတ်ဘူး၊ ပြောရခက်နေလို့ပါ"

"ငါသဘောပေါက်ပါတယ်ကွာ၊ ငါမင်းကိုပြောချင်တာတော့ တောချောက်စံအိမ်ကြီးဟာ ဥပဒေမဲ့ ပုံရိပ်တွေကို တွေ့မြင်နေရသလိုဖြစ်နေပြီ စိုင်း..."

မမကြီးရဲ့ခြေလှမ်းတွေဟာ အစထွက်နေပြီဆိုတာကို စိုင်းစံဖသဘောပေါက်လိုက်မိသည်။

"စိုင်း...ဘယ်လိုကိစ္စတွေပဲပေါ်ပေါ်၊ ငါတို့နဲ့ ပူးပေါင်းဆောင်ရွက်စေချင်တယ်"

"စိတ်ချပါ ဇော်လတ်၊ ငါ မင်းနဲ့လက်တွဲဆောင်ရွက်သွားမှာပါကွာ"

"ငါ မင်းကို အကူအညီတစ်ခု တောင်းချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

"မင်းတို့အိမ်မှာ ဝင်ထွက်နေတဲ့ဒေါက်တာ စိုင်းမြတ်သာကျော်နဲ့ပတ်သက်ပြီး လေ့လာပေးပါ"

"ငါ...ကူညီပေးပါ့မယ်၊ ဒေါက်တာစိုင်းမြတ်သာကျော်ဟာ ဘယ်လိုလူလဲဆိုတာ ငါသိခွင့်မရှိဘူးလား"

"မင်း ငါ့ဆီကို အေးအေးဆေးဆေးလာခဲ့လေ"

စိုင်းစံဖနှင့်မှုခမ်းတို့ စခန်းမှူး ဖော်လတ်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြတော့သည်။

* * * * * * *



## အခန်း (၉)

ကျွန်မဘဝအတွက်ကတော့ ကေရာဇ်စံအိမ်ကြီးဟာ စိန်ခေါ်မှုတစ်ခုအတွက် စစ်တလင်းပြင်လို့ပဲ ဆိုရမလားပင်မသိ။

ကျွန်မ စတင်ပြီးရောက်ကတည်းက အန္တရာယ်ရနံ့သက်တွေကိုရှူရှိုက်မိသလို ခံစားရသည်။

အထူးသဖြင့် ကေရာဇ်စံအိမ်ကြီးရဲ့သခင်မကြီးထိပ်တင်ဒေဝီဟာ ကျွန်မအတွက် မိစ္ဆာတစ်ကောင်လို့မြင်ယောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တင်ဒေဝီ၏ မျက်လုံးတွေထဲတွင် ရက်စက်ခြင်း၊ ကောက်ကျစ်ခြင်းနှင့်ရမ္မက်အငွေ့တွေဖုံးလွှမ်းနေတာကိုတွေ့မြင်နေရသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဖွန်မိုးစက်ဆိုတဲ့ ကျွန်မကတော့ နောက်ဆုတ် ခြင်း၊ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း စသည်တို့မှာ မြူတစ်မှုံမျှ မဖြစ်ခဲ့။ ကျွန်မကို ရှာကလာရောက်ခေါ်ခဲ့သော ဦးရီးတော်၏စကားလေး တစ်ခွန်းကိုကျွန်မကြားယောင်နေမိသည်။

"သမီးလေးဖွန်ကို..ဦးရီးတော် ခုလိုလာခေါ်ရတဲ့အကြောင်း (၂)ချက်ရှိတယ်၊ ပထမအချက်ကတော့ ဦးရီးတော်အဖေရဲ့ဆန္ဒတွေကိုဖြည့်ဆည်းပေးတာဖြစ်သလိုနောက်တစ်ချက်ကတော့ အပြစ်မဲ့တဲ့သားအမိနှစ်ယောက်ရဲ့ဘဝကိုကာကွယ်ပေးဖို့ပါကွယ်"

ဦးရီးတော်စကားထဲမှာ ပါဝင်ခဲ့သော စေတကလျာသျှင်နှင့် သမီးလေး နန်းစုရတီအတွက် ကျွန်မ ကာကွယ်ပေးချင်သောဆန္ဒလေးမှာ ကျွန်မ ရင်ထဲကို ဆန်းကြယ်စွာ ဝင်ရောက်ခဲ့လေသည်။

ကျွန်မဘဝမှာ ငယ်စဉ်ကတည်းက ဇီဖေပါခဲ့သည့်အတိုင်း





မတရားမှုတွေ၊ အနိုင်ကျင့်မှုတွေကို ကိုယ်နဲ့ ပတ်သက်သည်ဖြစ်စေ၊ မပတ်သက်သည်ဖြစ်စေ၊ မျက်နှာမလွှဲတတ်တာလေးကြောင့် ခုလိုပါဝင်ခဲ့ရခြင်းပင်ဖြစ်သည်။

ကေရာဇ်စံအိမ်ကြီးတွင် ကျွန်မ သတိထားမိသော သူတွေကတော့ စိုင်းစံဖ၊ သူဟာ ထိပ်တင့်ဒေဝီ၏ မောင်အရင်းကြီးဖြစ်ပေမဲ့ ပင်ကိုယ်စရိုက်ချင်းက အရမ်းကိုကွာဟနေသည်။ စိုင်းစံဖတွင် ရိုးသားခြင်းနှင့် ကရုဏာတရားတွေ ရှိနေသော မျက်နှာပိုင်ရှင်၊ ရှေးရိုးစွဲပဒေသရာဇ်ဝါဒကြီးကိုမနှစ်သက်သူ၊ သခင်နှင့်ကျွန်ဆိုတဲ့လူတန်းစားခွဲသည့်အပေါ်မနှစ်မြို့ဘဲလက်မခံသူဖြစ်သည်။ ပြီးတော့စေတကလျာသျှင်နှင့် တူမလေးပေါ်တွင် စိုးရိမ်ကြောင့်ကြနေသူ တစ်ဦးပင်ဖြစ်သည်။

နောက်ထပ်တစ်ဦးကတော့ဒေါက်တာမှုစမ်း၊ သူဟာ ရဲရင့်မှုတွေနှင့်လူသားအချင်းချင်းပေါ်မှာ စာနာမှု ရှိသောဆရာဝန်ကောင်းပီသသူ၊ ကေရာဇ်စံအိမ်ကြီးနှင့် သွေးသားမတော်စပ်ပေမဲ့ သွေးသားရင်းပမာနေထိုင်သူတစ်ဦးပင်ဖြစ်သည်။

ဒေါက်တာစိုင်းမြတ်သာကျော်၏ ရုပ်ရည်ရူပကာမှာ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတိုင်း စွဲမက်စေသော လူတစ်ယောက်၊ ပညာဂုဏ်၊ ဥစ္စာနေပါ ပြည့်စုံသူဖြစ်တာကြောင့် အရောင်ပေါ်လွင်သူဆိုရမည်။ ဒါပေမဲ့ သူဟာ ထိပ်တင်ဒေဝီ၏ မြေခွေးမျက်လုံးအစုံကို ပိုင်ဆိုင်ထားသူတစ်ဦးဆိုတာ တော့ ကျွန်မ အတွင်းစိတ်ထဲက သိနေသည်။

နိုင်ငံခြားကိုရောက်နေကြသော ထိပ်တင်ဒေဝီ၏ ခင်ပွန်းနှင့် သားကိုတော့ ဓာတ်ပုံတွင်တွေ့ဘူးထားပေမဲ့ သူတို့ဟာ ထိပ်တင်ဒေဝီ သခင်မကြီး၏ ဩဇာအောက်မှာ ကရုန်နေကြသော အရုပ်တွေလို့ပဲ ထင်ထားမိသည်။

ထို့အပြင် ကေရာဇ်စံအိမ်ကြီးတွင် လုပ်ကိုင်နေကြသော အလုပ်သမားအားလုံးဟာ ထိပ်တင်ဒေဝီ၏ ကျွန်တာရင်းဝင်အဆင့်နှင့် နေထိုင်နေသူများဖြစ်ကြသည်။

ကျွန်မအတွက်တော့ အဆိုးဆုံးရလဒ်တွေနှင့် အကောင်းဆုံး အောင်မြင်မှုကို ရရှိနိုင်အောင်တော့ ရင်ဆိုင်ရတော့မှာဖြစ်သည်။

မြေခွေးတွေကြားထဲမှာ သိုးငယ်တစ်ကောင်မဖြစ်ဖို့ကတော့ သိပ်ကိုအရေးကြီးသည်။





"မမလေး"

"ဩော်..ဖွန်လေး..ထိုင်ကွယ်"

ကျွန်မ..စောကလျာသျှင် ခုတင်ဘေးလေးတွင် ဝင်ထိုင် လိုက်သည်။

"သမီးလေးအိပ်နေတာကိုး"

"ခုလေးမှ နို့စို့ပြီး အိပ်သွားတာ"

"ဒါနဲ့ မမလေးရဲ့မိခင်နို့ကို မတိုက်ရဘူးဆို"

"ဖွန်လေးရယ်..မမလေး သမီးလေးအတွက် မိခင်နို့ကို မတိုက်ရဘဲ ဆုံးရှုံးစေရမှာကို မမလေးအဖြစ်မခံနိုင်ပါဘူး"

"ဒေါက်တာစိုင်းမြတ်သာကျော်က မမလေး ကျန်းမာရေး ကြောင့် မတိုက်နိုင်းတာဆို.."

"ဒါဟာ သမီးလေးကိုမကောင်းကြံဖို့ဆင်တဲ့ဆင်ကွက်တစ်ခု ပါကွယ်၊ ဒေါက်တာ မှုခမ်းက မမလေး ကျန်းမာရေးအတွက် လိုအပ်တဲ့ ဆေးစစ်ချက်တွေ ဆေးတွေကို မမကြီး မသိအောင် လုပ်ပေးထား တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ…ဒါနဲ့ သမီးလေးကို ဘယ်လိုမကောင်းကြီးတာလဲ မမလေး"

"သမီးလေးကိုတိုက်ရတဲ့ နို့မှုန့်ထဲမှာ ဦးနှောက်အာရုံကြောကိုထိပါးစေတဲ့ ဆေးတစ်မျိုးကိုထည့်ထားတယ်၊ ဒီနို့မှုန့်ကို သမီးလေး နှစ်ရှည်သောက်စို့လာတာနဲ့ သမီးလေးဟာ အသက်အရွယ်ရလာတာနဲ့ ဦးနှောက်မကောင်းတဲ့ ဒုက္ခိတ တစ်ယောက်ဘဝကို ပိုင်ဆိုင်သွားရမယ်"

"တောက်…ရက်စက်ယုတ်မာလိုက်တာ"

ကြားလိုက်ရသော စကားကြောင့် ကျွန်မ ဒေါသတွေ မီးတောက်မီးလျှံပမာဖြစ်သွားသည်ဟု ထင်လိုက်သည်။

"မမလေး ဘာလို့ ဒီလောက်ရက်စက်ကြမ်းကြုတ်တဲ့အိမ်ကြီးမှာ နေနေရတာလဲ"

"မမလေး ခင်ပွန်းရဲ့ ဝိညာဉ်သက်ကလေးတွေရှိတဲ့ ဒီနေရာကလေးကနေ မမလေးထွက်မသွားချင်ဘူးကွယ်၊ ပြီးတော့ မမလေးဘဝမှာ နိုနားဈေးဆိုလို့ လောကကြီးက ဟင်းလင်းပြင်တစ်ခုလိုဖြစ်နေ





တယ်ကွယ်"

ကျွန်မအတွေးထဲတွင် စောကလျှာသျှင်နှပ်သမီးလေးကို ခေါ်ပြီး ကျွန်မတို့ရွာကို ပြေးထွက်သွားချင်စိတ်တောင် ပေါက်သွားတော့သည်။

ဒါပေမယ့် ကျွန်မတို့ထွက်ပြေးခြင်းသည် ထိပ်တင်ခေဝီ အတွက် ပါရမီဖြည့်ပေးလိုက်သလို ဖြစ်သွားနိုင်သည်၊ ပြီးတော့ ထိပ်တင်ခေဝီကို အရှုံးပေးတဲ့အဖြစ်မျိုးကိုလက်မခံနိုင်။

"မမလေး…"

"ပြောပါ ဖွန်လေး"

"မမလေးအတွက် ဖွန်အသက်နဲ့ရင်းပြီး ကာကွယ်ပေးသွားပါမယ်၊ ဖွန့်ကို ယုံပါ"

"မမလေး အမှန်အ တိုင်းပြောရရင် ဖွန်လေး မမလေးဘေးနားကိုရောက်လာကတည်းက မမလေး ရင်ထဲမှာ အကြီးမားဆုံး အင်အားတစ်ခုကိုရလိုက်သလိုပါပဲကွယ်"

"ဖျန်း…"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး…ကြောက်…ပါပြီ"

"ဟင်…"

ကျွန်မတို့ အပြင်ဘက်ဆီမှ ကြားလိုက်သောအသံကြောင့် ကျွန်မ ပြတင်းပေါက်ဆီသို့ထွက်ပြီးကြည့်မိတော့ ကေရာဇ်စံအိမ်တော်ကြီး၏ အလုပ်သမားများကို အုပ်ချုပ်ရသော အိုက်တူ အလုပ်သမားမိန်းကလေးတစ်ယောက်ကို ကြိမ်လုံးဖြင့် ရိုက်နေတာကို လှမ်းပြီးတွေ့လိုက်ရသည်။

ကျွန်မ အသိအာရုံထဲတွင် မီးလျှံတစ်ခုကိုတွေ့လိုက်ရသလိုဖြစ် သွားသဖြင့် မမလေး "သျှင်" အခန်းထဲမှ ထွက်မည်အပြု…

"ရွှန်လေး…"

"မမလေး…ရွှန်ကို မတားပါနဲ့၊ ဒီလို ရက်စက်တဲ့အပြုအမူတွေကို ရွှန် မျက်နှာလွှဲလို့မရဘူး။ ရွှန်ကိုခွင့်လွှတ်ပါ"

စောကလျာသျှင် လက်ကလေးကို ဖယ်ရှားပြီး ကျွန်မ အခြင်ကိုထွက်ခဲ့တော့သည်။



"ကြောက်ပါပြီ ဦးကြီးရယ်၊ နောက် ဒါမျိုး မဖြစ်စေရပါဘူး"

"ကြောက်တာတွေ၊ မကြောက်တာတွေကို ပြောလို့မရဘူး။ ဖြစ်ပြုမိရင် အပြစ်ဒဏ်ကို ခံရမှာပဲ ကဲ…"

"ရွှန်း…"

"အား…"

ကျွန်မ ရင်ထဲမှ ဒေါသတွေကို ထိပ်ပြီးတွေဝေးသလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့်ကျွန်မမျက်လုံးထဲတွင်အသင့်တွေ့လိုက်ရသော ဝါးလုံးပိုင်းကိုကောက်ယူလိုက်မိသည်။

"ဦးအိုက်တူ.. ရပ်ပါ"

"အံမာ..မင်းက ဘာမို့လို့ ငါ့ကို ရပ်ခိုင်းရတာလဲ၊ ဒါ ငါ့အလုပ်ကို ငါလုပ်နေတာ၊ မင်း ဝင်မပါနဲ့"

"ကျွန်မက ဘာမှတော့မဟုတ်ဘူး၊ ဒါပေမဲ့ လူလူချင်း ရိုင်းစိုင်းယုတ်မာတာကိုတော့ ရပ်ပြီး ကြည့်မနေနိုင်ဘူး"

"ဟားဟားဟား... မင်းလို မိန်းကလေးက ဘာတွေ အစွမ်းထက်နေလို့ ငါ့ကိုပြောရဲတာလဲ..ကဲ.. မင်းဘာလုပ်ချင်လဲ"

"ကျွန်မ လုပ်ချင်တာကို သိချင်တယ်ပေါ့..ကဲ.. ဒါလုပ်ချင်တယ်"

"ဖြောင်း.."

ကျွန်မရိုက်ချက်ကိုအိုက်တူ သူ့လက်ထဲမှ ကြိမ်လုံးဖြင့် ကာကွယ်တိမ်းရှောင်ပေမဲ့....

"ကဲ..ထပ်ပြီးရှောင်ကြည့်ဦး"





"ဖောင်း..အာ.."

အိုက်တူ မျက်နှာဆီသို့ ကျွန်မ ဝါးပိုင်းက တည့်တည့်မတ်မတ်ရောက်သွားတော့သည်၊ တစ်ချက်တည်းနှင့် အိုက်တူ မြေပြင်ပေါ်တွင်မှောက်သွားသည်။

"ကဲ... ထပ်ဦး"

"မင်း..မင်း..အား..ကျွတ်..ကျွတ်.."

"ရှင့် ပါးစပ်က ဘာစကားတွေထပ်ပြီး ပြောချင်သေးလဲ... ပြောလေ"

"သ..သခင်..မကြီး..နဲ့..မင်း..ရှင်း..ရှင်း..ရမယ်.."

"ဘယ်သူနဲ့ရှင်းရှင်း.. ရှင်းဖို့အသင့်ပဲ၊ ဒါပေမဲ့ ရှင့်အတွက်ရလို လူလူချင်း အနိုင်ကျင့်တာမျိုးကိုတော့ အမှတ်ရစေချင်တယ်"

"မင်း..မ...မလုပ်ပါနဲ့"

"ဖြောင်း.."

"အား..ကျိုး..ကျိုးပါပြီ"

အိုက်တူ စကားမဆုံးခင်မှာပဲ ကျွန်မ၏ဒုတိယရိုက်ချက်က



www.burmeseclassic.com

www.burmeseclassic.com



အိုက်တုလက်မောင်းဆီသို့ကျရောက်သွားတော့သည်။

"မိန်းကလေး မင်းသွားတော့"

"ကျွန်မ.."

"မင်းဘာမှ စိုးရိမ်မနေနဲ့၊ ငါ့ကိုစွ ငါရှင်းနိုင်တယ်၊ မင်းပေါ်မှာ သူတို့ဆက်ပြီး အနိုင်ကျင့်ရင် ဒီထက်ဆိုးဝါးတဲ့တုံ့ပြန်မှုကိုကြုံရမယ် မှတ်.."

အိုက်တု ကျွန်မ ဘေးကနေ စပ်သွက်သွက်လေး ထွက်သွားတော့သည်။

"ဖွန်လေးရယ်..."

စောကလျာသျှင် ကျွန်မ လက်မောင်းလေးကို ဆုပ်ကိုင်ပြီး စိုးရိမ်မှုတွေဖြစ်နေလေသည်။

"မမလေး..ဖွန့်အတွက် စိတ်မပူပါနဲ့"

"မပူလို့ဖြစ်မလားကွယ်၊ ဖွန်လေး ခုလို ရိုက်လိုက်တဲ့သူဟာ မမကြီးရဲ့လက်ရုံးတစ်ဆူပဲ၊ တကယ့် ကျားမြီးကို သွားပြီးဆွဲသလို[illegible] နေပြီ"





"မမလေး..ဖွန်က ခုလို ကျားဆိုးနဲ့မှ ယှဉ်ချင်တာ"

"ဟူး...ဘာတွေဖြစ်လာမလဲ မသိတော့ပါဘူး"

"ကဲပါ.. သမီးလေးနီးနေဦးမယ်၊ အိမ်ထဲဝင်ကြရအောင်"

ကျွန်မဘက်က ဘာမှမဖြစ်သလို နေခဲ့တဲ့အမူအရာပေါ်မှာ စောကလျာသျှင် အံ့အားသင့်နေခဲ့သည်။

"မမလေး.."

"ပြောပါ..ဖွန်လေး.."

"နေဂုဏ်..ငွေဂုဏ်၊ ဩဇာဂုဏ်တွေနဲ့ လူလူချင်းအနိုင်ကျင့်မှုတွေဟာ ရာစုတစ်ထောင်လောက် နောက်မှာကျန်ခဲ့ပါပြီ"

"မမကြီးအတွက်တော့ မကျန်ခဲ့ဘူး ဖွန်လေး"

"ဘယ်ကျန်ခဲ့မလဲ၊ သူ့အသိ၊ သူ့မျက်လုံးတွေမှာ အတ္တရုပ်မှုက်တွေက ဖုံးလွှမ်းနေတာလေ၊ ကောရာဇ်စံအိမ်ကြီးရဲ့ အတ္တသခင်မကြီး ထိပ်တင်ဒေဝီ.."



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

"မင်းရောက်လာပြီလား"

"ဟုတ်ကဲ့..ကျွန်မရောက်ပါပြီ"

မမကြီးတစ်ယောက် သူ့၏လက်ရှုံးဆိုက်တူ၏လက်ကို နှိုးစက် ရှိုးလိုက်တာနှင့်ပတ်သက်ပြီး ကောရာဇ်စံအိမ်တွင် ခေါ်တွေ့ခြင်းဖြစ်သည်။

စိုင်းစံဖမှာ အခြေအနေကို သိချင်သောကြောင့် [illegible]စာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ခန်းထဲမှာ ဝင်နေခြင်းဖြစ်သည်။

"မင်းရောက်နေတဲ့နေရာက ဘယ်လိုနေရာလဲဆိုတာ မင်းသိလား"

"လူတွေနေထိုင်တဲ့နေရာတစ်ခုပဲ မဟုတ်လား၊ ဒီထက်ထူးခြားတာ ဘာရှိလို့လဲ"

"ထူးခြားတယ်ကွ၊ လူလူချင်းတူပေမဲ့ ဘဝချင်းမတူဘူးဆိုတာ မင်းသဘောပေါက်ထား၊ ကောရာဇ်စံအိမ်ကြီးဟာ တော်ဝင်လူတန်းစားတွေရဲ့မျိုးဆက်တွေနဲ့ တည်ထောင်ထားတာ၊ အေး..မင်းလိုတောကြိုတောင်ကြားမှာနေတဲ့သူကတော့ ဘာမှ ဒါတွေကို သိမှာမဟုတ်ဘူး"

"ဒါတွေ သိတော့ရော ဘာထူးခြားစရာမှ မရှိတာ၊ တော်ဝင်လူတန်းစားဆိုတာလည်း "ချို" ထွက်နေတဲ့လူတွေမှ မဟုတ်တာ၊ ငွေချမ်းသာတာတစ်ခုကလွဲပြီး ဘာမှ ကွာဟမှုမရှိပါဘူး"

"မင်း ပါးစပ်ကိုပိတ်ထားစမ်း၊ ခုမင်းကို ငါခေါ်တာ ငါ့ရဲ့လူတိုရိုက်တာရယ်၊ ကိုယ်နဲ့မဆိုင်တဲ့ အလုပ်ကိုဝင်ပြီး စွက်ဖက်တာကို ရွှင်





မလွှတ်နိုင်ဘူး။ မင်းကို ကောရာဇ်စံအိမ်ကြီးရဲ့စည်းကမ်းအတိုင်း အပြစ်ပေးရမယ်"

"ဒီမှာ..မမကြီး"

"မင်း ငါ့ကို သခင်မကြီးလို့ပဲခေါ်ရမယ်"

"မခေါ်နိုင်ဘူး။ သခင်နဲ့ ကျွန်စနစ်ဆိုတာ ယနေ့ကမ္ဘာကြီးမှာ ကျဆုံးသွားတာကြာပြီ၊ မမကြီးဟာ ကျွန်မအတွက် သခင်လည်း မဟုတ်ဘူး။ အလုပ်ရှင်လည်းမဟုတ်ဘူး။ ဒီတော့ လူ့ယဉ်ကျေးမှုအရ ကိုယ့်ထက်အသက်ကြီးသူကို မမကြီးပဲခေါ်နိုင်မယ်"

"တယ်..နင်..နင်..ကများ"

မမကြီး သူ့ခဘားမှကြာပွတ်ကိုဆုပ်ကိုင်ပြီး ထလိုက်သည်။

"တစ်ခုတော့ ပြောထားမယ်နော်၊ ဖွန်မိုးစက်ဆိုတဲ့ သူရဲ့အသားကို နာအောင်လုပ်ရင် ဒီထက် ဆယ်ဆလောက် ပြန်ပြီးတုံ့ပြန်တတ်တယ်နော်.."

"တောက်..."

ထိပ်တင်ဒေဝီ အသားတွေ တဆတ်ဆတ်တုန်တာ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးနိမ့်ပြန်းနေပေမဲ့ ဖွန်မိုးစက်ကိုရိုက်ဖို့တော့ မလုပ်ရဲပေ။

ထိပ်တင်ဒေဝီမလုပ်ရဲသောအချက်(၂)ချက်မှာ ဦးရိုးတော်ရဲ့ အထူးစီစဉ်ပေးခဲ့သော လူတစ်ယောက်ဖြစ်နေခြင်းနှင့် ဖွန်မိုးစက်၏ ခေသွးအေးအေးနှင့်လက်တုံ့ပြန်တတ်မှုတို့ကြောင့်ပင်ဖြစ်သည်။

"နင်..ငါ့ကို ဂရုမစိုက်ဘဲ စိန်ခေါ်တဲ့သဘော လုပ်တာပေါ့ ဟုတ်လား"

"ကျွန်မဘက်က စိန်ခေါ်တာတွေ၊ ဘာတွေကို မသိဘူး။ ကျွန်မ သိတာက လူ့လူ့ရျင်း အနိုင်ကျင့်တာကို သည်းမခံတတ်တာပါ မမကြီး.."

"မင်းကိုယ်မင်း လူစွမ်းကောင်းလုပ်တာပေါ့"

"ဒါကတော့ ထင်ချင်သလို ထင်နိုင်ပါတယ်၊ ငါ့ခြံ၊ ငါ့အိမ်မှာ နေရတဲ့သူဆိုပြီး ငါလုပ်ချင်သလိုလုပ်မယ်ဆိုတာတော့ မဖြစ်နိုင်တော့ဘူး၊ မမကြီး.. လူ့ပတ်ဝန်းကျင်၊ လူ့လောကကြီးမှာ ဘာတွေဖြစ်နေသလဲဆိုတာကို လေ့လာပါဦး"

"ဘာမှ လေ့လာစရာမလိုဘူး၊ ငါသိတာ၊ ငါ့ကောရာဇ်စံအိမ်





ကြီးကနေ ချမှတ်ထားတဲ့ စည်းကမ်းတွေ၊ ဥပဒေတွေ၊ ကျန်တာတွေကို ငါစိတ်မဝင်စားဘူး။ မင်းကို ထိုက်သင့်တဲ့ အပြစ်ပေးရမယ်"

"ဒါဆို ဒီလို လုပ်ပါလား၊ တရားဥပဒေကြောင်းပေါ်ကနေ ဆောင်ရွက်လိုက်လေ၊ ကျွန်မ အပြစ်ရှိတယ်ဆိုရင် ဥပဒေအတိုင်း ခံသွားမယ်၊ လူ့လူ့ရျင်း ဥပဒေမဲ့အခွင့် အနိုင်ကျင့်တဲ့ပေါ်မှာလည်း ဥပဒေက အရေးယူမှာပဲနော်၊ ရဲစခန်းကိုအကြောင်းကြားလိုက်ပါ"

"နင်...နင်...ဒေါ... ဒေဝီနဲ့ ဖွန်ဆိုတဲ့သူ ဘယ်သူက ဘာလဲ ဆိုတာတော့ သိရမှာပေါ့ကွာ..မင်းသွားနိုင်ပြီ...အိုက်တူ"

"ဗျာ.. သခင်မကြီး"

"ဟိုကောင်မကို ထမင်းမကျွေးဘဲ ထားလိုက်"

"ဟုတ်ကဲ့"

ဖွန်မိုးစက် အိမ်ပြင်သို့ထွက်မည်အပြု ကြားလိုက်ရသော စကားကြောင့်..နောက်ကိုပြန်လှည့်ကြည့်ပြီး....

"လူ့လူ့ရျင်း အခွေ့ညှဉ်းပန်းမှုတွေကို ကာကွယ်ပေးထားတဲ့ ဥပဒေတွေကို မြန်မာနိုင်ငံမှာတင်မဟုတ်ဘူးနော်၊ တစ်ကမ္ဘာလုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျင့်သုံးနေပြီဆိုတာတော့ သဘောပေါက်ထားပါ"

ဖွန်မိုးစက်.. စကားကို တစ်လုံးချင်းပြောပြီး စံအိမ်ကြီးထဲမှ ထွက်သွားတော့သည်။

"ခုန်း....တောက်.. လူ..လူပါးဝလိုက်တာ၊ ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်"

"သစ်စမကြီး"

"ဘာလဲ.."

"ဟို..မိန်းကို ထမင်းမကျွေးဘဲထားရမှာလား"

"ဟိုကောင်မပြောသွားတာ နှင်မကြားဘူးလား။ ကျွေးလိုက်၊ နောက်မှ ငါစီစဉ်မယ်၊ အိုက်တူ.. ငါပြောတာ သေသေချာချာ နားထောင်စမ်း"

"ဟုတ်ကဲ့ပြောပါ"

"မင်းကိုယ်တိုင် စပ်ဘလုတို့ဆီကိုသွားပြီး လက်ရဲဇော်ရဲ ကြေးစား(၂)ယောက်လောက် ငါ့ဆီကို ပို့နိုင်းလိုက်၊ ငါဖုန်းဆက်ပြီး ပြောထားမယ်"





"ဘယ်တော့သွားရမှာလဲ"

"ခုပဲ သွားလိုက်"

အိုက်တူ ထွက်သွားပြီး မမကြီးအပေါ်ထပ်ကို တက်သွားတော့မှ စိုင်းစံဖ စာကြည့်ခန်းထဲကနေ ထွက်လာခဲ့တော့သည်။

သူဘာလုပ်ရမလဲဆိုတာကို စဉ်းစားရင်း မှုခမ်းဆီကို ဖုန်းဆက်ပြီးခေါ်လိုက်မိသည်။

ခုကိစ္စကို သူ့အနေနဲ့ ဝင်မပါလို့တော့ မရနိုင်ပါ။ ဖွန်မိုးစက်အတွက် သိပ်ကိုအရေးကြီးနေပြီဖြစ်သည်။

"ဟူး..."

ဖွန်မိုးစက်၏ သတ္တိရှိမှု၊ ရဲရင့်မှုတွေကို ကိုယ်တိုင်တွေ့လိုက်ရခြင်းကြောင့် ရီးကျူးမိသည်။

"မင်းဟာ..အာဂမိန်းကလေးတစ်ဦးပါလားကွာ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းပြောသလိုဆို ဖွန်မိုးစက်ဟာ သိပ်ကို တော်တဲ့ မိန်းကလေးတစ်ယောက်ပဲပေါ့"

"ဟုတ်တယ်မှ ခမ်း... သူ့ကို ခုလို မျက်မြင်ကိုယ်တွေ့တွေ့လိုက်ရတော့ ငါတို့ထက်တောင် သတ္တိကောင်းတယ်လို့ပြောလို့ရတယ်"

"အင်း...ဒါကြောင့် ဦးရီးတော်က ရွေးချယ်ခဲ့တာပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



မမကြီးလို လူတစ်ယောက်ကို မျက်နှာချင်းဆိုင်ပြီး ပြောရဲတဲ့ ဖွန်မိုးစက်ရဲ့ ရဲရင့်မှုကိုတော့ ဂုဏ်ယူရမယ်ပေါ့"

"မှုခမ်း...ဖွန်မိုးစက်ကို ဂုဏ်ယူနေရုံနဲ့ မပြီးသေးဘူး၊ ခု သူ့ကို ဒုက္ခပေးမယ့်ကောင်တွေအတွက် ငါတို့တစ်ခုခု စီစဉ်ရမယ်"

"ဖွန်မိုးစက်ကို သတိပေးထားရင် မကောင်းဘူးလား"

"သတိပေးရုံတစ်ခုတည်းနဲ့တော့ မလုံလောက်သေးဘူး။ ငါတို့ကိုယ်တိုင်ကလည်း ပါဝင်ဖို့လိုတယ်"

"မမကြီး ခြေလှမ်းပေါ်မှာ မူတည်ပြီး လုပ်ဆောင်ကြတာပေါ့။ မင်းကို ပြောရဦးမယ်...ဖော်လတ်ဆီက သတင်းတစ်ခုကြားရတယ်"

"ဘာသတင်းလဲ"

"ငါတို့ကို အပြတ်ရှင်းတဲ့ (၆) ယောက်ထဲက တစ်ယောက်ကိုတော့ သိထားပြီတဲ့၊ အိုက်လွှန်းထောတဲ့၊ ဒီကောင်က ထိုင်းဘက်က နေပြန်လာတာ မကြာသေးဘူး"

"ဒီကောင် ဘယ်မှာနေတယ်ဆိုတာကို မသိရသေးဘူးပေါ့"

"မသိရသေးဘူး၊ ဒီကောင်က အနေအထိုင် သိပ်ပြီး ပိန်





တယ်၊ သက်ဆိုင်ရာအဖွဲ့တွေတာတော့ ဒီကောင့်ကို ပိုက်စိပ်တိုက်ပြီး ရှာနေပြီဆိုတော့ သိပ်ပြီး ပြေးစရာတော့ မရှိတော့ပါဘူး"

"အိုက်လွှန်းထောကို မိရင်တော့ သဲလွန်စတစ်ခုတော့ ရမှာပေါ့ကွာ"

"ဟိုင်း... ငါက စုရက်ပိုင်း ဆေးရုံမှာ နိုက်ဂျူတီဝင်နေရတော့ မင်းနဲ့အတူတူ ညပိုင်းကို နေပေးနိုင်မှာမဟုတ်ဘူး၊ မင်းတစ်ယောက်တည်းနဲ့ ဖြစ်ပါ့မလား"

"ဖွန်မိုးစက်တောင် သတ္တိရှိရှိရင်ဆိုင်နေရှိမှ ငါတို့ဘက်က သွေးကြောင်နေလို့မရဘူးလေ"

"ဟိုင်း...ငါဆီတော့ လုံးလုံးအဆက်မပြတ်စေနဲ့ကွာ"

"စိတ်ချ...ကဲ...ငါတို့လမ်းခွဲကြရအောင်၊ ဖော်လတ်ကို မင်းပဲ ခင်ပြီးအကြောင်းကြားလိုက်တော့ကွာ"

"ဟိုင်း...မမကြီးဟာ မင်းရဲ့အစ်မ အရင်းကြီးနော်"

"မတတ်နိုင်တော့ဘူးကွာ၊ မမကြီးရဲ့ အတ္တဟာ အမြစ်မဲ့တဲ့ သူတွေပေါ်မှာ ဘေးဒုက္ခရောက်မှာကိုတော့ ငါမလိုလားဘူး၊ အရှင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် မမကြီးကိုယ်တိုင်က မောင်တစ်ယောက်ပေါ်မှာ ရက်စက်ခဲ့မှတော့ ငါ့အနေနဲ့ ကာကွယ်ပေးဖို့ မသင့်တော့ဘူး"

"စက်နေတာက မမကြီးဟာ သူ့ရဲ့လုပ်ရပ်တွေကို သဲလွန်စ ဖျောက်တဲ့နေရာမှာ သိပ်ပြီးတော်တာဆိုတော့ ဥပဒေလမ်းကြောင်းပေါ်က အရေးယူဖို့တော့ စက်နေတယ်"

"မှုခင်းရယ်...အမှန်တရားကို မမကြီးဘယ်ချိန်ထိ ပုန်းရှောင်နိုင်မှာလဲကွာ၊ ငါစိတ်ပူတာက အမှန်တရား လမ်းကြောင်းပေါ်ကို မမကြီး မရောက်ခင်မှာ ပေးဆပ်စတေးခံရမယ့်သူတွေအတွက် ရင်မောနေမိတယ်"

"ဖော်လတ်နဲ့ တိုင်ပင်ပြီး အပြစ်မဲ့တဲ့သူတွေ ဘေးဒုက္ခမရောက်အောင်လို့ စီစဉ်ကြတာပေါ့ကွာ၊ သွားမယ်..."

"အင်း..."

ဒေါက်တာ မှုခင်း ကားပေါ်တက်ပြီးမောင်းထွက်သွားပြီးတော့မှ စိုင်းစံဖ ကားပေါ်သို့တက်ခဲ့ပြီး အိမ်သို့ပြန်ခဲ့လေသည်။ စိုင်းစံဖ ရှေ့ဆက်ပြီး ရင်ဆိုင်ရမယ့် နေ့ရက်တွေအတွက် ရင်ထဲမှာ တုန်လှုပ်နေ





မိတာတော့ အမှန်ပင်ဖြစ်သည်။

ကောရာဇ်စံအိမ်ကြီးဆီသို့ ကားလေးမောင်းဝင်လာသည်နှင့် ခွန်မိုးစက်ကို ရှာဖွေမိတော့သည်။

"ဟင်..."

ခွန်မိုးစက်ကို ခြံထဲက အလုပ်သမားကလေးသူငယ်တွေကို စာသင်ပေးနေတာကို တွေ့လိုက်ရသည်။

ကောရာဇ်စံအိမ်ကြီးတွင် လုပ်ကိုင်နေကြသော အလုပ်သမားတွေဟာ မျိုးဆက် (၃) ဆက်၊ (၄) ဆက်ထိ လုပ်ကိုင်ပေးနေကြပေမဲ့ သူတို့ဘဝအတွက် ဘဝလုံခြုံမှုတိုးတက်မှုဆိုတာ မရှိခဲ့ကြပေ။

စိုင်းစံဖ ကိုယ်တိုင် အားနည်းခဲ့သော ကိစ္စတစ်ရပ်ပင်ဖြစ်သည်၊ ကောရာဇ်စံအိမ်ကြီးထဲတွင် နေထိုင်ခဲ့ကြသော ကလေးတွေ၏ ဘဝကို စိုင်းစံဖ တာဝန်မကျေခဲ့သလို တာဝန်ယူဖို့ မေ့လျော့နေခဲ့သူ၊ တစ်ခါတစ်ခါ ဒေါက်တာမှုခင်းနှင့်ကလေးတွေ ပညာရေးကို ဆွေးနွေးခဲ့ကြပေမဲ့ အကောင်အထည်ဖော်ဖို့အပိုင်းမှာ လက်တွေ့မကျခဲ့ကြပေ။ အထူးသဖြင့် မမကြီး၏ ဩဇာအောက်ကနေ ဆန့်ကျင်ဖို့ သတ္တိနည်းခဲ့



www.burmeseclassic.com

www.burmeseclassic.com

ခြင်းပင်ဖြစ်သည်။

စိုင်းစံဖ ကားရပ်ပြီး ကားပေါ်မှနေ ကျောက်စံအိမ်ကြီးရှိရာဆီသို့ လျှောက်လာခဲ့မိသည်။ အနားရောက်သည်နှင့်....

“ဪ..ကိုစိုင်း..”

“ဖွန်.. တသင်တာကိုဆက်ပြီးလုပ်ပါ”

“ကိုစိုင်း.. ဖွန့်ဆီကိုလာတာ အကြောင်းရှိလို့လား”

စိုင်းစံဖ ခေါင်းလေးပဲ ညိတ်ပြလိုက်သည်။

“ဒါဆို ခဏလေးစောင့်နော်..”

စိုင်းစံဖ တသင်နေသော ကလေးတွေနှင့်မလှမ်းမကမ်း ရုံ ကလေးတွင်ထိုင်ကာ နေလိုက်သည်။ သိပ်ပြီးမကြာလိုက် ကလေးတွေကို ဖွန်မိုးစက်မှာစရာရှိတာတွေမှာပြီး တသင်ဝိုင်းကလေးကို နားလိုက်သည်။

“စောင့်နေရတာ ကြာသွားသလားမသိဘူး”

“ကိုယ်က မင်းကိုအနှောင့်အယှက်ပေးသလိုဖြစ်သွား တာကို အားနာနေတာပါ”





“ကိုစိုင်းရယ်.. ဖွန်တို့မိသားစုရိပ်မြုံထဲမှာ အားနာစရာဆိုတာ မရှိကောင်းပါဘူးနော်”

“ဖွန်ဆီက ဒီစကားကြားရတာ ကိုယ်တကယ်ကို ကျေနပ်မိပါတယ်”

“ဖွန်ရင်ထဲက စကားလေးကို အမှန်အတိုင်းပြောပြမယ်နော်”

“ပြောလေ..ဖွန်..”

“ဖွန်... ကျောက်စံအိမ်ကြီးကို စတင်ပြီးရောက်ကတည်းက ဖွန့်ဘဝရဲ့တည်နေရာလေးတစ်ခုလို့ သဘောထားခဲ့ပါတယ်၊ နောက် ထပ်မိသားစု ဘဝတစ်ခုကို ထပ်ပြီး ရလိုက်တယ်လို့ပဲ သတ်မှတ်ထား ပါတယ်၊ ဖွန့်ပေါ်မှာ ဘယ်သူတွေ ဘယ်လိုပဲ သဘောထားထားပါ၊ ဖွန့် ရင်ထဲက ခံစားချက်ကတော့ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဖွန်က မတရားမှုတွေ၊ အနိုင်ကျင့်မှုတွေပေါ်မှာတော့ ကိုယ်နဲ့သက်ဆိုင် တာ၊ မသက်ဆိုင်တာတွေ မသိဘူး၊ ဝင်ပြီးရပ်တည်တတ်တာဟာ မွေး ရာပါဗီဇတစ်ခုလို ဖြစ်နေပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်...ဖွန်ရဲ့ခံစားချက်ကို ကောင်းကောင်းသဘောပေါက်ထားပါတယ်၊ ဖွန်ရဲ့ခံစားချက်ဟာ တကယ့်ကို မြင့်မြတ်တဲ့ခံစားချက်ပါ"

"ခုလို နားလည်သဘောပေါက်ပေးတာကို ကျေးဇူးအရမ်းတင်ပါတယ် ကိုစိုင်း...ဒါနဲ့ ကိုစိုင်း..ဖွန့်ဆီကို လာတာကိစ္စရှိလား"

"ရှိတယ်ဖွန်... မမကြီးနဲ့ပတ်သက်ပြီး ပြောရမှာဆိုတော့ တကယ့်ကို ရင်ထဲက မကောင်းဘူး။ ကိုယ့်သဘောထားကလည်း မတရားတဲ့ကိစ္စတွေပေါ်မှာ ဖုံးကွယ်ပြီး မထားချင်ဘူး။ မမကြီးဟာ ကိုယ့်ရဲ့မွေးချင်းဖြစ်ပေမဲ့ သူ့ရဲ့အတ္တပေါ်မှာတော့ ကိုယ်လက်မခံနိုင်ဘူး"

"ကိုစိုင်းစိတ်နေသဘောထားကို ဖွန်သဘောပေါက်ထားပါတယ်၊ ရက်စက်တတ်သူရှိနေသလို ကြင်နာတတ်သူဆိုတာလည်းရှိပေရမှာပဲလေ၊ ကိုစိုင်း...မမကြီးနဲ့ပတ်သက်ပြီးပြောချင်တာရှိရင် ပြောပါ"

"ဖွန်ကို မမကြီး တစ်ခုခု မကောင်းကြံစည်လိမ့်မယ်"





"ကျွန်မ.. သိနေပါတယ် ကိုစိုင်း၊ မမကြီး ဘယ်လိုပုံစံမျိုးနဲ့ လုပ်မလဲဆိုတာပဲ မသိတာပါ"

"မမကြီး ကြေးစားကောင်တွေ ငှားပြီး ဖွန်ကို အပြတ်ရှင်းဖို့ ပြင်ဆင်နေတယ်"

"အင်း..မမကြီး.. ဥပဒေမဲ့လမ်းပေါ်မှာ မျက်ကန်းလမ်းလျှောက် သလိုဖြစ်နေပြီ၊ ဒီအတွက် သူ့ရဲ့အနာဂတ်ဟာ မကောင်းနိုင်ဘူးကိုစိုင်း.. ဖွန်ကိုသတ်လို့ သေသွားတာနဲ့ သူလုပ်ချင်တာတွေကို အောင်မြင်အောင်လုပ်နိုင်မယ်လို့ထင်နေတာ၊ အရမ်းကို မှားယွင်းတဲ့ အယူအဆ တစ်ခုပါပဲရှင်.."

"မမကြီးဘဝမှာ အမှားဆိုတာကို မသိနိုင်တဲ့ လူတစ်ယောက်ဖြစ်နေပြီ၊ ထားပါလေ.. ဒါကတော့ သူ့ဘဝရဲ့သမိုင်းတစ်ခုပါပဲ၊ ဖွန့်အနေနဲ့ ကျရောက်လာမယ့် အန္တရာယ်ကို ကာကွယ်နိုင်ဖို့တော့ ပြင်ဆင်ထားပါ၊ ကိုယ်လည်းအနီးကပ်ဆုံးရှိနေမယ်...ကြော်...ရော့..ဖွန်.."

စိုင်းစံဖမှ ဟန်းဖုန်းလေးကို ပေးလိုက်သည်။

"ကိုယ်နဲ့ ဖွန်ကြားမှာ ချက်ချင်းဆယ်သွယ်နိုင်ဖို့က ဒါပ်ကို



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတယ်"

"ကျေးဇူးတင်ပါတယ် ကိုစိုင်း"

"မိသားစုကြားမှာ ကျေးဇူးစကား မရှိကြေးလေ"

"ဟုတ်ပါရဲ့... မေ့သွားလို့နော်..."

ခွန်မိုးစက်ရဲ့ရှစ်စရာကောင်းလှသော အပြုံးကလေးကို တွေ့မြင်လိုက်ရသည်။



## အခန်း [ ၁၁ ]

ဆလိုင်းဖေါင်းနွင်းနှင့် ခွန်ဘလူးဝါး ဆိုတဲ့ လူ(၂)ယောက်ကို မကြီး... ကေရာဖ်စံအိမ်ကြီးတွင် လူယုံအဖြစ်ခေါ်ထားလိုက်ပြီဖြစ်သည်။ ဆလိုင်းဖေါင်းနွင်း ပုံသဏ္ဍာန်မှာ ခက်ထန်ကြမ်းတမ်းပြီး ရက်စက်ကြမ်းကြုတ်မည့်အသွင်၊ ခွန်ဘလူးဝါးကတော့ စပ်ဖိန့်ဖိန့်နှင့် အမြဲလိုလိုပြုံးနေသယောင်ရှိပြီး ကောက်ကျစ်စဉ်းလဲသော လူတစ်ယောက်ဆိုတာ သိသာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင် အလုပ်သမားတွေနဲ့ပတ်သက်ပြီး တာဝန်ယူထားသော အိုက်တုကတော့ မမကြီး၏အဝယ်တော်အဆင့်ကို ရောက်သွားခဲ့တော့သည်။

ကောရာဇ်စံအိမ်ကြီးမှ အလုပ်သမားတွေနှင့် မိတ်ဆက်ပေးတဲ့နေ့က ဆလိုင်းဒေါင်းနင်း စကားတွေက ခြိမ်းခြောက်မှုတွေ ပါဝင်နေသည်။

စိုင်းစံဖ၊ ဖွန်မိုးစက်တို့နဲ့တော့ ခုထိ မိတ်ဆက်ပေးခြင်းမရှိသေးပေ။ စိုင်းစံဖ ထိုလူ(၂)ယောက်ကို ဖုန်းကင်မရာဖြင့် ရိုက်ယူထားသည်။ ကောရာဇ်စံအိမ်ကြီးကိုရောက်နေကြတာ(၅)ရက်မြောက်တဲ့ထိတော့ ဖွန်မိုးစက်နှင့်ပတ်သက်ပြီး ဘာကိုမှ မကြားရသေးချေ။

(၅)ရက်မြောက်သောနေ့ကလေးကိုအရောက် မမကြီးနှင့် ခွန်ဘလူးဝါး အပြင်သို့ထွက်သွားချိန်...

"မွေးကောင်လေး...လူတစ်ယောက်လုံးကို မမြင်ဘူးလား"

"ဦး...ဦး...ရယ်...ကျွန်တော် မမြင်လို့ပါ"

မြို့ထဲတွင် နေထိုင်သော ကလေးငယ်က ပန်းပင်တွေကိုရေ





လောင်းနေစဉ် ဆလိုင်းဒေါင်းနင်း အနောက်မှရောက်နေတာကို ကလေးငယ်မမြင်သဖြင့် ရေနဲ့ပက်သလိုဖြစ်သွားရခြင်းဖြစ်သည်။

"လာစမ်း...မမြင်တဲ့မျက်လုံးကို မြင်အောင်လုပ်ပေးမယ်"

"မ...မလုပ်ပါနဲ့ဦးရယ်...ကြောက်...ကြောက်ပါပြီ...ဟီးဟီး"

ကလေးငယ်ကို အတင်းဆွဲပြီးခေါ်သွားသည်။

"ဟင်...ရှင်...လူစိတ်ကင်းမဲ့လှချည်လား၊ ကိုယ်မွေးရင် ကိုယ့်သားလောက်ရှိတာကို စာနာမှုကင်းမဲ့တဲ့ လူ့သတ္တဝါကြီး"

"ဘာ...မင်း...မင်းက ငါ့ကို သတ္တဝါနဲ့ နှိုင်းတယ်ပေါ့...ဟုတ်လား"

"ဒီထက်တောင် ပြောချင်သေးတယ်"

ခွန်မိုးစက် ကလေးငယ်လက်ကိုဆွဲပြီး ထူလိုက်သည်။

"မိန်းကလေးဆိုပြီး ညှာညှာတာတာ ဆက်ဆံမယ့်ကောင်တော့ မဟုတ်ဘူးနော်၊ ဒီအိမ်မှာ ထိပ်တင်ခေါ်ပြီးရင် ဆလိုင်းဒေါင်းနင်းပဲ..."

"ဒါတွေကို စိတ်မဝင်စားဘူး၊ ကိုယ့်အကြောင်းလည်းမပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"မင်းအကြောင်း မပါဝင်ရင် ဒီနေရာကနေ အမြန်ဆုံးထွက်သွား"

"ထွက်သွားလို့မရဘူး၊ ရှင့်ရဲ့မဲတရားအနိုင်ကျင့်မှုအတွက် အလျော်အစားတစ်ခုခုတော့မဖြစ်မနေ ယူသွားရမယ်"

"ဘာကွ..ဟား..ဟား..ဟား..မင်းက ရယ်စရာပြောတတ်တာပဲ၊ အင်းလေ..မင်းဘာယူချင်လဲ..ယူလေ..တစ်ခုတော့ပြောထားမယ်၊ အချစ်တော့ မရဘူးနော်"

"ကောင်း...အင့်.."

ဆလိုင်းခေါင်နှင်း စကားပင်မဆုံးခင်မှာ ဖွန်မိုးစက် ခြေထောက်က အရင်ရောက်သွားသည်။

"မင်းက ဒီလိုလား..ကဲကွာ.."

"ဝှီ..."

ဖွန်မိုးစက်ကို ဆလိုင်းခေါင်နှင်း တစ်ယောက် ကျားနာတစ်ကောင်လို သဲကြီးမဲကြီး တိုက်ခိုက်ပေမဲ့ ထိရောက်မှုက မရှိပေ။





"ကြေးစားလူမိုက်လုပ်စားတဲ့လူရဲ့လက်ရည်က ဒီလောက်ညံ့ညံ့ပါလား"

"ချောက်.."

"အလို့..ဓားမြှောင်ကြီးနဲ့ပါလား"

"ရှီ...ဝိုး..."

ဆလိုင်းခေါင်နှင်း အဆက်မပြတ် ဓားမြှောင်နှင့် ထိုးပေမဲ့ ဖွန်မိုးစက်ကို ပွတ်ကာသီကာ လေးကပ်လွတ်လျက်..

"ရှင့်အလှည့်ပြီးရင် ကျွန်မအလှည့်ပဲ..ရော့..ရှောင်ကြည့်လိုက်ဦး"

"ဒုတ်...အီး..."

ဆလိုင်းခေါင်နှင်း အရိုက်တည့်တည့်ဆီသို့ ဖွန်မိုးစက် ဒူးရောက်သွားပြီး ရှေ့သို့ ဒူးထောက်ခွေကျသွားလေသည်။

"ဘယ်လိုလဲ.. ဓားမြှောင်ဝိဇ္ဇာကြီးရဲ့..မတ်တတ်ကလေးရပ်ပါဦး"

ဆလိုင်းခေါင်နှင်း စကားပင်မပြောနိုင်အောင် ထိုးမှုက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရသည်။

ရွှန်မိုးစက်..မြေပြင်ပေါ်သို့ကျနေသော ဓားမြှောင်ကိုကောက်ယူလိုက်ပြီး ဆလိုင်းခေါင်းနှင်း လည်ပင်းကို တေ့ထောက်ထားလိုက်သည်။

"မင်း..မင်း...ဘာလုပ်မလို့လဲ"

"ရှင့်ကိုသတ်မလို့"

"ဟာ...မသတ်ပါနဲ့၊ ငါတောင်းပန်ပါတယ်"

"ရှင်တောင်းပန်လည်း နောက်ကျသွားပြီ၊ ဘာကြောင့်လဲဆိုတော့ ရှင့်ကို မသတ်ရင် ရှင်က ကျွန်မကို သတ်မယ့်သူလေ၊ ရှင်မသတ်ခင် ဦးအောင်တော့ သတ်ရမယ်.."

"ငါ...ငါက ထိပ်တင်ဒေဝီ နိုင်းလို့ပါ၊ မင်းနဲ့ငါက ဘာရန်ငြိုးမှမရှိတာပဲကွာ"

"ကောင်းပြီ..ရှင်နဲ့ကျွန်မက ဘာရန်ငြိုးမှမရှိတာ ရှင်သဘောပေါက်ရင် ဒီခြံထဲကနေ ရှင်ရထွက်သွားမလား၊ ကျွန်မဓားချက်အောက်မှာ ကိစ္စပြတ်ခံမလား၊ တစ်ခုခုကိုရွေးချယ်လိုက်"





"ငါ..ငါ..ထွက်သွားပါ့မယ်"

"ဒါဆို သွားတော့"

ဆလိုင်းခေါင်းနှင်း..စပ်သွက်သွက်လေးကေရာဇ်စံအိမ်ကြီးမှထွက်သွားတော့သည်။

"ကျောက်တော.."

"ဗျာ..မမ"

"ကေရာဇ်စံအိမ်ကြီးမှာ မမရှိနေသရွေ့မင်းတို့ကိုဘယ်သူမှအနိုင်မကျင့်စေရဘူး၊ မှတ်ထား...ကြားလား"

"ဟုတ်ကဲ့.."

ရွှန်မိုးစက်.. ကျောက်တော ခေါင်းလေးကိုပွတ်ပြီး ပြန်ထွက်လာခဲ့သည်။

သခင်မကြီး ထိပ်တင်ဒေဝီ သာ ထိုအဖြစ်အပျက်ကိုသိတာနှင့် ရွှန်မိုးစက်ကို အစိမ်းလိုက် သတ်စားချင်လောက်အောင် ဖြစ်သွားမှာ လုံးဝသေချာသည်။

ထိပ်တင်ဒေဝီ.. ရှင်နဲ့ကျွန်မတို့ပွဲက ရှေ့ဆက်ပြီးသိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကောင်းတော့မှာပါ၊ ရှင့်ရဲ့အတွက်ကြီးကို ကျွန်မ ခြေဖဝါးအောက်မှာ ရောက်စေရမယ်ဆိုတာ…သူဝေဘာပေါက်ထားပါ။



## အခန်း (၇)

ဖွန်မိုးစက်… နှင်းဆီခြံကလေးထဲတွင် ဘုရားတင်ဖို့အတွက် နှင်းဆီပန်းတွေရှုနေစဉ် အနောက်မှ ခြေသံကြားရတာကြောင့် လှည့်ကြည့်တော့ ဒေါက်တာစိုင်းမြတ်သာကျော်ကိုတွေ့လိုက်ရသည်။

ဖွန်မိုးစက် မသိချင်ယောင်ဆောင်ပြီး နှင်းဆီခြံကလေးထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်မည်အပြုဒေါက်တာစိုင်းမြတ်သာကျော် သူ့ရှေ့မှ ပိတ်ပြီးရပ်နေသဖြင့်....

"ရှင်...ဒါဘာလုပ်တာလဲ"

"မင်းနဲ့စကားပြောချင်လို့ပါ"

"ရှင်နဲ့ကျွန်မကြားမှာ တွေတွေထူးထူးပြောစရာစကားမရှိဘူး"

"မင်းဘက်က မရှိပေမယ့် ကိုယ့်ဘက်က ရှိနေတယ်လေ၊ ကျေးဇူးပြု၍ကိုယ်လည်းနာကျင်သေးတယ်လို့... ကောလောက်တော့အချိန်ပေးပါ"

"ရှင့်အတွက် အချိန်ဆိုတာ ကျွန်မမှာ မရှိဘူး။ ရှင် ရှေ့ကဖယ်မလား မဖယ်ဘူးလား၊ ဒါပဲပြော.."

"မင်းရဲ့ရုပ်ကျက်နှာထန်ထန်က တကယ်ကိုချစ်ဖို့ကောင်းတာပါ၊ တွေ့ဖူးခဲ့တဲ့ မိန်းကလေးတွေထဲမှာ မင်းဟာ စွဲမက်ဖို့အကောင်းဆုံးပဲကွာ၊ ကောလေးပါ.."

ဖွန်မိုးစက်လက်ကို လှမ်းယူဆုပ်ကိုင်လိုက်သည်နှင့်....

"ကဲ..ဟာ.."





"ဖျောက်..."

"အီး..အီး..ကျိုး...ကျိုးပါပြီ.."

"ဒီမှာဒေါက်တာကြီး..ရှင်တွေ့ဘူးတဲ့-သူတွေထဲမှာ ဒီလိုမိန်းမ တစ်ယောက်ကို ရှင့်တစ်သက်မှာ မှတ်သွားလိုက်ဦး"

"ဖုန်း.."

"အား..."

ဖွန်မိုးစက်.. ဒေါက်တာစိုင်းမြတ်သာကျော်ကို မြေပြင်ပေါ်သို့ကိုင်ပေါက်ချလိုက်သည်၊

"မိဖွန်..နင်...နင်... ဘာလုပ်တာလဲ"

"ကျွန်မ ဘာလုပ်သလဲဆိုတာကို သူ့ကိုမေးကြည့်လိုက်.. သူ ပြောပြလိမ့်မယ်.."

"နင် တကယ့်အရိုင်းအစိုင်းတစ်ယောက်ပဲ"

"ဟုတ်တယ်.. ကျွန်မ အရိုင်းအစိုင်း၊ ဘာ့ကြောင့် ရိုင်းခဲ့ရသလဲ ဆိုတာတော့ ထည့်ပြီးပြောဦးလေ...၊ ငါ့မှာ ငွေဂုဏ်ရှိတယ်ဆိုပြီးတော့ ငါလုပ်သလို ရမှာပဲ အသိနဲ့လာပြီး ခွေးတိုးဝမ်းရင် ကိုယ့်ပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မယ်မှတ်၊ ဒါ ပထမဦးဆုံးအနေအထားမို့ ခပ်ဖေါ့ဖေါ့လေး ဆုံးမလိုက်တာ၊ နောက်တစ်ကြိမ်ဆိုရင်တော့ ဒီထက်ပိုပြီး အရသာတွေ့သွားမယ်"

"တောက်...နင်...နင်.. လူပါးဝနိုင်တုန်း ဝထားဦးပေါ့ဟာ...

ဖိုင်း... ဘာဖြစ်သွားသေးလဲ"

"ဘာ...ဘာမှ မဖြစ်ပါဘူး သခင်မကြီး"

ဖွန်မိုးစက်...အော်ပြင်သော အပြုံးကလေးဖြင့် ထွက်လာခဲ့တော့သည်။

"သခင်မကြီး..."

"မင်း ဘာပြောချင်သလဲ"

"ကျုပ်.. ဒီဟာမကို ပြန်ပြီးလက်စားချေရမှ ကျေနပ်မယ်"

"မပူပါနဲ့ကွာ၊ သိပ်မကြာခင် မင်းဖြစ်ချင်သလို ဖြစ်တော့မှာပါ၊ အိမ်ကြီးထဲ သွားကြရအောင်...ဪ...ဒါနဲ့ မင်းဘက်က လုပ်ထားတဲ့ အခြေအနေကို ပြောပြဦး"

"ကျွန်တော့်ဆေးကိုသာ ထက်ပြီးသောက်နေရင် သားအိမ်နစ်ယောက်လုံး နောက်ထပ် (၁) လလောက်ဆို လူ့လောကကြီးကနေ





ထွက်ခွာဖို့ အချိန်ကို နီးကပ်နေပါပြီ.. သခင်မကြီးစိတ်ချပါ"

"ငါက မင်းကိုယုံကြည်ပြီးသားပါကွယ်"

ဖိုင်းစံဖ အိမ်ကြီးထဲမှထွက်လာသဖြင့် စကားကိုရပ်လိုက်ကြသည်။

"ဖိုင်း...မင်းဘယ်လဲ"

"မှစမ်းဆီကို သွားမလို့"

"မင်းအပြင်သွားရင် မမကြီးကို တစ်ခုကူညီဦး..."

"ကျွန်တော် ဘာကူညီရမှာလဲ"

"ဦးလပိုင်တောခြံကို မမကြီး ပစ္စည်းတစ်ခုပေးနိုင်းလိုက်ချင်လို့ဖိုင်း..."

"ကျွန်တော် ဝင်ပြီးပို့ပေးလိုက်ပါ့မယ်"

မမကြီးပေးလိုက်သော ပါဆယ်ထုပ်ကိုယူပြီး အိမ်အပြင်သို့ ထွက်သည်နှင့်.....

"ကိုဖိုင်း..."

"ဪ...ဖွန်..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုင်းအပြင်သွားမလို့လား"

"အင်း.."

"ဒါဆို..ရွှန်..ဈေးဘက်ကို လိုက်ချင်တယ်ဖြစ်မလား"

"ဖြစ်ပါတယ်..လိုက်ခဲ့လေ...."

ရွှန်နှင့်အတူ ကေရာဇ်ခြံဝန်းကြီးထဲမှ ကားမောင်းထွက်ခဲ့တော့သည်။

"ရွှန်.. ကိုယ်အိမ်တစ်အိမ်ကို အရင်ဝင်ပြီးမှ ဈေးကိုသွားမယ်နော်..အချိန်ရတယ် မဟုတ်လား"

"ရပါတယ် ကိုစိုင်း"

စိုင်းစံဖ သွားပြီး ပို့ရမယ့်အိမ်မှာ မြို့ပြင်ဘက်တွင်ရှိနေတာကြောင့် ကားကို စပ်ဖြည်းဖြည်းလေးမောင်းလာခဲ့သည်။

"ကိုစိုင်း ပစ္စည်းသွားပြီး ပို့ပေးမှာလား"

"ဟုတ်တယ်ရွှန်..မမကြီးပို့ခိုင်းတာ"

"ဟင်.."

စိုင်းစံဖ စကားကြောင့် ရွှန်မိုးစက် မျက်နှာလေးညှိုးသွားသည်။





"ရွှန်စိတ်ထဲမှာ ဘယ်လိုတွေးမိလို့လဲ"

"ကိုစိုင်းတို့မောင်နှမကြားမှာ ရွှန် ဒီစကားမျိုးပြောရတာ မကောင်းပါဘူး"

"ပြောမှာသာပြောပါ ရွှန်၊ မမကြီးနဲ့ ကိုယ်တို့ဟာ သွေးရင်းသားရင်းဖြစ်နေပေမဲ့ ရန်သူတွေလိုဖြစ်နေပါပြီကွာ၊ သူ့ဘက်က ကိုယ့်ကိုမောင်တစ်ယောက်အနေနဲ့ သံယောဇဉ်ကင်းမဲ့မှတော့ ကိုယ်တခြားသော ခံစားချက်တွေမရှိတော့ပါဘူး"

"ဒါဆို.. ရွှန်အထင်ပြောရရင် ဒါဟာ ထောင်ချောက်တစ်ခုထဲကို သွားခိုင်းတာပဲ.."

"ဘာ.."

"ဘယ်လိုထောင်ချောက်မျိုးဆိုတာတော့ ရွှန်မသိပါဘူး"

"ကိုယ်တို့ တိုးသင့် မတိုးသင့်ကို ဘယ်လိုလုပ်မလဲ"

"အသက်နဲ့ရင်းရမယ့် စမ်းသပ်မှုတစ်ခုတော့ လုပ်ရမှာပဲ ရွှန်သဘောကိုပြောတာနော်၊ ကိုစိုင်း နောက်ပြန်လှည့်မယ်ဆိုရင် လှည့်



www.burmeseclassic.com

www.burmeseclassic.com



လေ”

“ကိုယ်လည်း မလှည့်ပါဘူး၊ ဒါပေမယ့် ဖွန်း...”

“ဖွန့်အတွက် ခေါင်းထဲထည့်မထားပါနဲ့ ကိုစိုင်း”

စိုင်းစံဖ ပို့ပေးရမည့် အိမ်ခြံဝဆီသို့ရောက်သည်နှင့် ခြံဝင်း ထဲမှ လူတစ်ယောက်ထွက်လာပြီး ခြံတံခါးကိုဖွင့်ပေးသည်။

“ကိုစိုင်း...”

“ဖွန်း...”

“ထောင်ချောက်ဆိုတာ ပိုပြီးသေချာသွားပြီ”

“ဖွန်း...ဘာကိုတွေ့လို့လဲ”

“ခြံစောင့်က ဖွန်းတို့ရောက်လာမယ်ဆိုတာကို ကြိုပြီးသိနေ တယ်၊ ဘာမှမမေးမြန်းဘဲ တံခါးကိုဖွင့်ပေးတာပဲကြည့်တော့”

“အင်း...ဟုတ်တယ်”

“ပြီးတော့ ဒီလူ ခြံတံခါးကို သော့ပိတ်လိုက်ပြီ၊ နောက်ဆုတ် လို့မရအောင် လုပ်တဲ့သဘောပဲ၊ အပြတ်ရှင်းမှာတော့ သေချာတယ်”

စိုင်းစံဖနှင့် ဖွန်းတို့ မရဏထောင်ချောက်ထဲကို ခြေလှမ်းပစ်ပြီး





ဝင်ခဲ့ကြပြီဖြစ်သည်။

ကားစက်ရပ်လိုက်သည်နှင့် ကားနားသို့ သေနတ်ကိုင်ထား သော လူဆိုးတွေ ရောက်လာခဲ့ကြသည်။

“ကောင်းကောင်းမွန်မွန် ဖိတ်ခေါ်တာကို လက်ခံပေးတယ် ဆိုရင် သိပ်ပြီး အကျည်းမတန်ဘူးပေါ့၊ ဒါမှမဟုတ်ဘဲ အာစီဒို့ လုပ်ရင် တော့ ကျည်ဆံတွေက မိတ်ဆွေကောင်းပီသစွာနဲ့ သေမင်းဆီကို ပို့ ပေးလိမ့်မယ်”

“ဘာ အပိုစကားမှ ပြောမနေနဲ့၊ ရှင်တို့ဘာလုပ်ချင်လဲ၊ ကြိုက် တာလုပ်လို့ရတယ်၊ တစ်ခုတော့ သိထားလိုက်၊ ရှင်တို့ဆင်တဲ့အကွက် ထဲကို ဘာမှ မသိဘဲ ဝင်လာတယ်လို့တော့ မထင်လိုက်နဲ့၊ တမင်ဝင် လာခဲ့တာ...”

“ဟ... တယ်ပြီး သတ္တိကောင်းပါလား၊ ဒီလိုသတ္တိမျိုးကို မှ ဘန်ထက သဘောကျတာ...”

“သိပ်လည်း သဘောကျမနေနဲ့ဦး၊ ကျွန်မတို့နောက်မှာ ဘယ်သူတွေ စောင့်ကြည့်နေသလဲဆိုတာရော သိထားဦး”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..ဟာ..ဟိုက်.."

ဖွန်မိုးစက်စကားကြောင့် လူဆိုးအားလုံး အထိတ်တလန့် ဖြစ်သွားကြသည်။

"ဆ...ဆရာ...ဘန်ထ ဘယ်လိုလုပ်မလဲ"

"မထူးဘူး..မားစာခံ လုပ်ပြီး ထွက်မယ်"

"ဆရာ..ထွက်လို့မဖြစ်ဘူး"

"ဘာလို့မဖြစ်တာလဲ"

"ကျွန်တော်တို့ ပစ္စည်းတွေက ဒီအိမ်မှာလေ.."

"မာကွာ..ရမှ ခွကျပြီ..ဟုတ်ပြီ.."

"ဘာဟုတ်တာလဲ ဆရာ.."

"မင်း..မင်းတို့နဲ့ငါ အပေးအယူလုပ်မယ်"

"ရှင်က ဘာအပေးအယူလုပ်မှာလဲ"

"မင်းတို့ကို ငါတို့ဘာမှ ဒုက္ခမပေးဘူး၊ ငါတို့ကိုလည်း မင်းတို့ ဒုက္ခမပေးနဲ့ ဘယ်လိုလဲ"

"ရှင့်ရဲ့အပေးအယူကို မငြင်းပါဘူး၊ ဒါပေမဲ့ ရှင်စဉ်းစားရမှာ





ရှင့်ကိုနိုင်းတဲ့ သခင်မကြီးထိပ်တင်ဒေဝီနဲ့ ရှင်ဘယ်လိုရှင်းမလဲ"

"သူ့ဆီက ယူထားတဲ့ငွေ ပြန်ပေးလိုက်ရုံပဲပေါ့"

"ဆရာ ဘန်ထ သူ့ဆိုက်ဆံနဲ့ဆေးတွေက ဝယ်ထားပြီးပြီလေ၊ ဘယ်ကငွေနဲ့ ပြန်ပေးမလဲ"

"ဉာဏ်..မင်းက တုံးပဲကွ၊ ထိပ်တင်ဒေဝီရဲ့ အသည်းဘူး ခေါက်တာစိုင်းမြတ်သာကျော်က ငါတို့လက်ထဲမှာလေ၊ ဒီကောင် ဘာတွေလုပ်နေသလဲဆိုတာ ဖော်လိုက်တာနဲ့ ကွဲသွားမှာ၊ မင်းတို့ သွားလို့ ရပြီ..ကတိတော့ တည်နော်.."

"စိတ်ချလက်ချသာနေပါ၊ ကိုစိုင်း သွားကြရအောင်.."

စိုင်းစံဖနင့် ဖွန်မိုးစက် ကားပေါ်သို့ပြန်တက်ပြီး ခြံထဲမှ မောင်းထွက်ခဲ့သည်။

"ဟူး...တော်ပါသေးရဲ့ကွာ၊ ဖွန်သာဖြတ်ထိုးဉာဏ်မရှိရင် ပြန်လမ်းရှိမှာမဟုတ်ဘူး"

"ဖွန်တို့ ရဝင်လာတဲ့ထောင့်ချောက်ကနေ အဖိုးတန်တဲ့ သတင်းကိုရလိုက်တယ်"

www.burmeseclassic.com



"ဒေါက်တာ စိုင်းမြတ်သာကျော် သတင်းလား"

"ဟုတ်တယ်..ဒီလူ ဥပဒေမဲ့ ဘာတွေလုပ်နေသလဲဆိုတာကို ဖော်ထုတ်ရမယ်"

"အင်း.. မမကြီးကတော့ အံ့အားသင့်နေမှာပဲ.. သူ့အတွက် နိဂုံးချုပ်ချိန်က နီးကပ်လာပါပြီ.."

* * * * * * *

အခန်း (၁၅)

မမကြီးမှ စိုင်းစံဖနင့် ဖွန်မိုးစက်ကို ခေါ်နိုင်းလိုက်တာကြောင့် အိမ်ကြီးဆီသို့ ဝင်လာခဲ့ကြသည်။

"ကဲ... နှစ်ယောက်လုံးထိုင်ကြပါဦး.."

မမကြီးမျက်နှာမှာ ပြုံးရွှင်နေသလို ရှိနေပေမဲ့ အတွင်းစိတ်ထဲ မှာတော့ ကျစ်စဉ်းလဲမှုတွေ ရှိနေတယ်ဆိုတာကို နှစ်ဦးလုံးသိသော





www.burmeseclassic.com

www.burmeseclassic.com



ပေါက်ထားကြသည်။

"စိုင်း..."

"ပြောပါ မမကြီး..."

"မင်းကို မမကြီး ဘာကြောင့်ခေါ်ရတယ်ဆိုတာ သိလား"

"မသိပါဘူး မမကြီး..."

"ဒီနေ့ စံအိမ်ကြီးရဲ့ ဘိုးဘွားတွေကို ပူဇော်ကန်တော့ရမယ့် နေ့လေ..."

"ဟာ... ဟုတ်လား..."

"စိုင်း...မင်းက အတိတ်မေ့ရုံတင်မကဘူး၊ ရိုးရာဓလေ့နဲ့ ဘိုးဘွားတွေပေါ်မှာတောင် ဂါရဝတရားမဲ့နေပြီကိုး..."

"မမကြီး အပြစ်တင်တာကို ခံပါ့မယ်"

"ထားလိုက်ပါတော့လေ၊ မင်းမှာ တာဝန်မဲ့နေသလို ဖြစ်နေပေမဲ့ ငါကတော့ မေ့လို့မရဘူး"

"ရွှန်ကို ခေါ်တာကရော မမကြီး"

"မင်းလည်း ကျောရာဇ်စံအိမ်ကြီးရဲ့ မိသားစုဝင်ဖြစ်နေပြီလေ





ဘိုးဘွားတွေကို ဂါရဝပြုရမှာပေါ့၊ မပြုချင်ဘူးလား"

"ပြုပါ့မယ် မမကြီး..."

"စိုင်း.... မင်းနဲ့ အလုပ်သမား(၅)ယောက်ကိုခေါ်သွားပြီး ဘိုးဘွားသချိုင်းကို သွားပြီးရှင်းလင်းထားပါ၊ ကျန်တဲ့ကိစ္စတွေကို ငါ စီစဉ်ပြီးလိုက်လာခဲ့မယ်"

"ဟုတ်ကဲ့...အခုပဲ သွားလိုက်ပါ့မယ်၊ ရွှန်ပါလိုက်ရမလား"

"လိုက်ရမှာပေါ့"

"သွားစို့...ရွှန်..."

"ဟုတ်..."

စိုင်းစံဇ မြို့ထဲမှ အလုပ်သမား (၅)ယောက်ကို ကားပေါ် ခေါ်တင်ပြီး မောင်းထွက်ခဲ့ကြသည်။

ဘိုးဘွားသချိုင်းမြေမှာ မြို့နှင့်အဝေးကိုဝေးသော တောစပ်တစ်ရနားမှာဖြစ်သည်။

"ရွှန်...စကားသံ တိတ်လှချည်လား၊ ဘာတွေများ စဉ်းစားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နု မမကြီးနိုင်းလိုက်တဲ့ကိစ္စက ရိုးသားမှု သိပ်ပြီးမရှိဘူးလို့ ထင်တယ်"

"ကိုယ်လည်း သဘောပေါက်သလိုပါပဲ၊ ခက်နေတာက ဘိုးဘွားနှစ်ပြည့်နဲ့ဆိုတော့ မဖြစ်မနေ သွားရမှာ"

"ကိုစိုင်း...နုခေါ်လာတဲ့ အလုပ်သမားတွေကရော စိတ်ချရပါ့မလား"

"ကေရာဇ်မြို့ကြီးထဲမှာမမကြီးရဲ့လူတွေရှိနေသလိုကိုယ့်ကိုယုံကြည်အားကိုးတဲ့လူတွေလည်း ရှိနေကြတာပဲလေ၊ စိတ်ချရတယ်လို့တော့ ပြောလို့မရဘူး"

"ဒေါက်တာ စိုင်းမြတ်သာကျော် သတင်းနဲ့ပတ်သက်ပြီး ဘာတွေ ထပ်ပြီးကြားသေးလဲ...ကိုစိုင်း"

"ကိုယ့်သူငယ်ချင်းဇော်လတ်နဲ့ မှုခင်းတို့ခြေရာခံသလောက်ကတော့ စိုင်းမြတ်သာကျော်ဟာ မူးယစ်ဆေးဝါးဂိုဏ်းတစ်ခုနဲ့ ဆက်နွယ်နေတယ်တဲ့၊ မြန်မာနိုင်ငံမှာ အခြေစိုက်ပြီး တရုတ်ပြည်ဘက်နဲ့ ထိုင်းဘက်ကို ဘိန်းဖြူအသွင်းအထုတ် လုပ်ကိုင်နေတာတဲ့၊ သိပ်မကြာ





တော့ပါဘူး၊ သက်ဆိုင်ရာက ခြေရာခံမိတော့မှာပါ"

"မမကြီးလည်း ဒီမူးယစ်ဆေးဝါးဂိုဏ်းနဲ့ပတ်သက်နေမလား ကိုစိုင်း..."

"နု သိရတဲ့ နောက်ဆုံးအခြေအနေကို လေ့လာကြည့်ရင် မမကြီးလည်း ပါဝင်ပတ်သက်နေတာက သေချာသလောက်ဖြစ်နေပြီ"

"အင်း...ဒါဆို မမကြီးဟာ ကေရာဇ် စံအိမ်ကြီးကို နုတုံးလုပ်ပြီး မူးယစ်ဆေးဝါးဂိုဏ်းကို တည်ထောင်ထားသူများဖြစ်နေ မလား"

"သူ့ဂုဏ်ကြမ္မာကို သူ ဖန်တီးတာပဲလေ..."

"ရင်မောစရာကြီးပါလား ကိုစိုင်းရယ်.. မမကြီးက ဇွန်တို့ကို မမလေးဘက်ကို ပြုပြီး လမ်းကြောင်းပြောင်းထားတာပဲနော်"

"ဟုတ်တယ်...မနေ့ညကမှ ကိုယ်သတိထားမိတာ ဇွန်၊ ကိုယ်တို့က မရီးအတွက် ကာကွယ်မှုတွေကို အာရုံစိုက်နေတော့ သူဒီဘက်မှာ လုပ်ဆောင်နေတာကို မရိပ်မိအောင် လုပ်နေတာပဲ"

"ကိုစိုင်းကို ဇွန်ပြစရာတစ်ခုရှိတယ်၊ ဒီမှာကြည့်"

ဇွန်မိုးစက် သူ့အိတ်ထဲမှ စာအုပ်ကလေးတစ်အုပ်ကို ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်၊ စာအုပ်ကလေးဟာ ခပ်လတ်လတ်မှတ်တမ်းရေးရတဲ့ စာအုပ်ကလေးဖြစ်သည်၊

စိုင်းစံဖ စာအုပ်ကလေးကို ဖွင့်ပြီးကြည့်တော့ မမကြီးနှင့် ပတ်သက်ပြီး လုပ်ကိုင်ခဲ့တာတွေကို ရေးထားတာကို ဖတ်လိုက်ရသည်၊

"ဒါ...ဒါ.. မမကြီး .. မူးယစ်ဆေးဝါးလုပ်ကိုင်တာတွေကို ရေးထားတာပဲ"

"ဟုတ်တယ် ကိုစိုင်း.. စာရေးတဲ့သူက ဘယ်သူလဲဆိုတာ ရော သိလား.."

"ဟင့်အင်း.."

"ခင်စော.."

"ဘာ..."

"ခင်စောဟာ မမကြီးလုပ်ကိုင်တာတွေကို သိသွားလို့ နှုတ်ပိတ်ခြင်းခံခဲ့ရတာပါ"

"ဒီတစ်ခါ မမကြီးရဲ့အမှားဟာ ဘယ်လိုမှ ခွင့်လွှတ်လို့မရနိုင်တဲ့ လူသားအားလုံးကို အမှားကြီးကျူးလွန်တာပဲ"





"သူ့ကိုက်ပြစ်ဒဏ်ကိုသူခံရတော့မှာပေါ့"

စိုင်းစံဖတို့ ကားလေး မြို့ထဲမှ စတင်ပြီးထွက်လာချိန်ထိ နောက်မှ သံသယဖြစ်စရာ တစ်စုံတစ်ရာမှ မတွေ့ရသေးပေ၊

"ဖွန်...အခြေအနေကတော့ ရုတ်တရက် အေးဆေးနေတုန်းပဲနော်.."

"သူတို့ပစ်မှတ်ထားရင် ဘိုးဘွားသချိုင်းမှာ ထားမှာ သေချာတယ်"

"ဇော်လတ်ကို ဆက်သွယ်ထားရင်ကောင်းမယ်"

"ကောင်းတာပေါ့ကိုစိုင်း....."

စိုင်းစံဖ ကားမောင်းနေရင်း စခန်းမှူးဇော်လတ်နှင့် ဆက်သွယ်ပြီး အကြောင်းစုံကိုပြောပြလိုက်သည်၊

"ကိုဇော်လတ် ဘာပြောလဲ ကိုစိုင်း.."

"ကိုယ်တို့တက်က ဟန်မပျက် သူလုပ်တာကို မသိချင်ယောင်ဆောင်ပြီးနေပါတဲ့၊ သူတို့နောက်ဆုံးခေါ်သွားတဲ့နေရာကို လိုက်သွားရမယ်၊ ဇော်လတ်တို့အဖွဲ့တွေ ကိုယ်တို့နဲ့ အနီးကပ်ဆုံးမှာ နောက်ယောင်ခံပြီး ရှိနေကြမှာ.."



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုင်းရေ.. ခုပွဲက နောက်ဆုံးပွဲတစ်ခုတော့ ဖြစ်တော့မယ် ထင်တယ်"

"သေရာသလောက်ပဲ"

စိုင်းစံဖတို့ဘိုးဘွားပိုင်သရိုင်းမြေပေါ်တွင် ရှင်းလင်းစရာတွေကို ရှင်းလင်းနေသော အချိန်ထိ မမကြီးဘက်မှ လှုပ်ရှားမှုအရိပ်အယောင် မတွေ့ရသေးပေ။

"ကိုစိုင်း...တစ်ခုခုတော့ လွဲချော်နေပြီထင်တယ်၊ ဒါမှမဟုတ် မမကြီးဘက်က ရိပ်မိသွားတာများလား"

"စောင့်တော့ကြည့်ရဦးမှာပေါ့"

စိုင်းစံဖတို့ လုပ်ကိုင်စရာတွေကို ထောက်ပြီးလုပ်ကိုင်နေစဉ်..

"ဗိုး..."

"ဟင်.."

(× × × ×) နောက်ဆုံးပေါ် ကားနက်ကြီးတစ်စီးမောင်းဝင်လာသည်ကိုတွေ့လိုက်ရသည်။

"ကိုစိုင်း.."





"အင်း.."

တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ပြီးအခြေအနေကို သဘောပေါက်လိုက်ကြသည်။

"ဗိုး...ကျွိ..."

ကားရပ်သည်နှင့်အရင်ဆုံးဆင်းလာသူက ဒေါက်တာ စိုင်းမြတ်သာကျော်.. သူ့နောက်တွင် လက်နက်ကိုယ်စီနှင့်လူဆိုး(၅) ဦးကိုတွေ့လိုက်ရသည်။

"စိုင်းစံဖ.. မင်းတို့(၂)ယောက်လုံး ခြေပြိမ်လက်ပြိမ်လေးနဲ့ လိုက်ခဲ့ကြနော်.."

"ကောင်းကောင်းမွန်မွန် ခေါ်ရင်တော့ ယဉ်ကျေးမှုရှိစွာနဲ့ လိုက်ခဲ့ကြမှာပါ..."

"ကားပေါ်ကိုတက်.."

စိုင်းစံဖတို့ နှစ်ယောက်လုံးကို သေနတ်တွေနှင့် ချိန်ပြီး ကားပေါ်သို့တက်ခိုင်းတော့သည်။

"ဂျိုင်း..."



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်သို့ ရောက်သည်နှင့် မျက်နှာတွေကို ပိတ်စည်းလိုက်ပြီး ကားမောင်းထွက်ခဲ့ကြတော့သည်။

အပြင်ကိုဘာမှ မမြင်ကြရပေမဲ့ သူတို့ကိုခေါ်ဆောင်သွားသောလမ်းမှာ တောလမ်းတစ်ခုဆိုတာကိုတော့ သဘောပေါက်ခဲ့ကြသည်။



တောလမ်းခရီးကို နာရီဝက်နီးပါး မောင်းလာပြီးမှ ကားစက်ရပ်သံကို ကြားလိုက်ရသည်။

"မျက်လုံးက စည်းထားတာကိုဖြေပေးလိုက်တော့"

"ဟုတ်ကဲ့.."

စိုင်းစံဖနှင့် ဖွန်မိုးစက် မျက်လုံးထဲတွင် စတင်ပြီးတွေ့လိုက်ရသော မြင်ကွင်းတွေကတော့ ရှေးဟောင်းစေတီယာနံဘုရားကျောင်းပျက်ကြီးတစ်ခုပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်အထင် တောနက်ကြီးတစ်ခုတွင်ရှိနေသော ဘုရားကျောင်းကြီး တစ်ခုပင်ဖြစ်နိုင်သည်။

"ခေါ်ခဲ့ကြစမ်း"

ဘုရားကျောင်းပျက်ကြီးထဲသို့ခေါ်လာပြီး အထဲကိုရောက်တော့ မြေအောက်အခန်းတံခါးကိုနံရံမှ ခလုတ်တစ်ခုနှိပ်ပြီး ဖွင့်လိုက်ကြသည်။

"ကျို..."

မြေအောက်ကိုဆင်းသော ကျောက်လှေကားထစ်တွေ အတိုင်းဆင်းခဲ့ကြပြီးနောက် ခန်းမကြီးတစ်ခုကိုတွေ့လိုက်ကြရသည်။ ထိုခန်းမကြီးထဲတွင် ဓာတုပစ္စည်းတွေနှင့် ပြင်ဆင်ထားသောအရာတွေကိုတွေ့လိုက်ရသည်။

စိုင်းစံဖ သဘောပေါက်လိုက်သည်။ သည်အခန်းသည်ဘိန်းဖြူချက်သောအခန်းပင်ဖြစ်မည်။

"မင်းတို့ကိုစည့်သည်တစ်ယောက်နဲ့မိတ်ဆက်ပေးရဦးမယ်။ ဘလူးဒေါင်းနက်ခေါ်ခဲ့စမ်းကွာ..."





ဘလူးဒေါင်းနက်ဆိုတဲ့သူ အခန်းတစ်ခုထဲသို့ဝင်သွားပြီးပြန်ထွက်လာတော့...

"မှုခမ်း..."

"စိုင်း...ရွှန်..."

"မိတ်ဆွေ(၃)ယောက်စလုံး စုံညီစွာနဲ့ နောက်ဆုံးထွက်သက်ကိုစောင့်ကြပေါ့..."

"ဆရာ...သူတို့ကိုတစ်ခါတည်းရှင်းမှာမဟုတ်ဘူးလား"

"သူတို့ကိုရှင်းမှာ ငါမဟုတ်ဘူး၊ သူတို့ရဲ့သခင်မကြီး မကြာခင်ရောက်လာတော့မယ်"

"ဒါဆို.. ဘယ်လိုလုပ်ထားမှာလဲ ဆရာ"

"ဓာတုအခန်းထဲမှာ ထည့်ထားလိုက်.."

"ဟုတ်ကဲ့.. လာခဲ့ကြ.."

"ဂျိုင်း..."

စိုင်းစံဖတို့ (၃)ယောက်လုံးကို ဓာတုပစ္စည်းတွေထားသော အခန်းတစ်ခုတွင် ထည့်ထားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိုင်းရေ..ဒီတစ်ခါတော့နောက်ဆုံးဖောက်သိမ်းတစ်ခုကိုက. ရတော့မယ်ထင်တာပဲဟေ့.."

"ဒါနဲ့ မင်းကိုဘယ်ကနေ ဖမ်းလာတာလဲ"

"မမကြီးက အရေးတကြီးခေါ်တယ်ဆိုတာနဲ့လိုက်လာတာလေ၊ လမ်းကျမှ သေနတ်နဲ့တွေ့ပြီး ဒီကိုခေါ်လာကြတာပဲဟေ့၊ ကားပေါ်ပြီးတက်ကတည်းက စိတ်ထဲမှာ ထင်ထားတဲ့အတိုင်းဖြစ်ခဲ့တာပဲကွ၊ မင်း..ဖော်လတ်နဲ့အဆက်အသွယ်ရလား"

"ရတယ်...မှစမ်း.. အားလုံး စီစဉ်ပြီးသွားပြီ"

"ဒါဆို တော်သေးတာပေါ့ကွာ၊ သေသွားရင်တောင် အကြောင်းမဲ့မသေရတော့ဘူးပေါ့"

"ဖွန်ကတော့ ခုလို နောက်ဆုံးချိန်မှာ မမကြီးဆီက ဘာစကားတွေကြားရမယ်ဆိုတာကို နားထောင်ချင်တာ"

"သူ့ရဲ့အောင်မြင်မှု ရယ်မောသံကြီးကို ကြားရမှာပဲ"

"မိစ္ဆာရယ်မောသံပေါ့"

"ဖွန်တို့ ဒီအတိုင်း နေမယ့်အစား တစ်ခုခုကို ကြံစည်ကြရင်





မကောင်းဘူးလား"

"အင်း..ထိုင်နေမယ့်အစား လှုပ်ရှားမှုတစ်ခုလုပ်ကြတာပေါ့"

သုံးယောက်စလုံး အခန်းရဲ့အခြေအနေအားလုံးကိုလေ့လာအကဲခတ်ကြပြီး...

"ကိုစိုင်းနဲ့ မှစမ်း.."

"ဘာလဲ..ဖွန်.."

"ဒီမှာကြည့်ပါဦး"

ကြမ်းပြင်ပေါ်ကိုပြလိုက်သည်။

"ဒါ အံဖုံးတစ်ခု ဖြစ်နိုင်တယ်"

"ဒုန်း.. ဒုန်း..."

"အောက်ကနေ လိုက်သံထွက်နေတယ်"

ကြမ်းပြင်ကို သေသေချာချာရှင်းလင်းပြီးတော့ကြည့်တော့ (၃) ပေပတ်လည်ကြမ်းခင်းတစ်ခုကိုတွေ့လိုက်ကြရသည်။ ထိုကြမ်းခင်းကိုကြိုးစားပြီးဖွင့်ကြတော့မှ ပွင့်လာတော့သည်။

"အောက်မှာ လှေကားမရှိဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ငါအရင်ဆင်းမယ်"

စိုင်းစံဖ ကြမ်းပြင်အပေါ်ကနေ အောက်ကိုဆင်းလိုက်ကြသည်။

"စိုင်းရေ… ရော့… ငါ့မှာ ဓာတ်ပုံမီးခြစ်ပါတယ်"

"မင်းက ဆေးလိပ်မသောက်ဘဲ ဘယ်ကရလာတာလဲ"

"သူငယ်ချင်းတစ်ယောက် မေ့ပြီးကျန်ခဲ့တာကို ယူထားတာကွ"

"ရော့က်…"

ဓာတ်ပုံမီးခြစ်လေးကြောင့် အောက်ကြမ်းပြင်အခန်းကိုတွေ့နေရသည်။

"ဆင်းကြဟေ့… အခန်းမဟုတ်ဘူး၊ လိုဏ်ဂူကြီးလိုဖြစ်နေတာ"

မှုခမ်းနှင့် ဖွန်မိုးစက်တို့ ဆက်ပြီးဆင်းလာခဲ့ကြသည်။

မှောင်မဲနေသော လိုဏ်ဂူကြီးအတိုင်းလျှောက်လာကြရင်းနှင့် ဓာတ်ပုံမီးခြစ် ဆီကုန်သွားသဖြင့် အမှောင်ထုထဲတွင် တစ်ယောက်





လက်ကိုတစ်ယောက်ဆုပ်ကိုင်ပြီး စမ်းတဝါးဝါးလျှောက်ခဲ့ကြလေသည်။

"ရှေ့…ရှေ့မှာ အလင်းရောင်…"

"ဟာ…ဟုတ်တယ်…"

စိုင်းစံဖတို့နှင့် ခပ်လှမ်းလှမ်းတွင် အလင်းရောင်လေးတစ်ခုကိုတွေ့လိုက်ကြရသည်။

"ဂူအဆုံးဖြစ်နိုင်တယ်ကွ"

ဂူထဲတွင် အသက်ရှူရသည်မှာ မွန်းကျပ်နေရာမှ အသက်ရှူနည်းနည်းချောင်လာကြသည်။ အလင်းရောင်မြင်နေရသော အပေါက်မှာ မြေပြင်ဆီသို့ ထွက်သော အပေါက်တစ်ခုဖြစ်နေသည်။

"ဒါ…လျှို့ဝှက်ထွက်ပေါက်တစ်ခု လုပ်ထားတာဖြစ်မယ်"

"သူတို့လုပ်ထားတာတော့ မဖြစ်နိုင်ဘူး။ ရှေးက လူတွေလုပ်ထားတဲ့ထွက်ပေါက်တစ်ခုပဲဖြစ်မယ်…"

"ဘာပဲဖြစ်ဖြစ်…ကျွန်မတို့အတွက် ကံကောင်းခြင်းတစ်ခုလို့ဆိုရမယ်…"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းစံဖတို့ရောက်နေသောနေရာမှ လှမ်းပြီးကြည့်လိုက်ရင် ဘုရားကျောင်းပျက်ကြီးကို တွေ့မြင်နေရသည်။

"ဒိုင်း...ဒိုင်း..."

"ဟာ...ဟာင်..."

"သူ...သူတို့လိုက်လာကြပြီ..."

စပ်လှမ်းလှမ်းဆီမှ သေနတ်သံတွေကို ကြားလိုက်ရပြီးနောက်...

"တစ်ယောက်မှ မလွတ်စေနဲ့၊ တွေ့တာနဲ့ အသေသာ ပစ်လိုက်ကြဟေ့"

"ဘာမှအသုံးမကျတဲ့ကောင်တွေ"

သေနတ်သံတွေနှင့်အတူ ကြားလိုက်ရသော အမိန့်ပေးသူမှာ ဧကရာဇ်စံအိမ်ကြီး၏ထိပ်တင်ခေါင်းဆောင်တာစိုင်းမြတ်သာကျော်တို့ပင်ဖြစ်သည်။

"ဒီကောင်တွေ ဒီလမ်းအတိုင်းဆက်ပြီးသွားလို့မရနိုင်ဘူး။ ရှေ့မှာ ချောက်ကမ်းပါးပဲရှိတယ်"





စိုင်းစံဖတို့ပုန်းနေသောနေရာမှကြားလိုက်ရသော စကားသံပင်ဖြစ်သည်။

"စိုင်း...ဘယ်လိုလုပ်မလဲ"

"ဆက်ပြီးတော့ ပြေးကြရမှာပဲ၊ မလွတ်တဲ့အဆုံးတော့ ရင်ဆိုင်ကြရမှာပေါ့..."

"သွားကြရအောင်..."

အင်အားချင်း၊ လက်နက်ချင်း မမျှသောကြောင့် အတတ်နိုင်ဆုံး လွတ်လမ်းကို ရှာဖွေကြရတော့သည်။

ဆက်ပြီးတော့ ပြေးခဲ့ရင်း....

"ရှေ့မှာချောက်ကမ်းပါးကြီး..."

သူတို့(၃)ယောက်လုံးအတွက် ပြေးလမ်းက ဆုံးသွားခဲ့ပြီဖြစ်သည်။

"ဟားဟားဟား... ဘယ်ကိုဆက်ပြီးပြေးဖို့ စိတ်ကူးထားကြသေးလဲ"

"သုံးယောက်လုံးလက်တွဲပြီး ချောက်ထဲကို ခုန်ချမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

လည်းရတယ်နော်၊ ကျည်ဆံမကုန်တော့ဘူးပေါ့"

စိုင်းစံဖ၊ ခွန်မိုးစက်၊ ဒေါက်တာမှုခမ်းတို့တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်လိုက်ကြပြီး နောက်ဆုံးဆုံးဖြတ်ချက်တစ်ခုကို ရရတော့မည်ဖြစ်သည်။

"စိုင်းစံဖ..စိုင်းစံဖ.. မင်းက အစ်မဖြစ်တဲ့သူကိုဆန့်ကျင်ချင်တာ ကိုး.. ခုတော့ စိတ်မကောင်းစရာတွေကို မြင်ရတော့မယ်၊ စိတ်မကောင်းပါဘူးကွာ..."

"ခင်ဗျားလိုအစ်မမျိုး ကျုပ်မှာမရှိဘူး၊ တစ်ခုတော့ ခင်ဗျားသိထားပါ၊ ခင်ဗျားဘဝအတွက် ဇာတ်သိမ်းက မကြာခင်မှာ ကြုံရတော့မှာပါ"

"သေခါနီးသွေးရူးသွေးတန်းတွေပြောနေတာကို၊ ထိပ်တင်ခေဒီဘဝမှာ ဘယ်တော့မှ ဇာတ်မသိမ်းဘူးဆိုတာ မင်းမြဲမြဲမှတ်ထားလိုက်"

"မမကြီး.. ကျွန်တော်တို့ အချိန်သိပ်မရတော့ဘူး၊ စခန်းပြောင်းဖို့ကိစ္စတွေရှိသေးတယ်"

"ကဲ... ရှင်းစရာရှိတာ ရှင်းကြတော့"





"ရှောက်.."

"ဒိုင်း..ဒိုင်း...ဒိုင်း.."

"ဟင်...ဟာ.."

သေနတ်သံတွေ ထွက်ပေါ်လာပြီးနောက် စိုင်းစံဖတို့ကို ပစ်မယ့်သူတွေအားလုံး လက်ထဲမှ သေနတ်တွေ မြေပြင်ပေါ်သို့ပြုတ်ကျသွားပြီးနောက်

"ဒေါ်ထိပ်တင်ခေဒီ.. ခင်ဗျားတို့အားလုံး လှုပ်ရှားဖို့မကြိုးစားပါနဲ့တော့၊ ကျုပ်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြီးက ဝိုင်းထားပြီပါပြီ"

"ဘာ.."

"ဟာ.."

"ငါ...ငါ့ကို ဘယ်သူမှ ဖမ်းလို့မရဘူး..မရဘူး.."

"မမကြီး.."

"ဒေါ်ထိပ်တင်ခေဒီ.."

ထိပ်တင်ခေဒီတစ်ယောက် ရူးသွပ်သွားသူတစ်ဦးပမာ ဖြစ်သွားပြီးနောက်....

www.burmeseclassic.com



"ရလို့ဖြစ်ရတာ နင်တို့ကြောင့်၊ နင်တို့ကြောင့်.."

စိုင်းစံဖတို့ဆီကို ပြေးထွက်လာပြီး ဆွန်မိုးစက်ကို တိုက်ရိုက်မို့

ကြီးစားရိုန်တွင်.......

"အား..."

"မမကြီး.."

"ဝုန်း.."

"အား.."

"ဟာ..."

သူ့အရှိန်နှင့်သူ လွန်ပြီး ရေ့ရောက်ကမ်းပါးဆီသို့ ထိုးစိုက်ကျ

သွားတော့သည်။

"မမကြီး..."

မမကြီး ထိပ်တင်ခေဒီ၏ နောက်ဆုံးကံကြမ္မာ ဇာတ်သိမ်း

သွားမှာ လုံးလုံးကြည့်မကောင်းခဲ့ပေ။

"ကဲ..အားလုံးကို လက်ထိတ်ခတ်ပြီးခေါ်ခဲ့ကြတော့"

"ဇော်လတ်..ကျေးဇူးပဲကွာ.."





"စိုင်းရေ..ကျေးဇူးတင်ရမှာက ငါပါကွာ၊ မင်းတို့ကြောင့် ရလို့ မူးယစ်ဆေးဝါးဂိုဏ်းကို ဖမ်းဆီးနိုင်တာပေါ့..သွားကြရအောင်"

"ဟုံး.."

ဆွန်မိုးစက် သက်ပြင်းပူကြီးတစ်ချက်ကို မှုတ်ထုတ်ပြီး မမကြီး အဆုံးသတ်သွားခဲ့သော ရောက်ကမ်းပါးကြီးကို လှည့်ပြီး ကြည့်မိလိုက်တော့သည်။

"ဆွန်ရေ.. သူ့သမိုင်းကြောင်းကို သူကိုယ်တိုင် အဆုံးသတ် သွားပြီလေ.."

ဆွန်မိုးစက် ပခုံးလေးကို ဖက်ပြီး တောကြီးထဲမှ ထွက်လာကြ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# ရောဂါသိမ်းပိုင်း

တစ်ချိန်က ပဒေသရာဇ်စနစ်ကြီးနှင့် ရှေးရိုးစွဲဥပဒေစည်းကမ်းနှင့်တည်ရှိခဲ့သော ကောရာဇ်စံအိမ်ကြီးဟာ အများကြီးပြောင်းလဲခဲ့ပြီဖြစ်သည်။

ကောရာဇ်စံအိမ်ကြီးကို ကောရိုစံအိမ်အဖြစ် အမည်ပြောင်းပေးလိုက်သည်။ ဆိုင်းဘုတ်ကလေးကို တင်လိုက်သည်နှင့်....



www.burmeseclassic.com

www.burmeseclassic.com



"နှိ...နှိ...ဖြောင်း...ဖြောင်း.."

လက်ခုပ်သံတွေ ဩဘာပေးသံတွေနှင့် ဆူညံသွားလေသည်။ အားလုံးမျက်နှာပေါ်တွင် ပျော်ရွှင်ခြင်းများစွာနှင့်တွေ့နေရတော့သည်။

"စိုင်း.."

"ဘာလဲမှုစမ်း.."

"ကေရာဇ်စံအိမ်ကြီးကို မင်းဖြစ်ချင်တဲ့ပုံစံအတိုင်းဖြစ်သွားခဲ့ပြီမဟုတ်လား"

"ဟုတ်တယ်.."

"ကေရာဇ်စံအိမ်ကြီးကနေ ကေရိစံအိမ်ကြီးရဲ့အနာဂတ်ကို မင်းဘယ်လိုဆက်ပြီး တည်ဆောက်မလဲ"

"ဘယ်လို တည်ဆောက်ရမလဲကွ၊ ခုပုံစံအတိုင်း တည်ဆောက်ရမှာပေါ့"

"ဒါဟာ ပြည့်စုံခြင်းမဟုတ်သေးဘူး"

"မင်းပြောတဲ့ပြည့်စုံခြင်းဆိုတာ ဘာကိုဆိုလိုတာလဲ"





"မင်း မသိချင်ယောင်ဆောင်နေတာတော့ မဟုတ်ပါဘူးနော်"

"တကယ့်ကိုမသိတာကွ"

"ဟိုမှာဘယ်သူလဲ"

"ရွှန်းမိုးစက်လေ.."

ကေရိစံအိမ်ကြီးထဲမှ အလုပ်သမားကလေးတွေနှင့် ဆော့ကစားနေသော ရွှန်းမိုးစက်ကို မှုစမ်းပြလိုက်ခြင်းဖြစ်သည်။

"ဟာကွာ.."

"မင်းသဘောပေါက်သွားပါပြီ.. စိုင်း.. ဘဝရဲ့ပြည့်စုံမှုဆိုတာ အဖော်ကောင်းတစ်ယောက်လိုအပ်တယ်နော်.. ရွှန်းမိုးစက်ဟာ မင်း ဘဝအတွက် သိပ်ကိုအလိုအပ်ဆုံး မိန်းကလေးတစ်ဦးပဲ.."

ဒေါက်တာမှုစမ်း စကားကြောင့် စိုင်းစံဖ တွေဝေသွားတာတော့အမှန်၊ ဒါပေမဲ့ ရွှန်းမိုးစက်ကို ဖွင့်ပြောဖို့ကတော့ သူ့မှာ သတ္တိမရှိပေ။

"စိုင်းဘာတွေဝေနေတာလဲ၊ သွားလေကွာ.. ဒီလိုနေက



www.burmeseclassic.com

မင်္ဂလာခန်းဆိုတော့ မင်္ဂလာစကားပြောရမယ်ကွ"

"ငါ..မပြောရဲဘူး.."

"ဘာမှမပူနဲ့၊ မင်းဘက်က ဖွန်မိုးစက်ကို မေးရုံပဲမေးရမှာကွ"

"ဟင်.."

"ငါနဲ့ မမလေးတို့ ကြိုပြီးပြောထားပြီးပြီ..ဖွန်ရေ..."

"ရှင်.."

"ဒီကိုစကာပေ့"

မှုခမ်း.. ဖွန်မိုးစက်ကို လှမ်းပြီးခေါ်လိုက်သံဖြင့် စိုင်းစံဖ ဘာလုပ်ရမှန်းတောင် မသိဖြစ်သွားသည်။

"မှုခမ်း..ငါ..ငါ.. ဘာမေးရမှာလဲ"

"ဟာကွာ..ဒီအထိ သင်ပေးရမလားကွ၊ ကိုယ့်ဘာသာကိုယ် ပြောတော့ သွားပြီ.."

"မှုခမ်း.."

ခေါက်တာမှုခမ်းတစ်ယောက် စိုင်းစံဖ ဘေးနားမှ လက်တလေးပြုပြီးထွက်သွားချိန်တွင် ဖွန်မိုးစက်အနားသို့ရောက်လာခဲ့သည်။





"ကိုစိုင်း..ဖွန်ခေါ်တယ်ဆို.."

"ခြော်..ဟုတ်..ဟုတ်..တယ်.."

"ဘယ်လိုဖြစ်နေတာလဲ၊ စကားတွေက ထစ်ထစ်ငေါ့ငေါ့နဲ့"

"ဘာ..ဘာမှမဖြစ်ပါဘူးကွာ..ဟို..ဟို.."

"ကိုစိုင်း.."

"ဖွန်.."

"ကိုစိုင်းယောက်ျားမဟုတ်ဘူး.."

"ဘာဖြစ်လို့လဲ ဖွန်.."

"ယောက်ျားဆိုတာ သတ္တိရှိရှိ ရဲရဲရင့်ရင့် ပြောရဲဆိုရဲရမှာပေါ့"

"ကိုယ်ပြောချင်ပါတယ်ကွာ၊ ဒါပေမဲ့ ကိုယ်ပြောမယ့်စကားကြောင့် ဖွန် စိတ်ခုသွားမှာကို စိုးရိမ်နေလို့ပါ"

"ကိုစိုင်းပြောမယ့်စကားက ဘယ်လိုစကားမို့လည်း၊ အရင်ပြောကြည့်ပါဦး၊ ပြီးတော့မှ စိတ်ဆိုးသင့် မဆိုးသင့်ကို ဆုံးဖြတ်မယ်"

"ဖွန်..စိတ်မဆိုးဘူးနော်"

"ပြောမယ့်စကားကို နားထောင်ပြီးမှ ဆုံးဖြတ်ပါမယ်လို့ပြော

www.burmeseclassic.com



ထားတယ်လေ"

"ကိုယ် ဖွန်ကို လက်ထပ်ပါရစေ"

"လက်ထပ်ဖို့ဆိုရင်တော့ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ ဖွန်.."

"ရှင့်စကားက လူတစ်ယောက်ဘဝကို ဘာစံစားခွင့်မှ မပေးတာဘဲ တစ်ခါတည်း သိမ်းပိုက်တာကို၊ လူဆိုတာ ရှစ်ခြင်းတစ်ခုပေါ်မှာ ရှင်သန်ရှင်သေးတာပေါ့ ကိုစိုင်းစံဖရယ်.."

ဖွန်မိုးစက်စကားကို စိုင်းစံဖ သဘောပေါက်လိုက်ပြီး...

"တောရီးနော်.."

"ဒီစကားတွေက တောင်းပန်လို့မရဘူး.."

"ကိုယ် တကယ် ဆန္ဒစောသွားခဲ့တာပါ ဖွန်ရယ်.. ကိုယ့်ရဲ့ စိတ်ကူးထဲမှာ ပေဟာဒီ ကေရိစ်အိမ်ကြီးမှာလေ၊ ကိုယ်သိပ်ပြီး ချစ်တဲ့ အဖော်မွန်ကောင်းတစ်ဦးနဲ့ ကမ္ဘာကြီးတစ်ခုကို တည်ဆောက်ချင်သူပါ"

"အဲဒီချစ်သူဆိုတာ ဖွန်လို့ သတ်မှတ်ရမှာပေါ့"





"ဖွန်မိုးစက်ဆိုတဲ့ သခင်မလေးတစ်ပါးပါ"

"သခင်မတွေ၊ သခင်မကြီးတွေဆိုရင်တော့ ရှင့်ကို ချစ်လည်း မချစ်ဘူး၊ လက်လည်းမထပ်နိုင်ဘူး"

"ဖွန်..နေထိုင်ချင်တဲ့ပုံစံမျိုးနဲ့နေပါ"

"တကယ်နော်.."

"တကယ်ပြောပါတာ ဖွန်ရယ်.."

"ဒါဆို ပေဟာဒီက ကေရိစ်အိမ်ကြီးမှာ မိဖုရားခေါင်ကြီးဘဝနဲ့ နေမယ်.."

"နေစေဗျာ.."

"ဖွန်လေ..ပေဟာဒီမှာရှိနေကြတဲ့သူတွေနဲ့ကမ္ဘာသစ်ကလေး တစ်ခုကို တည်ဆောက်ချင်တဲ့ဆန္ဒလေး တကယ်ကို ပြည့်ဝခဲ့ပါပြီ၊ ဒါကြောင့် ကိုစိုင်းကို ကျေးဇူးအရမ်းတင်ပါတယ်"

"ဖွန်.."

"ကိုစိုင်း.."

"ကျေးဇူးတင်ရုံနဲ့ပဲ အပြီးသတ်သွားပြီလား.."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဘယ်လို အပြီးသတ်ရမှာလဲ"

"ကိုယ်ကြားချင်တဲ့ စကားလေးကို ပြောခဲ့ဦးလေ"

"ဟဲ…မေ့သွားလို့ ဒါဆို နားထောင်"

"ဟုတ်ကဲ့…"

ဖွန်မိုးစက်…စိုင်းစံဖ ပါးနားသို့ကပ်ပြီး

"စိုင်းကို ဖွန်သိပ်ကိုချစ်ပါသတဲ့ရှင်…"

"ဟေး…."

"အယ်…ဘာလို့အော်ရတာလဲ၊ ဟိုမှာကြည့်နေတယ်"

"ကြည့်ကြည့်ကွာ… ကေရိစ်အိမ်ကြီးမှာ ဒီနေ့ဟာ မင်္ဂလာအရှိဆုံးနေ့ပဲဟေ့…"

တစ်ယောက်လက်ကို တစ်ယောက် ဆုပ်တိုင်ပြီး အနာဂတ်ဆီသို့ လျှောက်လှမ်းခဲ့ကြတော့သည်။

ပရိသတ်များကိုအစဉ်လေးစားလျက်

ရွှေဘဝင်

---



BURMESE CLASSIC

www.burmeseclassic.com